ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 26 September 2017 (၉၀၅၉)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၅

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပသည့် (၇၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၂၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီ (John F Kennedy) အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယားလေကြောင်းလိုင်းဖြင့် ထွက်ခွာရာ စက်တင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်နှင့် သံရုံးမှ တာဝန်ရှိသူများက အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ကိုရီးယားလေကြောင်းလိုင်းဖြင့် ဆက်လက်ထွက်ခွာလာရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ဒုတိယအကြီးအကဲ H.E. Mr. George Neil Sibley၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Ms. Renata Nicola Lok-Dessallien နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယခုခရီးစဉ်အတွင်း စက်တင်ဘာ ၁၉ ရက်က နယူးယောက်မြို့ရှိ ကုလသမဂ္ဂအထွေထွေရုံးချုပ်၌ ကျင်းပသည့် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၂၀ ရက်တွင် အဆိုပါညီလာခံသို့ တက်ရောက်၍ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားခဲ့သည်။

ထို့အပြင် ဒုတိယသမ္မတသည် ခရီးစဉ်အတွင်း နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် အဖွဲ့ရုံးမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအပေါ် ပြည်သူလူထုက တစ်သားတည်းရှိကြောင်း ထောက်ခံပွဲမှ ပြည်သူများ၏စကားသံများ

ရန်ကုန် စက်တင်ဘာ ၂၅

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ် တစ်သားတည်းရှိကြောင်း ပြသသည့်အနေဖြင့် ပြုလုပ်သည့်ထောက်ခံပွဲကို စက်တင်ဘာ ၂၄ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် ပြည်သူများ စုပေါင်းပြုလုပ်ခဲ့ကြသည်။ (အောက်ပုံ)

စာမျက်နှာ ၇ ကော်လံ ၁ သို့

အကြမ်းဖက်မှုတိုက်ဖျက်ရေးပူးပေါင်းပါဝင်

ယမန်နေ့က "အင်တာနက်ကို အကြမ်းဖက်သမားများအသုံးပြုခြင်းမှ တားဆီးရေး ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန်လို" ခေါင်းစဉ်ပါ ပီတီအိုင်သတင်းတွင် "ဘာသာရေးအစွန်းရောက်အကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နိုင်ရန်အတွက် အင်တာနက်မှ တစ်ဆင့် စည်းရုံးခြင်း၊ အကြမ်းဖက်သမားများထံ ဘဏ္ဍာငွေကြေးထောက်ပံ့ပေးနိုင်ရန် အင်တာနက်ကိုအသုံးပြုခြင်းတို့ မရှိစေရေးအတွက် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း" အိန္ဒိယအထက်တန်းတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားဖော်ပြထားသည်ကို သိရှိလိုက်ရသည်။

အဆိုပါအသိပေးချက်မှာ ယနေ့ကာလနှင့်ကိုက်ညီသည်ဟု ဆိုချင်ပါသည်။ မျက်မှောက်ကာလတွင် အကြမ်းဖက်မှုများ၊ အမုန်းတရားများ၊ အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်အောင် မသမာသူများက ကြိုးပမ်းအားထုတ်ကြရာတွင် အဓိကအသုံးချကိရိယာမှာ အင်တာနက်ကွန်ရက်ပေါ်မှ ဖေ့စ်ဘွတ်၊ ယူကျူ၊ တွစ်တာဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ လက်တွေ့တွင်လည်း နိုင်ငံအများ၌ မသမာသူများက အသုံးချခဲ့သည့် အထောက်အထားများရှိခဲ့သည်ကို တွေ့ရသည်။

ယင်းတို့ကို အသုံးပြုနိုင်သောကြောင့် ယနေ့ကာလတွင် အကြမ်းဖက်မှုများ၊ အဖျက်လုပ်ရပ်များ လျော့နည်းသွားခြင်းမရှိဘဲ ပိုမိုအားကောင်းလာသည်ကိုတွေ့ရသည်။ အဖျက်သမားများမှာ အင်တာနက်ပေါ်၌ အဆိုပါကွန်ရက်များကိုအသုံးပြု၍ အစွန်းရောက်အမြင်များတိုးပွားအောင်ဝါဒဖြန့်ခြင်း၊ အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန်စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ အကြမ်းဖက်သမားများ အသုံးပြုရန်အတွက် ငွေကြေးထောက်ပံ့ခြင်း စသည်တို့ကိုလုပ်ဆောင်ခဲ့ကြသည်။

အကြမ်းဖက်သမားများကို တစ်ကမ္ဘာလုံးက လက်မခံကြသလို အကြမ်းဖက်မှုများကို ရှုတ်ချခြင်း၊ ကာကွယ်ခြင်း၊ တိုက်ဖျက်ခြင်းတို့ကို ပြုလုပ်နေကြသည်။ သို့ရာတွင် အစွန်းရောက်ဝါဒကို နှစ်သက်သောသူများ၊ အကြမ်းဖက်သမားများနှင့် ဆက်နွယ်ပတ်သက်သူများ၊ နိုင်ငံရေး၊ စစ်ရေးအရ အမြတ်ထုတ်လိုသူများက အကြမ်းဖက်သမားများနှင့်ဆက်သွယ်ပြီး အားပေးအားမြှောက်ပြုလုပ်ခြင်း၊ ထောက်ပံ့ကူညီခြင်းများကို အင်တာနက်ကွန်ရက်များကိုအသုံးချ၍ လုပ်ဆောင်လျက်ရှိရာ ယင်းကိုတားဆီးတိုက်ဖျက်ရန် နိုင်ငံအများကတိုက်တွန်းနှိုးဆော်လာကြသည်။

အင်တာနက်အသုံးပြုခြင်းကို တရုတ်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့တွင် နည်းပညာဖြင့် ထိန်းချုပ်ကိုင်တွယ်လျက်ရှိကာ အခြားနိုင်ငံများတွင် လွတ်လပ်စွာအသုံးပြုနိုင်ပြီး ရာဇဝတ်မှုနှင့်ပတ်သက်၍ လိုအပ်မှသာ စိစစ်ရှာဖွေဆောင်ရွက်ခြင်း၊ တုံ့ပြန်တိုက်ဖျက်ခြင်းတို့ကို ပြုလုပ်လေ့ရှိသည်။ အကြမ်းဖက်မှုကိုတုံ့ပြန်ရာတွင် ကမ္ဘာ့နိုင်ငံများမှာ ပထဝီအနေအထားအရလည်းကောင်း၊ ယဉ်ကျေးမှုအရလည်းကောင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ တစ်မျိုးတစ်ဘာသာစီ တုံ့ပြန်လျက်ရှိရာ တစ်ကမ္ဘာလုံးပျံ့နှံ့နေသည့် အကြမ်းဖက်သမားများနှင့်ဆက်နွယ်သူများအား ထိရောက်စွာဟန့်တားနိုင်စွမ်းမရှိသေးချေ။

ထို့ကြောင့် နိုင်ငံများအနေဖြင့် အကြမ်းဖက်သမားများအား တစ်မျိုးတစ်ဘာသာစီ တုံ့ပြန်ခြင်းမပြုဘဲ တူညီသောစံနှုန်းများသတ်မှတ်ကာ လက်တွဲညီညီတုံ့ပြန်ဆောင်ရွက်သင့်ကြောင်း ကုလသမဂ္ဂဌာနချုပ်တွင် စက်တင်ဘာ ၂၄ ရက်က ပြုလုပ်သော အင်တာနက်ကိုအကြမ်းဖက်သမားများ အသုံးပြုခြင်းမှ တားဆီးကာကွယ်ရေးဆွေးနွေးပွဲတွင် တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။ တူညီသောစံနှုန်းများ ချမှတ်ကျင့်သုံး၍ အတူတကွ အရေးယူဆောင်ရွက်ကြရန် တွန်းအားပေးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံကို တည်ဆောက်နေသောကာလတွင် ပြည်သူအားလုံး အင်တာနက်ကို လွတ်လပ်စွာအသုံးပြုခွင့်ရနေသည်။ ထိုသို့ရရှိသောအခွင့်အရေးကို အသုံးချကာ မသမာသူများက ပဋိပက္ခဖြစ်ပွားစေနိုင်သော၊ ဘာသာရေး၊ လူမျိုးရေး အမုန်းတရားများဖြစ်စေနိုင်သော မမှန်မကန်သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်လာကြသည်ကိုတွေ့ရသည်။ မကြာသေးမီက ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်အရေးတွင်မူ အကြမ်းဖက်အဖျက်သမားများနှင့် အားပေးကူညီသူများက အင်တာနက်ကွန်ရက်ကို အဓိကအသုံးပြုခဲ့သည့် အထောက်အထားများရှိခဲ့သည်။

သို့ဖြစ်ရာ အကြမ်းဖက်သမားများအား တိုက်ဖျက်ရေးကို အလေးထားသည့် မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ အင်တာနက်ကို အကြမ်းဖက်သမားများ၊ အဖျက်သမားများ အသုံးပြုခြင်းမှ တားဆီးကာကွယ်ရေးတွင် တူညီသောစံနှုန်းများဖြင့် ပါဝင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

၂၀၁၇ ခုနှစ် ကမ္ဘာ့နားမကြားသူများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

မန္တလေး စက်တင်ဘာ ၂၅

လူမှုဝန်ထမ်းဦးစီးဌာန မြန်မာနားမကြားသူများအဖွဲ့နှင့် မန္တလေးလူထုနေရာတို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ် ကမ္ဘာ့နားမကြားသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၂)လမ်းနှင့် (၃၃)လမ်းကြား (၆၈) လမ်းနှင့် (၆၉) လမ်းကြားရှိ မန္တလေးလူထုနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာ ညီပုလေးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးတင်အောင်က မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။ လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက ကမ္ဘာ့နားမကြားသူများနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းခဲ့သည်။

ထို့နောက် နားမကြားသောကလေးများကျောင်းမှ ကျောင်းသူလေးများက ပုဂံအကဖြင့် ဖျော်ဖြေတင်ဆက်ပြီး မြန်မာနားမကြားသူများအဖွဲ့မှ မရတနာအောင်က နားမကြားသူများ၏ သဘာဝနှင့် ယဉ်ကျေးမှုတို့ကို ရှင်းလင်းတင်ပြကာ နားမကြားလူငယ်များက ခေတ်ပေါ်အကဖြင့် ဖျော်ဖြေတင်ဆက်သည်။ ထို့နောက် ဒေါ်ဆွေဇင်မိုးက နားမကြားသူများ မြန်မာလက်သင်္ကေတဘာသာစကားမှ မြန်မာစာသို့ ကွန်ပျူတာသုံး ဘာသာပြန်သုတေသနအကြောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ နားမကြားသောကလေးများကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်အေးအေးဝင်းနှင့် မြန်မာနားမကြားသူများအဖွဲ့မှ ကိုကျော်ဇင်ဝင်းတို့က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး၊ မန္တလေးတိုင်းဒေသကြီးကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ဥက္ကဋ္ဌ ဦးစိုင်းကျော်ထက်နှင့် အမှုဆောင်များ၊ မသန်စွမ်းသူများအရေး ဆောင်ရွက်လျက်ရှိသော အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းဦးစီးဌာန နားမကြားသောကလေးများကျောင်းမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

(သီဟကိုကို)

ဝန်းသိုမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုများအား စစ်ဆေး

ဝန်းသို စက်တင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်ရှိ ဆေးခင်းခုံကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် ကျေးရွာနေပြည်သူများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကသာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးတိုးကြည် (ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝန်းသိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံပြီး ရေးသွင်းထားသည့် စာရင်းစာအုပ်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားသည့် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးလုပ်ငန်း၊ တစ်ပိုင်တစ်နိုင်ကြက်မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားသည့် စပါးစိုက်ခင်းသို့ လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးတိုးကြည် (ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများသည် ဝန်းသိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ရုံးတွင်းလုပ်ငန်းများနှင့် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှုကို စစ်ဆေးပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

မင်းမြင့်မိုရ်(ငါန်းဇွန်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်(ရွှေဈေး) ၉၃၈၅၀၀ - ၉၃၈၅၀၀ မန္တလေး(ရွှေဈေး) ၉၃၈၅၀၀ - ၉၃၈၅၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၆၉၀/၇၂၀ ကျပ်၊	၇၃၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၇၄၅/၇၇၀ ကျပ်၊	၈၆၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၇၀၀/၇၃၀ ကျပ်၊	၇၆၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၇၁၀/၇၄၀ ကျပ်၊	၇၅၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၅/၆၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၈၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၃၆၀. ၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၆၂၅. ၇
(ဂ)	တရုတ်	တစ်ယွမ်	=	၂၀၆. ၃၄
(ဃ)	ထိုင်း	တစ်ဘတ်	=	၄၁. ၁၁၃
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၂၃. ၉၆
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၀. ၉၈၉
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၂၁၄. ၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၂၀. ၀၂
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၈၂. ၉
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၁၀. ၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး (၁၇)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များညီလာခံသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၅

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် (၁၇) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များညီလာခံသို့တက်ရောက်ခဲ့သည်။

ယင်းညီလာခံသို့ အာရှနှင့် ပစိဖိတ်ဒေသမှ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ဒေသတွင်း တရားစီရင်ရေးလုပ်ငန်းများ တိုးတက်ပြည့်ဝစေရေး၊ တရားစီရင်ရေးလုပ်ငန်းများအပေါ် အများပြည်သူယုံကြည်မှုမြှင့်တင်ရေး၊ တရားရုံး၏ စွမ်းဆောင်နိုင်မှု မြှင့်တင်ရေး၊ မိသားစုဆိုင်ရာ အငြင်းပွားမှုများတွင် တရားရုံး၏ အခန်းကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်စေရေးနှင့် အနာဂတ်တရားစီရင်ရေးအတွက် တရားသူကြီးချုပ်များ၏ အခန်းကဏ္ဍတို့ကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု တရားသူကြီးချုပ်သည် အဆိုပါညီလာခံတွင် တရားရုံးများ၏ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်စေရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုအခြေအနေတို့ကို ပါဝင်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် အဆိုပါခရီးစဉ်အတွင်း ဂျပန်နိုင်ငံ တရားသူကြီးချုပ် The Hon. Itsuro TERADA နှင့်လည်းကောင်း၊ ဂျပန်နိုင်ငံ တရားရေးဝန်ကြီး H.E. Yoko KAMIKAWA နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံ၍ လက်ရှိ တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရှေးဟောင်းအဆောက်အအုံနှင့် သမိုင်းဝင်အမွေအနှစ်ဆိုင်ရာ တည်နေရာမြေပုံများ ရန်ကုန်မြို့တွင်း ၁၅ နေရာ စိုက်ထူ

ရန်ကုန် စက်တင်ဘာ ၂၅

ရှေးဟောင်းအဆောက်အအုံနှင့် သမိုင်းဝင် အမွေအနှစ်ဆိုင်ရာ တည်နေရာ အချက်အလက်များ ပါဝင်သည့် ဧရိယာမြေပုံများကို ရန်ကုန်မြို့တွင်း နေရာ ၁၅ နေရာတွင် စိုက်ထူခဲ့ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ သိရသည်။

အဆိုပါ ဧရိယာမြေပုံများ စိုက်ထူသည့် လုပ်ငန်းစဉ်ကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဆိုင်းဘုတ်များစိုက်ထူခြင်းသည် ရန်ကုန်မြို့နေ ပြည်သူများနှင့် ခရီးသွားဧည့်သည်များအားလုံး သမိုင်းအမွေအနှစ်အဆောက်အအုံများကို ပြန်လည်တန်ဖိုးထားစေရန်၊ မြို့တော်အတွင်း လမ်းလျှောက်သူ လမ်းသွားလမ်းလာများအတွက် သာယာအဆင်ပြေမှုကို ပြန်လည်ထည့်သွင်းစဉ်းစားနိုင်စေရန်၊ ရှုချင်စဖွယ်အနာဂတ်မြို့တော်ပုံရိပ်ကို ဖော်ဆောင်ရန် ရည်ရွယ်ချက်တို့ဖြင့် စိုက်ထူခြင်းဖြစ်ကြောင်း JICA မှ သိရသည်။

ရှေးဟောင်းအဆောက်အအုံနှင့် သမိုင်းဝင်အမွေအနှစ်ဆိုင်ရာ တည်နေရာ အချက်အလက်များပါဝင်သည့် ဧရိယာ မြေပုံဆိုင်းဘုတ်များ စိုက်ထူခြင်းအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် ကျင်းပခဲ့သည်။ **(သတင်း-ဆုနှင်းလဲ့ ဓာတ်ပုံ-စောသိန်းဝင်း)**

(၇)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲတွင် ဆုမဲပေါင်း ၁၂၀၀၀၀ ကျော် ဖွင့်လှစ်ပေးမည်

ရန်ကုန် စက်တင်ဘာ ၂၅

အောက်တိုဘာ ၁ ရက်တွင် ဖွင့်လှစ်မည့် (၇)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲတွင် ဆုမဲပေါင်း ၁၂၀၀၀၀ ကျော် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

(၇)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ထီအရောင်းကိုယ်စားလှယ်များ၏ ထီလက်မှတ်အမှာစာများအတိုင်း ရောင်းချခဲ့ရာတွင် ထီဆုမဲပေါင်း ၁၂၃၂၀၂ ဆု ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ရောင်းချရန်ကျန်ရှိနေသည့် ရောင်းမကုန်ထီအုပ်ရေ ၂၄၁၈၅ အုပ် ရှိနေကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲမှ သိရသည်။

ယင်းသို့ ရောင်းမကုန်ထီလက်မှတ်အုပ်ရေများ ကျန်ရှိနေသည့်အတွက် အောက်တိုဘာ ၁ ရက် တွင် ဖွင့်လှစ်မည့် ထီဖွင့်ပွဲ၌ အဆိုပါ ထီလက်မှတ်များထဲမှ ဆုမဲထွက်ပေါ်လာပါက အခြားသင့်တော်သောဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲမှ သိရသည်။

ယခုလာမည့် (၇)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲတွင် အမြင့်ဆုံးဆု ကျပ်သိန်း တစ်သောင်းအပြင် ဆုတစ်ဆုချင်း ကျပ်သိန်းငါးထောင်ဆု နှစ်ဆု၊ ကျပ်သိန်း သုံးထောင်ဆု သုံးဆု၊ ကျပ်သိန်း တစ်ထောင်ဆု ခြောက်ဆု၊ ကျပ်သိန်း ၅၀၀ ဆု ကိုးဆု၊ ကျပ်သိန်း ၃၀၀ ဆု ၁၁ ဆု၊ ကျပ်သိန်း ၁၀၀ ဆု ကိုးဆု၊ ကျပ်သိန်း ၅၀ ဆု ၁၅ ဆု၊ ကျပ်သိန်း ၃၀ ဆု ၂၁ ဆု၊ ကျပ်ဆယ်သိန်းဆု ၂၅ ဆုနှင့် ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်တွင် ကျပ်သုံးသိန်းဆု ၁၀၀၊ ကျပ်နှစ်သိန်းဆု ၁၀၀၀၊ ကျပ် တစ်သိန်းဆု ၁၂၀၀၀၊ ကျပ်ငါးသောင်းဆု ၁၁၀၀၀၀ ဆု စုစုပေါင်း ဆုမဲအရေအတွက် ၁၂၃၂၀၂ ဆု ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲမှ သိရသည်။ **(၀၀၁)**

နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်ပန်ကြား

နေပြည်တော် စက်တင်ဘာ ၂၅

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် ပြည်သူ့လွှတ်တော်ရုံး ရေးရာဆောင် အမှတ်-၁၂ (I-12) သို့ **အောက်တိုဘာ ၁၅ ရက်(တနင်္ဂနွေနေ့)ထက်မစော၊ အောက်တိုဘာ ၁၆ ရက် (တနင်္လာနေ့) ထက်နောက်မကျစေဘဲ** ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်ပန်ကြား

နေပြည်တော် စက်တင်ဘာ ၂၅

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် 1-19 (အိုင်-၁၉) သို့ **အောက်တိုဘာ ၁၅ ရက်ထက်မစော၊ အောက်တိုဘာ ၁၆ ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားယူဆောင်လာကြရန် ပန်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးခင်သက်ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စစ် ရိုဇီနာ အာမတ်အား ခန့်အပ်ရန် သဘောတူ

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စစ် ရိုဇီနာ အာမတ်အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စစ် ရိုဇီနာ အာမတ်သည် ၁၉၆၅ ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်ပြီး လူမှုသိပ္ပံ နိုင်ငံတကာဆက်ဆံရေးဘွဲ့ကို ၁၉၈၈ ခုနှစ်တွင်လည်းကောင်း၊ မဟာဘွဲ့ကို ၁၉၉၀ ခုနှစ်တွင် လည်းကောင်း ဒါကာတက္ကသိုလ်မှ ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၄ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ထောက်အတွင်းဝန်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ညွှန်ကြားရေးမှူးနှင့် သံတမန်ဌာန ဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ကင်ဘာရာမြို့ရှိ ဘင်္ဂလားဒေ့ရှ် မဟာမင်းကြီးရုံး၌ လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ မော်စကိုမြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံး၌ လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံး၌ လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လမှစ၍ အီတလီနိုင်ငံ မီလန်မြို့၌ ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

မြောက်ကိုရီးယားအား ကြိုတင်လက်ဦးမှုယူ တိုက်ခိုက်ရေး အမေရိကန်ပြည်သူအများစု ဆန့်ကျင်ဟု စစ်တမ်းတွင်ဖော်ပြ

ဝါရှင်တန် စက်တင်ဘာ ၂၅

မြောက်ကိုရီးယားနိုင်ငံအား အမေရိကန်က ကြိုတင်လက်ဦးမှုယူတိုက်ခိုက်ရေးအယူအဆကို အမေရိကန်ပြည်သူအများစုက ဆန့်ကျင်ကြောင်း၊ ချူးကလီးယား အရေးအခင်းကို သမ္မတထရန့်ထက် အမေရိကန်စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များကသာ တာဝန်ယူမှုရှိရှိဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်မည်ဟု အမေရိကန်ပြည်သူအများစုက ယုံကြည်ယူဆကြကြောင်း နောက်ဆုံးထုတ်ပြန်သည့် လူထုသဘောထားဆန္ဒစစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ထုတ်ဝေသော ဝါရှင်တန်ပို့စ် သတင်းစာနှင့် ဩစတြေးလျနိုင်ငံရှိ အေဘီစီရုပ်မြင်သံကြား ဌာနတို့က ပူးတွဲပြုလုပ်သည့် လူထုသဘောထားဆန္ဒစစ်တမ်းတွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

တိုက်ခိုက်သင့်

မြောက်ကိုရီးယားက အမေရိကန် သို့မဟုတ် ယင်း၏မဟာမိတ်နိုင်ငံများက ဦးစွာတိုက်ခိုက်လာမှသာ အမေရိကန်က မြောက်ကိုရီးယားအား စစ်ရေးအရ တိုက်ခိုက်သင့်သည်ဟု စစ်တမ်းတွင် ပါဝင်ဖြေကြားသူ အမေရိကန်နိုင်ငံသား ၆၇ ရာခိုင်နှုန်းက ပြောကြားကြသည်။

မြောက်ကိုရီးယား ပြဿနာနှင့် ပတ်သက်၍ လက်တွေ့ကျကျ ကိုင်တွယ်ဖြေရှင်းပေးနိုင်သူအဖြစ် ထရန့်ထက် အမေရိကန်စစ် ခေါင်းဆောင်များအပေါ် မိမိတို့ယုံကြည်အားကိုးကြောင်း စစ်တမ်းတွင် ပါဝင်ဖြေကြားသူ အမေရိကန်နိုင်ငံသား ၇၂ ရာခိုင်နှုန်းက ပြောကြားကြသည်။ အမေရိကန်သည် မိမိ၏နိုင်ငံ သို့မဟုတ် မိမိ၏မဟာမိတ်နိုင်ငံများအား ကာကွယ်နိုင်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံကို လုံးလုံးလျားလျား တိုက်ခိုက်ဖျက်ဆီးခြင်းမှအပ အခြားရွေးချယ်စရာမရှိကြောင်း သမ္မတထရန့်က ကုလသမဂ္ဂ အထွေထွေညီလာခံ၌ စက်တင်ဘာ ၁၉ ရက်က မိန့်ခွန်းပြောကြားရာတွင် ခြိမ်းခြောက်ပြောကြားခဲ့သည်။

ဖောက်ခွဲဖွယ်

သမ္မတထရန့်၏ ခြိမ်းခြောက်မှုကို တုံ့ပြန်လျက် ပစိဖိတ်သမုဒ္ဒရာအတွင်း ဟိုက်ဒရိုဂျင်ဗုံးတစ်လုံးကို စမ်းသပ်ဖောက်ခွဲဖွယ်ရှိသည်ဟု မြောက်ကိုရီးယားက ပြောကြားခဲ့သည်။

ထိုစဉ်အတွင်း ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုဖြစ်ပေါ်စေမည့် လုပ်ရပ်မှန်သမျှ ရှောင်ရှားကြရန် တရုတ်နိုင်ငံက သက်ဆိုင်ရာနိုင်ငံများအားလုံးကို မေတ္တာရပ်ခံခဲ့သည်။

ရိုက်တာ။

အီးယူ၏ တစ်ခုတည်းသော ဈေးကွက်အတွင်း ဗြိတိန်ရှိနေရေး လေဘာအမတ်များတိုက်တွန်း

လန်ဒန် စက်တင်ဘာ ၂၅

ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ပြီးချိန်တွင် အီးယူ၏ တစ်ခုတည်းသောဈေးကွက်အတွင်း မိမိတို့နိုင်ငံ ဆက်လက်ရှိနေရေးအတွက် ကြိုးပမ်းသွားမည်ဟု လေဘာပါတီခေါင်းဆောင်က ကတိကဝတ်ပြုသင့်ကြောင်း ယင်းပါတီမှ အမတ်များက တိုက်တွန်းလိုက်ကြသည်။

အတိုက်အခံလေဘာပါတီ၏ နှစ်ပတ်လည်ပါတီညီလာခံ စတင်ကျင်းပချိန်၌ လေဘာပါတီမှ အမတ်များနှင့် အလုပ်သမားသမဂ္ဂခေါင်းဆောင်များက ပါတီခေါင်းဆောင်ထံ လိပ်မူလျက် အိတ်ဖွင့်ပေးစာ တစ်စောင်ပေးပို့ရာတွင် အထက်ပါအတိုင်း ဖော်ပြထားခြင်း ဖြစ်သည်။

၂၀၁၉ မတ်လတွင် အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ပြီးချိန် အသွင်ကူးပြောင်းရေးကာလအတောအတွင်း ဥရောပ၏ တစ်ခုတည်းသောဈေးကွက်တွင် မိမိတို့နိုင်ငံ ဆက်လက်ရှိနေစေရေး သဘောထားရပ်တည်ချက်ကို လေဘာပါတီခေါင်းဆောင် ဂျာရမီကော်ဘင်ကိုင်စွဲသင့်ကြောင်း အဆိုပါစာတွင် ရေးသားဖော်ပြထားသည်။

အီးယူမှ ဗြိတိန်နုတ်ထွက်ရန် ပြည်သူ့ဆန္ဒခံယူပွဲတွင် နှာတစ်ဖျားဖြင့် ထောက်ခံမဲအသာရရှိခဲ့ပြီး ယင်းပြည်သူ့ဆန္ဒခံယူပွဲရလဒ်ကို အကြောင်းပြု၍ ဝန်ကြီးချုပ်ထရီစာမေ၏ အစိုးရအဖွဲ့က အီးယူမှ ဗြိတိန်နုတ်ထွက်ရေးကို ဆောင်ရွက်နေခြင်းသည် မိမိတို့၏နိုင်ငံ အကျိုးပျက်စီးရာ ပျက်စီးကြောင်းဖြစ်သည်ဟု အတိုက်အခံ လေဘာပါတီအမတ်များက ဝေဖန်ကြသည်။

သို့ဖြစ်၍ အီးယူ၏ တစ်ခုတည်းသော ဈေးကွက်အတွင်း ဗြိတိန်နိုင်ငံ ဆက်လက်ရှိနေစေရေး၊ အကောက်ခွန်သမဂ္ဂအတွင်း ဗြိတိန်နိုင်ငံ ဆက်လက်ရှိနေစေရေးတို့အတွက် လေဘာပါတီက ကြိုးပမ်းဆောင်ရွက်ရန် မိမိတို့တိုက်တွန်းကြောင်း အဆိုပါစာတွင် ရေးသားဖော်ပြထားသည်။ **ရိုက်တာ။**

အိန္ဒိယယဉ်ကျေးမှုဆိုင်ရာစာအုပ်များ ဘူတာရုံရှိ ဈေးဆိုင်များတွင် ရောင်းချပေးမည်

နယူးဒေလီ စက်တင်ဘာ ၂၅

အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုနှင့် အကျင့်စာရိတ္တတို့ကို ရေးသားဖော်ပြသည့် စာအုပ်စာတမ်းများကို ရထားဇုန်နယ်မြေအားလုံးရှိ ဘူတာရုံ ပလက်ဖောင်းများပေါ် ဖွင့်လှစ်ထားသော ဆိုင်များတွင် ခင်းကျင်းပြသရောင်းချပေးရန် ရထားလုပ်ငန်းဘုတ်အဖွဲ့က ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

တာဝန်ယူ

ဘူတာရုံပလက်ဖောင်းမျက်နှာစာတွင် ခင်းကျင်းရောင်းချသော ဆိုင်ကနားများ၌ အိန္ဒိယယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရားတို့ကို ဖော်ပြထားသည့် စာအုပ်များကို ဆိုင်ရှင်များက မဖြစ်မနေရောင်းချပေးရေးအတွက် ရထားဇုန်နယ်မြေများအလိုက် တာဝန်ယူရသည့် အထွေထွေမန်နေဂျာများက ကြီးကြပ်ဆောင်ရွက်သွားရန် ရထားလုပ်ငန်းဘုတ်အဖွဲ့က ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းဆိုင်ရာ ညွှန်ကြားလွှာ ထုတ်ပြန်ခဲ့သည် ဆို၏။

ပီတီအိုင်။

(၃၈)ကြိမ်မြောက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနေ့ နီပေါနိုင်ငံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ခတ္တမန္ဒူ စက်တင်ဘာ ၂၅

(၃၈)ကြိမ်မြောက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို နီပေါနိုင်ငံတစ်ဝန်းတွင် စက်တင်ဘာ ၂၅ ရက်က ကျင်းပခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို ရက်အနည်းငယ် ကြိုတင်ကာ နီပေါနိုင်ငံတွင် ကျင်းပခြင်းဖြစ်သည်။ နီပေါနိုင်ငံတွင် ကျင်းပသည့် အကြီးမားဆုံး ဘာသာရေးပွဲတော်ဖြစ်သည့် ဒါရှန်ပွဲတော်နှင့် တိုက်ဆိုင်နေသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားများကို စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပခြင်းဖြစ်သည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အထိမ်းအမှတ်အဖြစ် မြို့တော်ခတ္တမန္ဒူတွင် စီတန်းလှည့်လည်ပွဲ ကျင်းပရာတွင် အခမ်းအနားသို့ နီပေါနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းဝန်ကြီးဌာန၊ နီပေါခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့၊ ခရီးသွားလုပ်ငန်းဆိုင်ရာ စွန့်ဦးတီထွင်သူများနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်နေသည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယခုနှစ်ကုန်ပိုင်းအထိ နီပေါနိုင်ငံသို့ ခရီးသွားဧည့်သည်ဦးရေ တစ်သန်းခန့်ထိ လာရောက်မည်ဟု မျှော်လင့်ကြောင်း အဆိုပါ အခမ်းအနားကို စီစဉ်ကျင်းပသည့် နီပေါနိုင်ငံအစိုးရ ခရီးသွားလုပ်ငန်းဝန်ကြီး မဟီနိုမာနီ အပ်နေးက ပြောကြားသည်။

အိမ်နီးချင်းနိုင်ငံကြီး နှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနှင့်တရုတ်နိုင်ငံတို့မှ ခရီးသွားများ ပိုမိုလာရောက်ရေးအတွက် ဆွဲဆောင်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ နီပေါနိုင်ငံအစိုးရသည် ၂၀၂၀ ပြည့်နှစ်တွင် နီပေါခရီးသွားနှစ် ကျင်းပရန် ရည်မှန်းချက်ထားရှိပြီး ယင်းနှစ်အရောက်တွင် နီပေါနိုင်ငံသို့ ခရီးသွားဦးရေ နှစ်စဉ်နှစ်သန်းအထိ ဝင်ရောက်ရေးအတွက် ဆွဲဆောင်သွားမည်ဖြစ်သည်။

ဆင်ဟွာ။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦးအပါအဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖွဲ့ဝင် ၁၁ ဦး တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော အဆိုပြုလွှာများ၊ အတည်ပြုမိန့် လျှောက်ထားလွှာများအားစိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၃/၂၀၁၇) အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုမိန့်ခြောက်ခုနှင့် အတည်ပြုမိန့် သုံးခု ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၅
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သက်ကြီးရွယ်အို များ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာဧည့်ခန်းမ၌ မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မသန်စွမ်းသူများနှင့်စပ်လျဉ်းပြီး ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။**(ဝဲပုံ)**

ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းသူများဆိုင်ရာ ဥပဒေကို ၂၀၁၅ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေနှင့်မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီတို့ကို ထုတ်ပြန်ရန်အတွက် အဆင်သင့် ဖြစ်နေပြီဖြစ်ပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများကို အသုံးပြုပြီး ဆောင်ရွက်ရာတွင် မသန်စွမ်းသူများနှင့်ပတ်သက်၍လည်း ဦးစားပေးထည့်သွင်း အလေးပေးဆောင်ရွက်ပေးနေပါကြောင်း၊ နည်းဥပဒေ ပေါ်ပေါက်လာ ပြီဖြစ်၍ အမျိုးသားကော်မတီ၏ ဦးဆောင် ညှိနှိုင်းဆောင်ရွက်မှုဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေး များကို အပြည့်အဝဖော်ဆောင်ပေးရန် ပိုမိုကောင်းမွန် သော ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မသန်စွမ်းသူများနှင့်ပတ်သက်ပြီး ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ အခြားဆက်စပ်ဝန်ကြီးဌာနများကလည်း ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် ပြည်သူအားလုံး ကလည်း မသန်စွမ်းသူများ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုး တိုးတက်မှု၊ ပြန်လည်ထူထောင်ရေး လိုအပ်မှုတို့ကို သဘောပေါက်လျက် ပါဝင်ဖြည့်ဆည်း ကြိုးပမ်းဆောင်ရွက် ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမသန်စွမ်းသူများ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်နှင့် အတွင်းရေးမှူး ဦးမြတ်သူဝင်း တို့က မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်၏ တစ်နှစ်တာ ဆောင်ရွက်ခဲ့မှု အခြေအနေ၊ မသန်စွမ်းသူများဆိုင်ရာ ဥပဒေ(၂၀၁၅)ပါ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီ အစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အမှုဆောင်သစ်များ အပြီးသတ်ရွေးချယ်သွားမည်

ရန်ကုန် စက်တင်ဘာ ၂၅
မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်သစ်များကို စက်တင်ဘာ ၂၆ ရက်တွင် အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှ သိရသည်။

အမှုဆောင်သစ်ရွေးချယ်ရန် ရုပ်ရှင်လောကသားများ၏ ဆန္ဒမဲပေးခြင်းကို စက်တင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဗဟန်းမြို့နယ် ဝက်ဘာလမ်းရှိ ရုပ်ရှင်အစည်းအရုံး၌ကျင်းပခဲ့ပြီး အလွှာအသီးသီးမှ ဆန္ဒမဲများပေးခဲ့ကြရာ အလွှာအသီးသီးမှ ကိုယ်စားပြုသူ ၂၀ အား ဆန်ခါတင်ရွေးချယ်ခဲ့ကြောင်း သိရသည်။

"အစည်းအရုံးဥက္ကဋ္ဌက ကိုခန့် မဟုတ်သေးဘူး။ သူကအလွှာရဲ့ဥက္ကဋ္ဌပဲ ဖြစ်သေးတာ။ အခြေခံအဖွဲ့တွေကနေ ရွေးတာပဲရှိသေးတာ။ အဲဒီကနေ နှစ်ယောက်စီတက်ပြီးတော့ အပေါ်မှာ ဥက္ကဋ္ဌပြန်ရွေးရဦးမယ်။ အဲဒါကိုတော့ တံခါးပိတ်ပြီး နာယကကြီးတွေက လျှို့ဝှက်မဲဆန္ဒပေးပြီးပြန်ဆုံးဖြတ်မှာပါ" ဟု အစည်းအရုံး ဥက္ကဋ္ဌရာထူးကို သရုပ်ဆောင် ခန့်စည်သူကရရှိသွားကြောင်း လတ်တလောထွက်ရှိနေသည့် သတင်းများအပေါ် အစည်းအရုံးဒု-ဥက္ကဋ္ဌ ဦးအေးကြူလေးက ရှင်းလင်းပြောကြားသည်။

ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်သစ်များ နောက်ဆုံးအဆင့် ရွေးချယ်ရန် နာယကကြီး ၁၀ ဦးဖြင့်ဖွဲ့စည်းထားသည်။ ယင်းအဖွဲ့တွင် ရွေးကောက်ပွဲကော်မရှင်မှ နာယကကြီးများ၊ ကော်မရှင်ပြင်ပမှ နာယက ကြီးများပါဝင်ပြီး အခြေခံအဆင့်မှ ရွေးချယ်ပေးထားသည့် ဆန်ခါတင် ၂၀ အနက် ဥက္ကဋ္ဌ တစ်ဦး၊ ဒု-ဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက် အတွင်းရေးမှူး နှစ်ဦး၊ စည်းရုံးရေးမှူး၊ ဘဏ္ဍာရေးမှူး စသည်ဖြင့် အဖွဲ့အသီးသီးကို ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အလွှာအားလုံးဆိုရင် အယောက် ၂၀ တက်လာတယ်။ အဲဒီအယောက် ၂၀ ထဲက ပြန်ခွဲရမှာ။ စက်တင်ဘာ ၂၆ ရက် မနက်ပိုင်း ပြန်ရွေးမယ်။ ဥက္ကဋ္ဌလုပ်ချင်တဲ့ သူတွေဆိုရင် သူတို့လုပ်ချင်တဲ့ အရာလေးတွေကို စာလေးတွေ ရေးပြီး ပို့ရမယ်။ အဲဒါကိုလျှို့ဝှက်မဲနဲ့ ပြန်ခွဲရမှာပါ။ ဥက္ကဋ္ဌဖြစ်ချင်တယ်လို့ အဆိုပြုသူ နှစ်ယောက်ရှိရင် မဲနဲ့ပြန်ဆုံးဖြတ်ရမယ်။ တစ်ယောက်တည်း တင်ထားပြီး ကျန်တဲ့သူတွေကမတင်ဘူးဆိုရင် တင်ထားတဲ့တစ်ယောက်ကိုပဲ ရွေးရမှာပေ့ါ။ အဲဒီအယောက် ၂၀ ထဲက ဘယ်သူက ဘာလုပ်မယ်ဆိုတာ မသိသေးဘူး။ သူတို့ ဖြစ်ချင်တာကိုစာရေးပြီးတင်ရမယ်။ အဲဒီလိုတင်ထားတာတွေ ကို နာယကကြီးတွေက ပြန်ရွေးချယ်ပြီး မဲခွဲဆုံးဖြတ်မှာပါ"ဟု ရုပ်ရှင်အစည်းအရုံး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နာယကကြီး ဦးနှင်းမိုးက ပြောသည်။

စက်တင်ဘာ ၂၄ ရက်တွင် ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ချက် အရ သရုပ်ဆောင်အလွှာမှ ဇင်ဝိုင်းနှင့် ခန့်စည်သူ နှစ်ဦးတက်လာပြီး၊ မဲရလဒ် များအရ ခန့်စည်သူက မဲအသာရထားသည်။ ဒါရိုက်တာအခြေခံအလွှာမှ ညီညီထွန်းလွင်နှင့် ဇော်မြင့်ဦး၊ စက်မှုအခြေခံအလွှာမှ ဦးကျော်ညွန့်နှင့် ဦးသားကျော်၊ ဇာတ်လမ်းဇာတ်ညွှန်း အခြေခံအလွှာမှ ဦးအေးကြူလေးနှင့် ဦးတင်ထွန်းအောင်၊ ဗီဒီယိုအခြေခံအလွှာမှ ဦးဝင်းနိုင်နှင့် ဦးနေထူးနိုင်တို့ ရွေးကောက်ခံထားရပြီး အစည်းအရုံးဥက္ကဋ္ဌ နေရာအတွက် တရားဝင်ရွေးချယ် ခြင်းမပြုလုပ်ရသေးကြောင်း သိရသည်။

ခင်ဇာလီ

အစည်းအဝေးများနှင့်စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်းပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅
ဖိလစ်ပိုင်နိုင်ငံ TAGAYTAY မြို့၌ စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက် အထိကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် (ASCC)ဝန်ကြီးအဆင့် အစည်းအဝေး နှင့် (၂၃)ကြိမ်မြောက် အဆင့်မြင့် အရာရှိကြီးများအဆင့် (SOCA) အစည်းအဝေးတို့သို့ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နှင့်အဖွဲ့တက်ရောက်ခဲ့မှုနှင့် စပ်လျဉ်း ၍ တွေ့ဆုံရှင်းလင်းပွဲ အခမ်းအနားကို နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ယနေ့တွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီးက ASCC ၏ 2025 Vision တွင် Cross-cutting Issues များ၊ Cross-pillar Issues များ ပါဝင် သည့်အတွက် ဆက်စပ်ဝန်ကြီးဌာန များအနေဖြင့် ရှေ့ဆက်ပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် တည်ထောင်ပြီး ခဲ့သော အာဆီယံအသိုက်အဝန်းသည် အစိုးရအဖွဲ့အစည်းများသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်ရမည့် အသိုက် အဝန်း ဖြစ်လာခဲ့သည့်အတွက် ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် ASCC Blue Print 2025 ၏ စောင့်ကြည့်လေ့လာ အကဲဖြတ်မှု မူဘောင်ပါလုပ်ငန်းများ၏ ဖွံ့ဖြိုး တိုးတက်မှုကို စဉ်ဆက်မပြတ် မှတ်တမ်းတင်ထားရမည် ဖြစ်ပါ ကြောင်း၊ သို့မှသာ ASCC Blue Print 2025 ပါ လုပ်ငန်းများ၏ ညွှန်းကိန်းများကို ချမှတ်နိုင်မည် ဖြစ်ပါကြောင်း၊ ASCC Blue Print 2025 ၏ သွင်ပြင်လက္ခဏာ(၅)ရပ်နှင့် အကောင်အထည်ဖော်ဆောင်ရွက် ရမည့် မဟာဗျူဟာလုပ်ငန်းများကို မိမိတို့ကဏ္ဍအလိုက်ခွဲဝေ၍ အတူ တကွ ပူးပေါင်းဆောင်ရွက်သွားကြ ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ်(မန္တလေး) မှ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သော အစည်းအဝေးတွင် အာဆီယံအသိုက် အဝန်း မဏ္ဍိုင်(၃)ခုမှ ပြုလုပ်ခဲ့သည့် အစည်းအဝေးများနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ၊ ကျင်းပပြီးစီးခဲ့သည့် (၂၂)ကြိမ်မြောက် အဆင့်မြင့်အရာရှိ ကြီးများအစည်းအဝေးမှ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက် အဝန်းအခြေပြမြေပုံပါ လုပ်ငန်းစဉ် များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား သည်။

ထို့နောက် တက်ရောက်လာကြ သော ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့ကဏ္ဍ အလိုက် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်း များကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေနေနှင့် စာပေနုနု

ဦးဟန်ညွန့်(ဥပဒေ)



ဆောင်းပါးခေါင်းစဉ်

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ် ဆရာ့ဆောင်းပါးခေါင်းစဉ်ကဘာလဲ"

"ရွှေနေနှင့် စာပေနုနု ပါ"

"ဘာအဓိပ္ပာယ်လဲဆရာ"

"ဩော်. . . " ကျွန်တော်ဘာပြောရပါ့။

ရွှေနေသည် သီးခြားလူတန်းစားလော

ရွှေနေသည် သီးခြားလူတန်းစားလော။ လူတွေနှင့် ဝေးကွာသလော။ ဘဝကို မေ့သူလော။ ဆင်းရဲခြင်းလွတ်ကင်းသလော။ ချမ်းသာခြင်းနှင့် အမြဲပြည့်စုံသူလား။ အချစ်မရှိဘူးလား။ အမုန်းမရှိဘူးလား။ ဥပဒေသမားမို့ ဥပဒေဘာသာရပ်ကြီးကိုသာ ခုံမင်စွဲမက်နေမည်လော။ ဥပဒေစည်း၊ စာပေစည်း ခွဲခြားထားမည်လော။ ရွှေနေနှင့် စာပေ မသက်ဆိုင်ဘူးလား။ ရွှေနေမှာလည်း အသည်းနှင့်ပါဟု လျှောက်လဲချက်ပေးချင်သေးသည်။ ရွှေနေလည်း ချစ်တတ်ပါသည်။ ရွှေနေလည်း လွမ်းတတ်ပါသည်၊ ရွှေနေလည်း ခံစားတတ်ပါသည်။ ထို့ကြောင့် စာပေအဖွဲ့အနွဲ့တွေ၊ ရသခံစားမှုတွေကြားမှာ ထိုရွှေနေရောက်နေခြင်းဖြစ်ပါသည်။ ပုဒ်ထီး ပုဒ်မတွေကြားမှာ ရွှေနေ အမြဲရှိသလို စာအုပ်စာပေ၊ ဝတ္ထုတွေ၊ ကဗျာတွေ၊ အချစ်တွေ၊ အမုန်းတွေ၊ ဂီတတွေကြားမှာ ရွှေနေ အမြဲရှိနေတတ်ပေသည်။ ရှာဖွေလေ တွေ့ရှိလေ. . . ။ ဤသို့ကျွန်တော် ဖြေပါရစေ။

ကျွန်တော် အိုင်စီအက်စ်

"သရေစည်သူဘွဲ့"၊ "မဟာသရေစည်သူဘွဲ့" များ ချီးမြှင့်ခံရပြီး ဝါသနာက အနုပညာ၊ လုပ်ချင်တာက နိုင်ငံရေး၊ အကျိုးပေးက အုပ်ချုပ်ရေး၊ ပင်ကိုဝါသနာက တခြား၊ လုပ်ချင်ဖြစ်ချင်တဲ့ဆန္ဒက တစ်မျိုး၊ အကျိုးပေးဖြစ်တာတစ်ဖုံ၊ လူတစ်ယောက်တည်းမှာ သုံးမျိုး ဆုံနေတော့သည်။ သူကား အိုင်စီအက်စ် ဦးချမ်းသာဖြစ်သည်။ (ဆရာကြီး၏ စာအုပ်မျက်နှာဖုံး တင်ပြထားပါသည်။)

အိုင်စီအက်စ်လောက၌ သိပ္ပံမောင်ဝ (ခေါ်) ဦးစိန်တင်သည် စာရေးဆရာအဖြစ် ဦးချမ်းသာထက် ပိုမိုဝါကြီး၍ ထင်ရှားခဲ့၏။ ဦးစိန်တင်သည် "အောက်စဖို့ဒ်တက္ကသိုလ်မှတ်တမ်း" နှင့် သူ၏ အုပ်ချုပ်ရေးအတွေ့အကြုံများကို မောင်လူအေးဝတ္ထုများ၌ ဖော်ပြခဲ့သည်။

လက်ျာစံထား ကလောင်အမည်နှင့် မေတ္တာနှင့် သစ္စာ၊ စာရိတ္တဂုဏ်ရည်၊ လူ့ဂုဏ်ရည်၊ အနုပညာဂုဏ်ရည်၊ စာဆိုတော် ဦးချမ်းသာအမည်နှင့် ရတုစပ်ဆိုနည်း၊ မင်္ဂလာမော်ကွန်း၊ ရတုပဒေသာများ ရေးခဲ့ပါသည်။

တရားဝန်ကြီးချုပ် ဦးသိမ်းမောင်၏ဈာပန

တစ်နေ့သောအခါ တရားလွှတ်တော်ချုပ် တရားဝန်ကြီးချုပ် ဦးသိမ်းမောင်၏ ဈာပနတွင် နာမည်ကျော် ကလောင်ရှင် ဦးသိန်းဖေမြင့်နှင့် ဆရာကြီး တွေ့ခဲ့သည်။ အိုင်စီအက်စ်ကြီး၊ ခုဘာစာရေးနေသလဲဟုမေးသည်။ ကျွန်တော် အိုင်စီအက်စ်အမည်နှင့် စာအုပ်ရေးနေကြောင်း ပြန်ပြောသည်။ သို့နှင့်ပင် အသက်(၇၀)လောက်မှာ ရေးပြီးသော်လည်း ငေးဆဲတွေးဆဲ။ သို့နှင့်ပင် ယခု အသက်(၈၀)သို့ နီးကပ်လာလေပြီ (စာ-၁၅)ဟု ဖော်ပြရေးသားထားသည်။ အသက်ကြီးသော်လည်း စာပေနှင့် မဝေးသူပါတကား။

ပင်နီရင်ဖုံး

ဘုရင်ခံ၏နေ့လယ်စာစားပွဲသို့ ပင်နီရင်ဖုံး၊ ပုဆိုးတောင်ရှည်၊ ခေါင်းပေါင်းနှင့်တက်ခဲ့၍ ဘုရင်ခံက နှုတ်ဆက်ရုံပဲနှုတ်ဆက်ပြီး စကားမပြောဘဲ ထားခြင်းခံရသည်။ တောတက်သည့် အခါမှလွဲ၍ ရုံးခန်းတွင်လည်းကောင်း၊ တရားခွင်တွင်လည်းကောင်း မြန်မာအဝတ်အစား အပြည့်အစုံကို အမြဲဝတ်ပြီးမှ တက်လေ့ရှိသော ဆရာကြီး အိုင်စီအက်စ်ဦးချမ်းသာ။ (စာ-၉)

ဆရာကြီး၏ အရေးအသား

မင်းဘူးမည်ရှိ ရပ်သီရို၊ ရန်ကုန်တက္ကသိုလ်၊ အိုင်စီအက်စ်အစမ်းခန့်၊ အောက်စ်ဖို့ဒ်သို့ ရောက်ပြီ၊ ဘိလပ်ကလျှေပြိုင်ပွဲများ၊ စစ်ကိုင်းတိုင်းချီးမွမ်းခန်း၊ မဟာမန္တလေး၊ မြစ်ဝကျွန်းပေါ် ရှုခင်း၊ ပဲခူးမှာတစ်ခါကြုံတယ်၊ စစ်ပြေးဘဝသို့၊ ဂျပန်ခေတ် ခရိုင်ဝန်၊ မင်းဘူးအရေးပိုင်၊ အင်္ဂလိပ်ပြန်လာချိန်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ၊ လွတ်လပ်ပြီ၊ လွတ်လပ်ပြီ၊ တို့ပြည်လွတ်လပ်ပြီ စသည်များ ဆရာကြီးရေးခဲ့သည်။ ဆရာကြီး၏ ရေးဟန်က သွက်သည်၊ လက်သည်။ ခရိုင်ဝန်မို့၊ အရေးပိုင်မို့ခန့်ခန့်ကြီးမဟုတ်။ သန့်သန့်ကြီးမနေ။ လူထုနှင့် မကင်းကွာ။ ကျေးရွာရနံ့သင်းပျံ့လျက်။ အိုင်စီအက်စ်ဆိုတာ ဘာလဲကွဟု ပြောပြနေသယောင်။ (ကျွန်တော်တို့လူငယ်ရွှေနေတွေ လေ့လာသင့်ကြ။ နမူနာယူသင့်ကြ။ ဆရာကြီး၏အရေးအသား အလွတ်ကျက်ရတော့မလို၊ ပိုသည်ဟု ပြောကြမည်လား။ ကျွန်တော်ခံစားမိသည်ကတော့ အမှန်၊ ရွှေနေနှင့် စာပေ ဆက်စပ်နေသော သာဓကတွေပါလေ။)

ဆယ်ပါးသီလ

အိုင်စီအက်စ်၏ ဆယ်ပါးသီလအကြောင်း ဆရာကြီး၏စာအုပ်ထဲမှာ အောက်ပါအတိုင်း ဖော်ပြရေးသားခဲ့သည်ပါ။ ယနေ့လူငယ်တို့ သိကြပါသလား။ ရှုပါဦး။

(၁) သစ္စာရှိစွာဖြင့် အလုပ်တာဝန်ကို ကျေပွန်စွာလုပ်ပါမည်။

(၂) လာဘ်မစားဘဲ လုပ်ပါမည်။

(၃) ကူးသန်းရောင်းဝယ်ရေးနှင့် အခြားပြင်ပအလုပ် မလုပ်ပါ။

(၄) အစိုးရကလွှဲအပ်ထားသော ပစ္စည်းများကို အလွဲသုံးစားလုပ်ခြင်း၊ ကိုယ်ကျိုးအတွက် သုံးခြင်းမှ ရှောင်ပါမည်။

(၅) အစိုးရငွေစာရင်းကို တိကျမှန်ကန်စွာထား၍ လိမ်လည်ခြင်းမလုပ်ပါ။

(၆) အစိုးရ၏ လျှို့ဝှက်သောကိစ္စကို ခွင့်မပြုဘဲ အခြားသူကို မပြောပါ။

(၇) အိုနာစာရန်ပုံငွေကို သတ်မှတ်သည့်အတိုင်း လစာမှ ထည့်သွင်းပါမည်။

(၈) ဘယ်နေ့အလုပ်စသည်။

(၉) ပို့သည့်နေရာသွားရောက်အမှုထမ်းပါမည်။

(၁၀) အလုပ်ကို အမြန်ဆုံးဝင်ရောက်လုပ်ကိုင်ပါမည်။ စသည်ဖြင့် ကတိပဋိညာဉ်စာချုပ်ရေး၍ လက်မှတ်ထိုးရသည်။ (စာ-၄၂၁)

စာအုပ်ဈေး စာအုပ်တိုက်

ကျွန်တော်အိုင်စီအက်စ်ဦးချမ်းသာစာအုပ်ကို ပထမအကြိမ် ၁၉၈၈ ခုနှစ်တွင် မြဝတီစာစဉ်၊ ဒုတိယအကြိမ် စာအုပ်ဈေးစာအုပ်တိုက်က ၂၀၁၁ ခုနှစ်တွင် ရိုက်နှိပ်သည်။ ရှားပါးစပြုပြီ။ အုပ်ချုပ်ရေးသမား၊ ဥပဒေသမား၊ စာပေသမားများ လေ့လာနိုင်ကြသည်။ အကဲဖြတ်နိုင်ကြသည်။

ဦးသန့်လက်ရွေးစင်စာများ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ လက်ရွေးစင်စာများ စာအုပ် (ဆရာကြီး ဦးသော်ကောင်းနှင့် မောင်ဇေယျာစီစဉ်သည်။) ကို လောကအလင်းစာအုပ်တိုက်က ထုတ်ဝေသည်။ ၂၀၀၉ ခုနှစ်၊ စာပေနုနုနှင့် ပတ်သက်နေပြန်သည်။

အဆိုပါစာအုပ်တွင်လည်း ၁၉၃၃ ခုနှစ်အတွင်း မြန်မာစာပေအကြောင်းကို အောက်ပါအတိုင်း သုံးသပ်သည်-

"ရှေးအခါက မြန်မာစာအုပ်ကောင်းဟူ၍ မည်မည်ရရရှိသည်မှာ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ ဘာသာရေးကျမ်းများနှင့် ပြဇာတ်စာအုပ်ငယ်အချို့ကိုသာ တွေ့နိုင်ပေသည်။ ယခုခေတ်သစ်မှာမူကား ရာဇဝင်၊ ပထဝီဝင်၊ ဇနပဒ၊ တိုင်းရေးပြည်ရေး၊ လောကဓာတ်ပညာ စသော ဘာသာတို့နှင့် စပ်လျဉ်းသော စာအုပ်ကောင်းများ ပေါ်ပေါက်လာပေသည်။"

"ဦးဖိုးစိန်ကြီး အလွမ်းကောင်းသဖြင့် ကြည့်ရှုသူအများမှာ မလွမ်းဘဲမနေနိုင်သကဲ့သို့ ထိုစာအုပ်၏ အဆွဲအငင်ကောင်းခြင်းကြောင့် ဖတ်ရှုသူများမှာ စိတ်မကြွဘဲမနေနိုင်။ ထိုစာအုပ်သည် အလွန်ကောင်းပေ၏။ ကောင်းပါပေ၏။ ဟူ၍သာ ဆိုနိုင်တော့သည်. . . တဲ့။

စာပေစကား

ဦးသန့်၏ စာပေစကားဆောင်းပါးတွင် "ကျွန်တော်တို့ မြန်မာနိုင်ငံတွင် လူအတော်များများက ယူဆနေသော အချက်တစ်ရပ်မှာ ဝတ္ထုရေးရန်အတွက် ထူးထူးခြားခြား အရည်အချင်းရှိရန်မလို။ လုံလုံလောက်လောက်အချိန်ယူ၍ အင်အားစိုက်ထုတ်ရေးလျှင် ဖြစ်နိုင်သည်ဟူ၍ ဖြစ်၏။ စင်စစ် ဤအယူအဆများယွင်းပေသည်။"

"စာရေးဆရာကြီး ပီမိုးနင်းအား အတုယူ၍ ရေးသားသူများစွာရှိသော်လည်း ပီမိုးနင်း၏ ထူးခြားသော ကိုယ်ပိုင်ဟန်ကို ရအောင်ယူနိုင်သူမရှိချေ။ ဝတ္ထုရေးလိုသောသူသည် ဤသို့ ထူးခြားသော ကိုယ်ပိုင်ဟန်မျိုးကို ရရှိပိုင်နိုင်တိုးတက်လာအောင် ကြိုးပမ်းအားထုတ်သင့်သည်ဟု ကျွန်တော်ထင်မြင်ပါသည်။" (စာ-၁၀၅)ဟု ရေးခဲ့သည်။ ယနေ့လူငယ်တို့ မှတ်သားဖွယ်။

ဆောင်းပါး

ဦးသန့်ရေးခဲ့သော ဆောင်းပါးခေါင်းစဉ်ဖြင့် ဝတ္ထုရေးဆရာအကြောင်း ဤသို့ ဖော်ပြသည်-

ကျွန်တော် ။ ခင်ဗျား ဘာကိုဝါသနာပါတာလဲ။

ဝတ္ထုရေးဆရာ ။ ဟာဗျာ၊ ဝတ္ထုရေးသိပ်ဝါသနာပါတာပဲ။

မေး - ခင်ဗျား ဒီပြင်ကော ဘာဝါသနာပါသေးလဲ။

ဖြေ - ဒီပြင်တော့ ကျွန်တော်ဘာမှ ဝါသနာမပါဘူး။ ဝတ္ထုတွေချည်း ရေးနေချင်တာပဲ။

မေး - ခင်ဗျား သတင်းစာ၊ ဂျာနယ်တွေကော ဝါသနာပါရဲ့လား။

ဖြေ - ကျွန်တော်ပြောပါပကော၊ ဝတ္ထုတွေသာ ရေးချင်တာပဲ။

မေး - ခင်ဗျားမိတ်ဆွေအပေါင်းအသင်းရော များရဲ့လား။

ဖြေ - မများပါဘူး။ ဝတ္ထုချည်းပဲ ရေးချင်နေတာ။

မေး - ခင်ဗျား မချမ်းသာချင်ဘူးလား။ မင်းတိုင်ပင်အမတ်တို့ ဘာတို့ကော မလုပ်ချင်ဘူးလား။

ဖြေ - ဒါတွေတစ်ခုမှ စိတ်မကူးမိပါဘူး။ ဝတ္ထုရေးနေရရင် ပျော်နေတာပါပဲ။

မေး - ခင်ဗျား သမိုင်းရည်းစားတွေဘာတွေကော မထားဘူးလား။

ဖြေ - ဒါတွေလည်း ဝါသနာမပါဘူး။ ဝတ္ထုဆို ဝတ္ထုတစ်ခုပဲ။

မေး - ဒါဖြင့် ခင်ဗျားဝတ္ထုတွေ ဘာကောင်းတော့မှာလဲ။ လောကအကြောင်းကို မလေ့လာ၊ ချစ်တယ် ကြိုက်တယ်ဆိုတာလည်း ကိုယ်တွေ့မဟုတ်ဘဲနဲ့၊ ဝတ္ထုကောင်း ဘယ်ရေးနိုင်ပါ့မလဲ။ ခင်ဗျားရေးတဲ့ ဝတ္ထုတွေဟာ အက္ခရာတွေစုပြီး စာမျက်နှာပြည့်သွားရင် ပြီးတဲ့ စာစုကြီးဖြစ်နေရောပေ့ါ။ "ဝတ္ထုရေးဆရာဆိုတာ အခြားလူမှုကိစ္စတွေကို အများကြီးဝါသနာမပါတောင်မှ အနည်းအကျဉ်းဆိုသလို ဝါသနာပါဖို့ကောင်းပါတယ်။ နို့မဟုတ်ရင် ခင်ဗျား ဘာအကြောင်း ဝတ္ထုရေးမလဲ။ . . . . "တဲ့။

ကျွန်တော်အပါအဝင် ယနေ့လူငယ်များ မှတ်သားစရာဖြစ်ပါပေသည်။ ဦးသန့်၏အမြင်အတွေးသည် လေးနက်လွန်းလှပါ၏။ "ရွှေနေနှင့် စာပေနုနု" ကို အပြုသဘောထောက်ပြခဲ့သလို ကျွန်တော်ခံစားမိပါ၏။ ရင်ဝယ်ခံစားမိပါ၏။ မကိုးကားဘဲမနေနိုင်။ ရွှေနေနှင့် ဘာဆိုင်သလဲ။ ဆိုင်မှဆိုင်။ ခိုင်မှခိုင်။ ဤသို့ ကျွန်တော်ယုံသည်။

စာပေနုနု

"စာပေနုနု" ဟု ကျွန်တော်သုံးစွဲလိုက်ပါသည်။ ဗိုလ်မှူးကြီးဟောင်း တင်မောင် (စာရေးဆရာမြတ်ထန်)က တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်ဟု ဝတ္ထုရေးဖူးသည်။ ဖတ်ဖူးပါသည်။ "နုနု" ဆိုသော အသုံးအနှုန်းကို ကျွန်တော်စွဲလမ်းသည်။ ဘာကြောင့်လဲ။

နုနု - နုပျိုခြင်း၊ ပျိုမျစ်ခြင်း၊ စိမ်းလန်းခြင်း၊ အသက်ငယ်ခြင်း၊ ပွင့်သစ်စ၊ နိဒါန်းပဏာမဟု ကျွန်တော်နားလည်မိသည်။ စာပေနုနုဟု ပြောရသည်မှာ စာပေက နုလွန်းသည်။ ပျိုမျစ်လွန်းသည်။ စိမ်းလန်းလွန်းသည်။ အသက်ငယ်သေးသည်။ ချစ်စရာကောင်းလှသည်။ ဘဝကို ထောက်ကူသည်။ သစ္စာရှိသည်။ ထို့ကြောင့် စာပေနုနုဟု ကျွန်တော်သုံးစွဲရတာပါ။ ရွှေနေတစ်ယောက်၏ ဘဝကို ကိုင်လှုပ်ခဲ့တာ စာပေပါ။ စာပေနုနုပါ။ ပုဒ်ထီးပုဒ်မတွေနှင့်၊ ဥပဒေစာအုပ်ထူထူကြီးတွေနှင့်၊ တရားလို တရားခံတွေနှင့်၊ တရားရုံးမှာ၊ အကျဉ်းထောင်မှာ နေ့စဉ်ကျွန်တော်ကြုံနေရတာပါ။ နေ့စဉ် မွန်းကျပ်နေရသည်ပါ။ ထိုအခါ ကျွန်တော်နုချင်သည်။ လှချင်သည်။ ချစ်ချင်သည်။ မေတ္တာငတ်သည်။ မေတ္တာကို ဘယ်မှာရှာ။ စာပေမှာရှာသည်။ တွေ့ပါပြီ။ ချစ်သောစာပေ၊ နုသောစာပေ၊ ယဉ်ကျေးသောစာပေ၊ ရာဇဝတ်မှုကင်းသောစာပေ၊ တရားရုံး၊ အကျဉ်းထောင်များနှင့် ကင်းဝေးသောစာပေ၊ ကဗျာတွေ၊ ဝတ္ထုတွေ၊ ဆောင်းပါးတွေ၊ ဘဝတွေ။ စုံလှပေသည်။ ကုန်နိုင်စရာမရှိ။ ရေး၍မဆုံးနိုင်။

နာမည်ကျော်စာရေးဆရာမကြီး ခင်ဆွေဦးရေးသော "မှတ်မှတ်ရရနေ့ရက်များ. . . နှင့် ကျွန်မ (တရားသူကြီး ဦးမြင့်သိန်းနှင့် ကျွန်မ)" လို စာအုပ်များ ကျွန်တော်ရေးချင်သေးသည်။ ဟိုအဝေးကြီးမှာပဲရှိသေး။ စာပေနုနု ပြုစုရပေဦးမည်။ အချစ်၊ အမုန်း၊ လောဘ၊ စေတနာတွေ ဝေဖြာသော ထိုစာအုပ်။ ကျွန်တော် သီးခြားတင်ပြဦးမည်။

ခံစားမှု

ရွှေနေနှင့် စာပေနုနု။ ပထမပြုစုချက်ပါ။ ကျွန်တော့်ခံစားချက်အပေါ် ပရိသတ်များ နားလည်ခွင့်လွှတ်စွာဖြင့် ရွှေနေအလုပ်များမှ ခေတ္တခွဲခွာခွင့်ပြုခြင်းကို လေးစားပါသည်။ စာပေနုနု ဂရုပြုလျက်ပါ။ ဘာပဲပြောပြော မနက်ဖြန်အမှုစစ်ဖို့ တရားရုံးသို့ သွားရဦးမည်သာ. . . ။

* *

စက်တင်ဘာ ၂၄ ရက် ညနေက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များအပေါ် တစ်သားတည်းရှိကြောင်း ပြသသည့်အနေဖြင့် ပြုလုပ်သည့်ထောက်ခံပွဲကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ တွေ့ရစဉ်။

ရွှေဖုံးမှ

အဆိုပါထောက်ခံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နေမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုအပေါ် ပြည်သူများက ထောက်ခံသည့်အနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံ (ဗီနိုင်း)များကို ကိုင်ဆောင်ကာ ထောက်ခံကြောင်းပြသခဲ့ကြပြီး စက်တင်ဘာ ၁၉ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားခဲ့မှုအပေါ် နိုင်ငံသားမြန်မာမွတ်စလင် အရပ်ဘက်အဖွဲ့အစည်းများ၏ ကြိုဆိုထောက်ခံကြောင်း ရေးသားထားသည့်အချက်လေးချက်ပါဝင်သော သဘောထားထုတ်ပြန်ချက်ကို ဖတ်ကြားခဲ့ရာ အဆိုပါထောက်ခံပွဲသို့ တက်ရောက်လာကြသည့် စာပေ၊ ဂီတ၊ အနုပညာရှင်များ၊ နိုင်ငံရေး အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များနှင့် ပြည်သူတို့၏စကားသံများကို မြန်မာ့သတင်းစဉ်က ကောက်နုတ်ဖော်ပြလိုက်ပါသည်။

ဦးမြအေး (၈၈ မျိုးဆက် - ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)

တိုင်းပြည်တစ်ခုကို အကျပ်အတည်းကြားထဲက လွတ်မြောက်အောင်ရုန်းဖို့ဆိုတာ ကျွန်တော်တို့မှာ စုစည်းညီညွတ်မှုတစ်ခုရှိမှရမယ်လို့မြင်တယ်။ အခုဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို နေ့ချင်းညချင်းဖြေရှင်းလို့ မရပါဘူး။ နောက်တစ်ခုက ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာပဲ

ဦးမြအေး
(၈၈မျိုးဆက်-ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)

ဦးသားထွေး
(ပန်းရဲ့လမ်းတေးဂီတအဖွဲ့)

မုန်းဆန်းညွန့်ဦး
(ကဗျာဆရာ)

ဒေါ်မိုးမိုးစုကြည်
(ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်)

ပြည်ပနိုင်ငံတချို့က အကုန်လုံးဝိုင်းဝန်းတိုက်ခိုက်ပြီး အပြစ်တွေတင်နေတာက ဝေဖန်တာထက်ကျော်သွားတဲ့ အတွက်ကြောင့် လူတိုင်းငြိမ်နေလို့မရပါဘူး။ အဲဒါကြောင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဘက်က ရပ်တည်ဖို့အတွက် အခုလိုလာရောက်ထောက်ခံရခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီအသွင် ကူးပြောင်းရေးကာလအနေနဲ့ နုစ်နုစ်သားပဲရှိပါသေးတယ်။ လက်ရှိအစိုးရရဲ့အခက်အခဲကို ဖိအားကြီးတွေနဲ့ရှင်းလို့မရဘူးဆိုတာကို ကျွန်တော်တို့က ပြန်ပြီးတော့ပြောတဲ့ သဘောလည်းဖြစ်ပါတယ်။ ပြဿနာတွေအားလုံးကိုလည်းမှန်မှန်ကန်ကန်ရှုမြင်စေချင်တယ်။ မှန်မှန်ကန်ကန်နဲ့ လူတိုင်းလူတိုင်း သမမျှတတဲ့ အခွင့်အရေးတွေကိုလည်း ညီတူညီမျှပေးနိုင်တဲ့အခြေအနေတစ်ရပ်ကိုရောက်အောင် အားလုံးသွားချင်တဲ့ ဆန္ဒရှိကြတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်းဆန္ဒရှိတယ်။ မိန့်ခွန်းထဲမှာလည်း အထင်အရှားပါပါတယ်။ အဲဒီဟာတွေအကုန်လုံးကိုလုပ်ဖို့ကိုင်ဖို့ အခွင့်အလမ်းကိုပေးရမယ်လို့ ကျွန်တော်မြင်တယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ တအားကြီးဖိအားတွေပေးလိုက်တဲ့အခါ ကျွန်တော်တို့နိုင်ငံကို ပိုဆိုးသွားစေမှာကိုပြည်သူအားလုံးက စိုးရိမ်ကြတယ်။ အဲဒီအတွက်ကြောင့် ပြည်သူတွေအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ကြတာပါ။ အကျိုးသက်ရောက်မှုအနေနဲ့ကတော့ လက်ရှိအစိုးရနဲ့ပြည်သူတစ်သားတည်းရှိနေတယ်။ လက်ရှိနိုင်ငံရေး အခြေအနေနဲ့ တိုင်းပြည်ရဲ့အခြေအနေကို ပြည်သူတွေအားလုံးဟာ လက်လွှတ်စပယ်ပြောဆိုနေတာ မဟုတ်ဘူး ဆိုတာကို ထင်ရှားစေပါတယ်။

နိုင်ငံတစ်ခုရဲ့အပြောင်းအလဲဆိုတာ အချိန်တစ်ခုတော့ ယူရမယ်လေ။ အဲဒီနေရာမှာ ကျွန်တော်တို့ ပြည်သူပြည်သားအားလုံးကလည်း ဘာသာ၊ လူမျိုးမခွဲခြားဘဲ စုစည်းညီညွတ်မှုတစ်ခုကိုတည်ဆောက်ဖို့ လိုတယ်လို့မြင်ပါတယ်။ အဲဒါကတော့ကျွန်တော်တို့တစ်တွေ စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ အစိုးရဖြေရှင်းသွားတဲ့အချက်တွေအပေါ်မှာ ဝိုင်းဝန်းပံ့ပိုးအားပေးဖို့လိုသလို အားနည်းချက်တွေရှိရင်လည်း အပြုသဘောဆောင်တဲ့ ထောက်ပြဝေဖန်ချက်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့လိုပါတယ်။ အဓိကကတော့ ဘာသာဘယ်လိုကွဲကွဲ၊ လူမျိုးဘယ်လိုကွဲကွဲ ငါတို့အားလုံးသည်မြန်မာနိုင်ငံသားတွေဖြစ်တယ်ဆိုတဲ့ ရပ်တည်မှုအပေါ်မှာ အားလုံးစုစည်းညီညွတ်ကြဖို့လိုပါတယ်။

ဦးသားထွေး (ပန်းရဲ့လမ်းတေးဂီတအဖွဲ့)

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ကျွန်တော်တို့နိုင်ငံလက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေကို အများကြီးကောင်းမွန်အောင် လုပ်ဆောင်နေတာကို တွေ့ရတယ်။ အဲဒါကြောင့် ကျွန်တော်တို့က ထောက်ခံတဲ့အနေနဲ့ လာရောက်ခဲ့တာပါ။ ဒီလိုဝိုင်းဝန်းထောက်ခံတဲ့အတွက်ကြောင့် လက်ရှိကြုံတွေ့နေရတဲ့ အကျပ်အတည်းကို တစ်ဖက်တစ်လမ်းက ဖြေလျှော့နိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ နိုင်ငံတကာမှာလည်း အတိုင်းအတာတစ်ခုအထိ ထောက်ခံမှုတွေလုပ်နေတာကို တွေ့ရတယ်။ ဒီထောက်ခံပွဲကနေတစ်ဆင့် ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေအမှန်ကို ကမ္ဘာကသိသွားနိုင်ပါတယ်။ ပြည်ပနိုင်ငံတချို့ရဲ့ဖိအားပေးမှုတွေ၊ ဖြစ်ချင်တဲ့ဆန္ဒတွေကို ဖြေလျှော့လာနိုင်မယ်လို့မြင်ပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ ရခိုင်ပြည်နယ် အရေးကိစ္စနဲ့ပတ်သက်ပြီး လူထုခေါင်းဆောင်အပေါ်မှာကျွန်တော်တို့မြင်သလိုမျိုး ကမ္ဘာ့နိုင်ငံအသီးသီးကလည်း ယုံကြည်ချက်နဲ့အမြင်မှန်ကို မြင်နိုင်လာပါလိမ့်မယ်။

မုန်းဆန်းညွန့်ဦး (ကဗျာဆရာ)

ဒီထောက်ခံပွဲကို ကိုယ့်ခံယူချက်နဲ့ကိုယ် လာရောက်ခဲ့တာပါ။ ကျွန်တော့်အနေနဲ့ကတော့ အမေစု လက်ရှိဖြေရှင်းနေတဲ့ ရခိုင်ပြည်နယ်အရေးကိစ္စတွေ၊ ငြိမ်းချမ်းရေးဖော်ဆောင်နေမှုတွေအပါအဝင် ကိစ္စရပ်တိုင်းအပေါ်ကို ထောက်ခံပါတယ်။ ဒီလိုထောက်ခံရတာဟာလည်း ကျွန်တော်တို့ ယုံကြည်မှုနဲ့တင်မြှောက်ထားတဲ့ အစိုးရတစ်ရပ်ဖြစ်တယ်။ အမေဟာ ပြဿနာတွေကိုဖြေရှင်းတဲ့နေရာမှာ ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာနဲ့ မှန်မှန်ကန်ကန်ဖြေရှင်းလို့ပါ။ ကျွန်တော်တို့ အခုလိုထောက်ခံခြင်းအားဖြင့် ပြည်သူနဲ့အမေစုကို တစ်သားတည်းရှိနေတယ်ဆိုတာကို သိသွားမယ်။ လူထုခေါင်းဆောင်ရဲ့ဆောင်ရွက်နေမှုကို သတင်းမီဒီယာတွေကနေတစ်ဆင့် အဖြစ်မှန်ကို နိုင်ငံတကာက သိရှိသွားပြီး ကျွန်တော်တို့နိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေမှန်ကို နားလည်လက်ခံလာနိုင်လိမ့်မယ်လို့မြင်ပါတယ်။

မဒါလီမြင့် (Social Alliance - လူမှုမဟာမိတ်အဖွဲ့)

ကျွန်မတို့အနေနဲ့ နိုင်ငံအေးချမ်းဖို့အတွက်လိုလားတယ်။ အဲဒီလိုပဲ အန်တီဒေါ်အောင်ဆန်းစုကြည်ကလည်း နိုင်ငံအေးချမ်းဖို့၊ တည်ငြိမ်ဖို့လုပ်ပေးနေတာကို မြင်နေရတဲ့အတွက် အခုလိုလာရောက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ နိုင်ငံတော်နဲ့တစ်သားတည်း ရှိခဲ့တာပါ။ အရင်တုန်းက ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး ကျွန်မတို့တစ်တွေ ကြေညာချက်တွေ ထုတ်ပြန်ခဲ့တာရှိပါတယ်။ အဲဒီလိုထုတ်ပြန်ခဲ့တဲ့အခါမှာလည်း နိုင်ငံအတွက် ရပ်တည်ပြီးတော့ ထုတ်ပြန်ခဲ့တာပါ။ ကျွန်မတို့ကတော့ မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့သူတွေ အားလုံးကို လူသားတစ်ယောက်အနေနဲ့ပဲ မြင်ပါတယ်။ ဘာသာတွေ၊ လူမျိုးတွေအကြောင်းကို ထည့်မစဉ်းစားပါဘူး။ အဲဒီအတွက်ကြောင့် အားလုံးအဆင်ပြေသွားဖို့ မျှော်လင့်တယ်။

ဒေါ်မိုးမိုးစုကြည်
(ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ ပြည်သူနဲ့အတူရှိနေတာဖြစ်တဲ့အတွက်ကြောင့် အခုလိုထောက်ခံတဲ့အနေနဲ့ ပါဝင်ခဲ့တာပါ။ အခုလိုထောက်ခံပွဲတွေဟာ ရန်ကုန်မြို့မှာသာမက နိုင်ငံတကာမှာရှိနေတဲ့ မြန်မာနိုင်ငံသားတွေကလည်း ရောက်ရှိနေတဲ့ နိုင်ငံတွေမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုထောက်ခံတဲ့ပွဲတွေ လုပ်နေတာအားလုံးအသိပါ။ အဲဒီလိုပဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ဘယ်လိုကြိုးစားဆောင်ရွက်နေတယ်ဆိုတာကို လူတိုင်းကသိပြီးသားပါ။ အဲဒီအပေါ်မှာ ဖြေလျှော့မှုတွေ အများကြီးရလာလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ ဒီကနေ့လုပ်တဲ့ပွဲကတော့ လူငယ်လူရွယ်လေးတွေဦးဆောင်ပြီး လုပ်သွားတယ်လို့မြင်ပါတယ်။ အခုလို လူငယ်တွေဦးဆောင်ပြီးလုပ်တဲ့ပွဲမှာ အစ်မတို့အနေနဲ့ပြည်သူနဲ့အတူ ရှိနေသင့်တယ်လို့လည်း ယုံကြည်တယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နောက်လိုက်ကောင်းဖြစ်အောင်၊ ခေါင်းဆောင်ကောင်းရဲ့ ရှေ့ကသွားနေတဲ့ လမ်းစဉ်အတိုင်း နောက်လိုက်ကောင်းတွေဖြစ်ဖို့အတွက် အစဉ်တစိုက်ကြိုးစားဆောင်ရွက်ရင်းနဲ့ ပြည်သူနဲ့အတူရှိသင့်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ အခုလို ပါဝင်ထောက်ခံရတာပါ။

တွေ့ဆုံမေးမြန်း-ဇော်ကြီး(ပဏီတ)
ဓာတ်ပုံ-ဇော်မင်းလတ်

ရဲဘော်ကျကျေးရွာအနီး ဟိန္ဒူဘာသာဝင် ရုပ်အလောင်း ၁၇ လောင်း ထပ်မံတွေ့ရှိ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေး

စစ်တွေ စက်တင်ဘာ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် မောင်တောမြို့နယ် ရဲဘော်ကျကျေးရွာအနီးသို့ သွားရောက်ပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားများက ဟိန္ဒူဘာသာဝင်များအား သတ်ဖြတ်မြှုပ်နှံခဲ့သည့် နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် မောင်တောမြို့နယ် ရဲဘော်ကျကျေးရွာအနီး၌ စက်တင်ဘာ ၂၄ ရက်က တူးဖော်ရရှိသည့် ဟိန္ဒူဘာသာဝင် ၂၈ ဦး၏ ရုပ်အလောင်းများနှင့် ယနေ့ထပ်မံတွေ့ရှိသည့် ရုပ်အလောင်း ၁၇ လောင်းတို့အား ကြည့်ရှုစစ်ဆေးပြီး ၎င်းတို့၏ မိသားစုဝင်များအား နှစ်သိမ့်အားပေးစကား ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တူးဖော်ရရှိသည့် အလောင်းများကို ကာယကံရှင် ဟိန္ဒူဘာသာဝင်များ၏ဆန္ဒအရ ၎င်းတို့၏ဓလေ့ထုံးစံများအတိုင်း ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တို့နှင့်အတူ လိုက်ပါလာသည့် မောင်တောမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မောင်မောင်သိန်းနှင့်အဖွဲ့၊ မှုခင်းသတင်းတပ်ဖွဲ့မှ ရဲမှူးရဲအောင်နှင့်အဖွဲ့တို့က ရုပ်အလောင်းများအား ရင်ခွဲစစ်ဆေးချက်ရယူခြင်း၊ သေမှုသေခင်း စစ်ဆေးချက်ရယူခြင်း၊ မျိုးရိုးဗီဇစစ်ဆေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းတို့ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြသည်။

ပဏာမစစ်ဆေးတွေ့ရှိချက်များအရ သေဆုံးသွားသူများသည် မျက်နှာအားအဝတ်စည်း၍ လက်ပြန်ကြိုးတုပ်ကာ လည်ပင်းလှီး၍ အသတ်ခံထားရခြင်းဖြစ်ပြီး အချို့မှာ ခြေလက်များ ဖြတ်တောက်ခြင်းခံထားရကြောင်း၊ ရုပ်အလောင်းများတူးဖော်ရာသို့ရောက်ရှိနေသည့် မိသားစုဝင်များ၏ အတည်ပြုချက်များအရ ရုပ်အလောင်းများမှာ ခမောင်းဆိပ်ကျေးရွာမှ ဟိန္ဒူဘာသာဝင်များ ဖြစ်ကြောင်း သိရသည်။

စစ်ဆေးတွေ့ရှိချက်များနှင့်ပတ်သက်၍ မောင်တောမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မောင်မောင်သိန်းက "တူးဖော်ထားတဲ့ အလောင်းတွေကိုစစ်ဆေးကြည့်တဲ့အခါ လည်ပင်းလှီးပြီး သတ်ထားတာကိုတွေ့ရတယ်။ အချို့အလောင်းတွေက လက်တွေ၊ ခြေတွေကို ဓားနဲ့ခုတ်ထားတယ်။ ခြေထောက်ဖြတ်ပြီးမှ လည်ပင်းကို လှီးတာတွေ့ရတယ်။ ပထမတွေ့တဲ့နေရာက အမျိုးသမီးအလောင်း ၁၂ လောင်းနဲ့ နောက်တစ်နေရာမှာ ကလေးနဲ့ လူငယ်အလောင်း ၁၆ လောင်း တွေ့ရတယ်။ ဒီနေ့နောက်ထပ်တွေ့ရတဲ့နေရာက အလောင်းတွေက အမျိုးသားအလောင်းတွေပါ"ဟု ပြောကြားသည်။

ထို့အတူ အလောင်းများ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တူးဖော်စစ်ဆေးနိုင်ရန် ခွင့်ပြုပေးခဲ့မှုနှင့်စပ်လျဉ်းပြီး မောင်တောမြို့နယ်တရားသူကြီး ဦးဇော်ဇော်သန်းက "သေရတဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုတွေကို ပြုလုပ်ဖို့ ရဲတပ်ဖွဲ့က တူးဖော်ပြီး စုံစမ်းချင်တယ်လို့ ခွင့်ပြုချက်တောင်းခံလာတဲ့အတွက် ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ တူးဖော်ခွင့်ပြုခဲ့တာပါ"ဟု ပြောသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရဲဘော်ကျကျေးရွာအနီး၌ စက်တင်ဘာ ၂၄ ရက်က တူးဖော်ရရှိသည့် ဟိန္ဒူဘာသာဝင်များ၏ ရုပ်အလောင်းများတွေ့ရှိသည့်နေရာ၏ အရှေ့မြောက်ဘက် ကိုက် ၂၀၀ အကွာတွင် ထပ်မံတွေ့ရှိရသည့် ရုပ်အလောင်းများ တူးဖော်နေမှုကို ကြည့်ရှုပြီး ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်နှင့် ဟိန္ဒူဘာသာဓလေ့ထုံးစံနှင့်အညီ သင်္ဂြိုဟ်နိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိန္ဒူဘာသာဝင်များ၏ ရုပ်အလောင်းများအား တူးဖော်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်သားများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများအား ငွေကျပ်သိန်း ၂၀ ထောက်ပံ့ပေးအပ်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့နယ် ပုဇွန်ချောင်းရွာသစ်ကျေးရွာသို့ သွားရောက်ပြီး အစ္စလာမ်ဘာသာဝင်များနှင့်တွေ့ဆုံကာ လတ်တလော စားသောက်နေထိုင်ရေးအခြေအနေများကို မေးမြန်းပြီး အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် အိမ်ထောင်စု ၂၁ စုအတွက် ငွေကျပ် ၁၀၅၀၀၀၀ ထောက်ပံ့ပေးခဲ့သည်။

(သတင်းအဖွဲ့)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အတွင်းရေးမှူးနှင့်အဖွဲ့အား တွေ့ဆုံ

စစ်တွေ စက်တင်ဘာ ၂၅

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ အတွင်းရေးမှူး ဦးဘုန်းကြွယ်နှင့်အဖွဲ့ဝင်များအား ယနေ့နံနက် ၈ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကော်မရှင်အနေဖြင့် မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ဒေသ၏ အခြေအနေများကို ကွင်းဆင်းလေ့လာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များကလည်း စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ဟိန္ဒူဘာသာဝင်များ၏ ဖော်ထုတ်ချက်အရ မောင်တောမြို့နယ် ရဲဘော်ကျကျေးရွာအနီးတွင် ဟိန္ဒူဘာသာဝင်များ၏ ရုပ်အလောင်းများ တွေ့ရှိမှုအခြေအနေများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များတွင် တိုင်းရင်းသားများ တွေ့ကြုံခံစားခဲ့ရသည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ယာယီကယ်ဆယ်ရေးစခန်းများရှိ တိုင်းရင်းသားများအတွက် ငွေကျပ် ၁၅ သိန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အလှူငွေ၊ ပစ္စည်းများ လက်ခံဖြန့်ဖြူးရေးကော်မတီသို့ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

တင်ထွန်း(ပြန်/ဆက်)

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)သင်တန်း စစ်တွေမြို့၌ ဖွင့်လှစ်

စစ်တွေ စက်တင်ဘာ ၂၅

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)သင်တန်း ၂၀၁၇-၂၀၁၈ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စစ်တွေမြို့ ဒေသန္တရကျန်းမာရေးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာကြည်လွင်၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ကျေးလက်ဒေသကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၌ ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချမှုများကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်အောင် လေ့ကျင့်သင်ကြားသွားရန် လိုအပ်ကြောင်း ပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှ ဒေသခံတိုင်းရင်းသား သင်တန်းသား၊ သင်တန်းသူ ၁၀၀ ကျော် တက်ရောက်ကြပြီး ပတ်ဝန်းကျင်ကျန်းမာရေး၊ မိသားစုကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေး၊ ရေးဦးသူနာပြုစုခြင်း၊ ကူးစက်ရောဂါကာကွယ်ရေး၊ အစားအသောက်နှင့် ဆေးဝါးလုပ်ငန်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး စသည့် ဘာသာရပ်များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာ ဆရာမများက စာတွေ့လက်တွေ့ ခြောက်လကြာ သင်ကြားပို့ချသွားမည် ဖြစ်သည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

✪ သဖန်းဆိပ်မှ

"လက်ရှိမှာ မုန်တိုင်းလည်းပြီး မိုးလည်းနည်းသွားပြီ ဖြစ်တဲ့အတွက် ပင်မရေပိုလွှဲက ရေထုတ်တာကို တဖြည်းဖြည်း ထိန်းညှိလျှော့ထုတ်နေပါတယ်။ စက်တင်ဘာ ၂၂ ရက်က ကျူးဆက် ၁၅၀၀၀၊ ၂၃ ရက်က ကျူးဆက် ၁၀၀၀၀၊ ၂၄ ရက်က ကျူးဆက် ၇၀၀၀ ကနေ ဒီနေ့ ရက် မနက် ၁၀ နာရီမှာ ကျူးဆက် ၅၀၀၀ လျှော့ထုတ်လွှတ်နေပါတယ်။ ဆည်ထဲက သိုလှောင်ရေကို ကန်ရေပြည့်နီးပါးထားရှိသိုလှောင်သွားမှာဖြစ်ပါတယ်"ဟု ဦးတင်မြင့်က ပြောပြသည်။

သဖန်းဆိပ်ရေဝင်ရောက်မှုအခြေအနေကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အထူးစောင့်ကြည့်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသလို သဖန်းဆိပ်ရေလှောင်တမံနှင့်ပတ်သက်၍ သိရှိလိုသော သတင်းအချက်အလက်များကို သိရှိလိုသူများအနေဖြင့် ဦးစီးဌာနတာဝန်ရှိသူများနှင့် ဆည်တာဝန်ရှိသူများထံ မေးမြန်းစုံစမ်းအတည်ပြုနိုင်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းထံမှ သိရသည်။

ဒေါ့ဆူရီမုန်တိုင်းဝင်ရောက်ချိန်က သဖန်းဆိပ်ရေလှောင်တမံ ရေဝင်ရောက်မှုနှင့် ထိန်းညှိဆောင်ရွက်သော အခြေအနေများကို ဦးစောသက်ခိုင်ဝင်းက "ဆည်မြောင်းနဲ့ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနရုံးချုပ်က စက်တင်ဘာ ၁၉ ရက်က ဒေါ့ဆူရီ မုန်တိုင်းနဲ့ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးထဲက ဆည်တာတမံတွေကို တာဝန်ရှိသူအဆင့်ဆင့်က လိုသလို စောင့်ကြည့်ကာကွယ်ဖို့ အသိပေးလာပါတယ်။ ဌာနက တာဝန်ရှိသူတွေ စောင့်ကြည့်ခဲ့ရာမှာ စက်တင်ဘာ ၁၈ ရက်က ရေမှတ်အရ ၅၄၄ ဒသမ ၆၀ ပေ သိုလှောင်ပမာဏအနေနဲ့ ၂၇၅၅၈၃၂ ဧကပေကို ရောက်လာပြီး ဆည်ရေပြည့်အမှတ် ၅၄၅ ဒသမ ၀၀ ပေ သိုလှောင်ပမာဏအနေနဲ့ ဧကပေ ၂၇၉၄၀၀၀ နဲ့ အလွန်နီးလာတာကတစ်ကြောင်း၊ နေ့စဉ် သဖန်းဆိပ်ဆည်ထဲကို ပိုလျှံသိုလှောင်ထားတဲ့ ရေက ဧကပေ ၃၀၀၀၀ လောက်ရှိနေတဲ့အတွက်က တစ်ကြောင်း ဆည်ထဲမှာ ရေထိန်းညှိထားရှိဖို့ လိုအပ်တဲ့အတွက် ရွှေဘိုလက်ထောက်ညွှန်ကြားရေးမှူးကနေ စက်တင်ဘာ ၁၉ ရက်မှာ စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးဆီကို ခွင့်ပြုမိန့်တောင်းခံခဲ့ပါတယ်။ ခွင့်ပြုချက်အရ ပိုလျှံရေ ကျူးဆက် ၁၀၀၀၀ လောက်ကို ပင်မ ရေပိုလွှဲက ထိန်းညှိဆောင်ရွက်ခဲ့ပါတယ်။ စက်တင်ဘာ ၂၀ ရက် မနက်က ကျူးဆက် ၂၀၀၀၀ ထိ တိုးမြှင့်ထိန်းညှိလွှတ်ပေးခဲ့ပါတယ်"ဟု ရှင်းပြသည်။

သဖန်းဆိပ်ရေလှောင်တမံပင်မရေပိုလွှဲမှ မထုတ်လွှတ်မီ သဖန်းဆိပ်ဆည် ကင်းတပ်ရေထိန်းတမံနှင့် ကာဘိုးရေလွှဲဆည်အောက်ပိုင်း မူးမြစ်၏ ရေစီးဆင်းမှု အခြေအနေကို ရေဦးတံတား၊ ရေကြည်ဝတံတား၊ သမရိုးတံတား၊ ညောင်ပင်ဝန်းတံတားများတွင်ရှိသော ရေမှတ်တိုင်များ၏ နာရီစဉ်အလိုက် ရေမှတ်များကို တာဝန်ချထားစောင့်ကြည့်ကာ ရေထိန်းညှိဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သဖန်းဆိပ်ရေသောက်ဧရိယာတွင် ရွှေဘိုပေါ်ဆန်း ဒေသအခေါ် ဘေးကြားစပါးမျိုးများကို ၂၀၁၇-၂၀၁၈ မိုးစပါးသီးနှံအဖြစ် ဇူလိုင်လဆန်းမှစတင် မြေပြင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရွှေဘိုမြောင်းမတော်၊ လက်ဝဲမြောင်းမကြီး၊ ရေဦးမြောင်းမတော်နှင့် လက်ယာမြောင်းမကြီးတို့တွင် ဧကစုစုပေါင်း ၄၈၇၃၈၉ ဧကကို စိုက်ပျိုးထားပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

■

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

World Tourism Day

ရေရှည်တည်တံ့ ခရီးသွား ၊ ဖွံ့ဖြိုးမှုအတွက် ပြည့်စွမ်းအား

Sustainable Tourism - a Tool for Development

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်

27th September, 2017

တမူးမြို့နယ်အတွင်း အိမ်သုံးဆိုလာမီးလင်းရေးဖွင့်ပွဲ ကျင်းပ

တမူး စက်တင်ဘာ ၂၅

တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ပူးပေါင်း၍ တမူးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၁ အုပ်စု၊ ကျေးရွာပေါင်း ၆၄ ရွာတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး NEP စီမံကိန်းဖြင့် ဆောင်ရွက်သော ကျေးရွာများအနက် ခမိတ်ကျေးရွာအုပ်စု ခမိတ်ကျေးရွာတွင် အိမ်သုံး ဆိုလာမီးလင်းရေး ဖွင့်ပွဲကို စက်တင်ဘာ ၂၅ ရက်က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးခင်မောင်သန်းနှင့် မြို့နယ်ဦးစီးမှူး ဦးခင်မောင်ထွန်းတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၅

တပ်မတော်သားများသည် စက်တင်ဘာ ၂၄ ရက်က ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူ-သံဖြူဇရပ် ကားလမ်းတွင် ပလာဝဲ(ခ)ပေါ်လဝီ မောင်းနှင်ပြီး မင်းကွန်ချမ်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀ နှင့် အိုက်စ် ၁၁ ဒသမ ၃၃ ဂရမ်တို့ကို တွေ့ရှိ၍ ဘုရားသုံးဆူနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဘုရားသုံးဆူမြို့ အမှတ်(၃)ရပ်ကွက် ကရင်စု (၁)လမ်းတွင် နေထိုင်သူ စောရွှေသန်း(ခ)တောကျော်က ပို့ဆောင်ခိုင်းကြောင်း သိရှိရ၍ စောရွှေသန်း(ခ)တောကျော်၏ နေအိမ်အားရှာဖွေရာ နေအိမ်မှ M-16 သေနတ်တစ်လက်၊ M-16 ကျည်ဆန် ၁၁ တောင့်၊ ကျည်အိမ်တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ် လမ်းခွကျေးရွာ ကသာ-အင်းတော်ကားလမ်း မီးရထားသံလမ်းကူးအနီး၌ စိန်ဝင်းထွန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် မျိုးမင်းထက် မောင်းနှင်ပြီး မတင်တင်လှ(ခ)မလှလှ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်နှစ်စီးတို့ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက်(အလေးချိန် ၁၂၁ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ နှင့် ဘိန်းစိမ်း ၁၀၀ ဂရမ်၊ မျိုးမင်းထွန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ငွေကျပ် ၂၂၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်

ကျောက်ဆည် စက်တင်ဘာ ၂၅

ကျောက်ဆည်မြို့အတွင်းရှိ မြို့မဈေးကြီးနှင့် အေးမြကြည်လင်ဈေးကြီးတို့တွင် စက်တင်ဘာ ၂၄ ရက်က မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မန်နေဂျာ ဦးဝင်းနောင်လင်းနှင့် ဝန်ထမ်းများသည် စည်ပင်သာယာရေးဦးစီးဌာန မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပြီး ဈေးများအား လျှပ်စစ်အန္တရာယ်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဈေးအတွင်း သွယ်တန်းထားသော လျှပ်စစ်ဆားဗစ်ကြိုးများ၊ Main Swaker များ၊ Braker များနှင့် ဓာတ်အားသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဈေးဆိုင်ပိုင်ရှင်များအား ဆိုင်ပိတ်သိမ်းချိန်တွင် လျှပ်စစ်ခလုပ်များ သေချာပိတ်သွားကြရန် ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့ မြို့မဈေးကြီးကို ရှေးယခင်ကတည်းက တည်ဆောက်ခဲ့ပြီး အေးမြကြည်လင်ဈေးကြီးကို ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် ထပ်မံတည်ဆောက်ဖွင့်လှစ်ခဲ့သော ဈေးကြီးဖြစ်ကြောင်းလည်း သိရသည်။

(သက်မောင်)

(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် ခေတ္တ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်စိုး ဦးဆောင်၍ ခရိုင်ရှစ်မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် ရဲတပ်ဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျော်တော်ကြီးဘုရား) ရင်ပြင်ပေါ်နှင့် ရင်ပြင်အောက်ပိုင်းတို့၌ စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီက မြက်များ၊ ချုံနွယ်များကို ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

(ကြေးမုံ)

ဝေန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၅

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဝေန်မြစ်ရှိ ငါးသိုင်းချောင်းမြို့အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

(ကြေးမုံ)

❖ ကျောဖုံးမှ

ဆက်လက်ရှာဖွေရာ ရဲဘော်ကျကျေးရွာ၏ အနောက်မြောက်ဘက်တွင် အလောင်း ၂၈ လောင်း တွေ့ရှိခဲ့သည့်နေရာအနီး ထပ်မံရှာဖွေခဲ့သည်။

ယမန်နေ့က တွေ့ရှိခဲ့သည့်နေရာ၏ အရှေ့ဘက် မီတာ ၂၀၀ အကွာ တောင်ကြော၏ တစ်ဖက်ခြမ်း၌ အကျယ် ၁၀ ပေ၊ အနက် လေးပေခန့်ရှိ မြေကျင်းအတွင်းမှ ဟိန္ဒူဘာသာဝင် အမျိုးသားအလောင်း ၁၄ လောင်း၊ ၎င်းနေရာနှင့် ခုနစ်ပေခန့်အကွာ၌ အကျယ် ၁၀ ပေ၊ အနက် သုံးပေခန့်ရှိ မြေကျင်းအတွင်းမှ ဟိန္ဒူဘာသာဝင် အမျိုးသားအလောင်း သုံးလောင်း၊ စုစုပေါင်း ရုပ်အလောင်း ၁၇ လောင်း ထပ်မံတူးဖော်ရရှိခဲ့ပြီး ဒေသခံ ဟိန္ဒူဘာသာဝင်များ၏ ပြောကြားချက်အရ ရဲဘော်ကျကျေးရွာနေ ဟိန္ဒူဘာသာဝင်များဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

တူးဖော်တွေ့ရှိသည့် ရုပ်အလောင်းများအား မောင်တောခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မောင်မောင်သိန်း၊ မြို့နယ်တရားသူကြီး ဦးဇော်ဇော်သန်း၊ မှုခင်းတပ်ဖွဲ့မှ ရဲမှူးရဲအောင်တို့က စိစစ်ရာ လက်ပြန်ကြိုးတုပ်လျက်တွေ့ရှိရပြီး လည်ပင်းလှီးဖြတ်ဒဏ်ရာ၊ ချွန်ထက်သော အရာများဖြင့် ထိုးသွင်းထားသော ဒဏ်ရာများကြောင့် လွန်ခဲ့သော တစ်လခန့်က သေဆုံးခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရကြောင်းနှင့် ရုပ်အလောင်းများကို ရင်ခွဲစစ်ဆေးမှုများ ပြုလုပ်ကာ ဒဏ်ရာ၊ ဒဏ်ချက်များအား အသေးစိတ်စိစစ်ပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူသွားမည်ဖြစ်ပြီး ဟိန္ဒူဘာသာဝင်များ၏ ထုံးတမ်းစဉ်လာနှင့်အညီ သင်္ဂြိုဟ်သွားမည်ဖြစ်ကြောင်း သိရသည်။ စက်တင်ဘာ ၂၄ ရက်နှင့် စက်တင်ဘာ ၂၅ ရက်တို့တွင် တူးဖော်ရရှိသည့် ဟိန္ဒူဘာသာဝင် ရုပ်အလောင်း စုစုပေါင်း ၄၅ လောင်း တူးဖော်ရရှိခဲ့ပြီး ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဦးယုလွင်အောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ရဲဘော်ကျကျေးရွာ အနောက်မြောက်ဘက်တွင် ဟိန္ဒူဘာသာဝင် ရုပ်အလောင်းများ တွေ့ရှိသည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် ဟိန္ဒူဘာသာဝင် မိသားစုများအား နှစ်သိမ့်အားပေးစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရာသီဥတုပြောင်းလဲခြင်းနှင့် ရေမလုံလောက်မှု သတင်းအချက်အလက်များဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

မဲခေါင်နှင့် ဧရာဝတီ၊ ချင်းတွင်းမြစ်ဝှမ်းများတွင် "ရာသီဥတုပြောင်းလဲခြင်းနှင့် ရေမလုံလောက်မှု သတင်းအချက်အလက်များဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ MELIA ဟိုတယ်၌ပြုလုပ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရာသီဥတုပြောင်းလဲမှု၊ ရေရှားပါးမှုအားလုံးသည် မြန်မာနိုင်ငံ၏ အရေးကြီးသည့် စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း၊ ယင်းအခြေအနေများကို ပြေလည်အောင်မည်သို့ဖြေရှင်းမည်ဆိုသည့် အနေအထားအားလုံးသည် ပညာရှင်များအပိုင်းက လိုအပ်သလို သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုသည် ပြည်သူများပါဝင်မှုဖြစ်မည် ဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးက ယင်းအခြေအနေများသည် ဆောင်ရွက်သင့်သည်၊ ၎င်းတို့ကိုလုပ်ဆောင်သင့်သည်၊ အားလုံး ပူးပေါင်းဆောင်ရွက်ကြမှုဖြစ်မည်ဆိုသည့် အသိတစ်ခုရရှိရန် လုပ်ဆောင်ရမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ပြုပြင်ပြောင်းလဲမှုများကို သတင်းမီဒီယာများကသာ တည်ဆောက်ပေးနိုင်မှာဖြစ်ကြောင်း၊ သတင်းမီဒီယာများ၏အခန်းကဏ္ဍသည် အရေးပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲကနေ သတင်းသမားများ၏ စွမ်းရည်ကို အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံအခြေစိုက် Stockholm Environment Institute(SEI, Asia)နှင့် မြန်မာ့ပတ်ဝန်းကျင်သိပ္ပံတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး သတင်းသမားများအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲမှရရှိသည့် အတွေ့အကြုံများကိုအခြေခံ၍ ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေစွာ နေထိုင်ခြင်းကို ပြည်သူလူထုသို့ သတင်းအချက်အလက်များ ပေးပို့တင်ပြရာတွင် တိကျမှန်ကန်စွာ တင်ပြရေးသားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မဲခေါင်ဒေသ၏ ရာသီဥတုပြောင်းလဲခြင်းနှင့် ရေမလုံလောက်မှုများ၊ သိပ္ပံနည်းကျ သတင်းအချက်အလက်များနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အတွေးအခေါ်များကို လက်တွေ့ကျကျရေးသားရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ၊ ဧရာဝတီမြစ်ဝှမ်းနှင့် ချင်းတွင်းမြစ်ဝှမ်းများတွင် ပြုလုပ်ထားသော သုတေသနရလဒ်များမှ ရရှိလာသော ရာသီဥတုပြောင်းလဲခြင်းနှင့် ရေမလုံလောက်မှုများအကြောင်းတို့ကို နိုင်ငံတကာမှ သတင်းမီဒီယာများ၏ အတွေ့အကြုံများဖလှယ်ခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်း၊ သတင်းသမားနှင့် ပညာရှင်တို့ပူးပေါင်း၍ ပြည်သူလူထုထံသို့ မည်သို့ တင်ပြရမည် စသည်တို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ သုံးရက်တာကာလအတွင်း ဒုတိယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရှိ လက်ခုပ်ကုန်းကမ်းခြေသို့ သွားရောက်၍ ဒီရေတောပေါက်ရောက်ရာနေရာများ၊ ကမ်းခြေတိုက်စားခြင်း၊ ရေရှားပါးခြင်းနှင့် ဆားငန်ရေဝင်ရောက်ခြင်းနှင့် ပတ်သက်၍ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံမှ သတင်းသမားများ တက်ရောက်ပြီး စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်ထိ သုံးရက်တာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သီသီမင်း)

ညောင်လေးပင်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

ညောင်လေးပင် စက်တင်ဘာ ၂၅

(၅၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ညောင်လေးပင်၊ ပြွန်တန်ဆာ၊ ပိန်းဇလုပ်၊ မဒေါက်မြို့များရှိ ရဲတပ်ဖွဲ့ဝင်များသည်

စက်တင်ဘာ ၂၄ ရက်က မြို့နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရာတွင် ညောင်လေးပင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီး၊ မြို့မရဲစခန်းမှူး ဒု-ရဲမှူးဇော်မိုးနှင့် ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့ဆေးရုံဝင်းအတွင်း၊ အပြင်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ အလားတူ ပြွန်တန်ဆာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်စိုးသိန်းဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက ပြွန်တန်ဆာတိုက်နယ်ဆေးရုံ၌လည်းကောင်း၊ ပိန်းဇလုပ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်ကျော်လင်းနှင့် တပ်ဖွဲ့ဝင်များက ပိန်းဇလုပ် တိုက်နယ်ဆေးရုံ၌လည်းကောင်း၊ မဒေါက်နယ်မြေရဲကင်းစခန်းမှ စခန်းမှူး ဒု-ရဲအုပ်စချမ်းမြေ့ဝင်းနှင့် တပ်ဖွဲ့ဝင်များက မဒေါက်တိုက်နယ်ဆေးရုံ၌လည်းကောင်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရန် စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲ ကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၂၅

မိတ္ထီလာတွင် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အလက(ခွဲ) ပြည်သာယာ၌ ကျင်းပသည်။

အဆိုပါ စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲတွင် ကျောင်းအုပ်ဆရာ ဦးအောင်ဇော်မိုးက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းပေးသူများအား ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသားကျောင်းသူများကို အားလပ်ချိန်တွင် ကျောင်းစာကြည့်တိုက်မှ စာအုပ်စာပေများ လေ့လာဖတ်ရှုကြရန် မှာကြားသည်။

ဆက်လက်၍ ကျောင်းစာကြည့်တိုက်အတွက် အလှူရှင်များက သုတရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ပြီး ကျောင်းသားကျောင်းသူများ အားလပ်ချိန်တွင် စာပေလေ့လာဖတ်ရှုရေးနှင့် ပတ်သက်ပြီး မောင်မဲတူ(စီမံကိန်း)က ဟောပြောခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ဖတ်စရာ မှတ်စရာ

သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနှင့် LNG (သဘာဝဓာတ်ငွေ့ရည်)

ကမ္ဘာကြီး၏ နေ့စဉ်နှင့်အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများ၊ ဆန်းသစ်သောတီထွင်မှုများ၊ လျင်မြန်သော သတင်းအချက်အလက်ဆိုင်ရာ ပျံ့ဝင်စီးဆင်းမှုများ၏ ထောက်ပံ့မှုအဓိကပင်မမဏ္ဍိုင်ကြီးသည် လျှပ်စစ်စွမ်းအင်ပင် ဖြစ်ပါသည်။ ထိုသို့ အဓိကအရေးကြီးလှသော လျှပ်စစ်စွမ်းအင်ကို စဉ်ဆက်မပြတ် ဖော်ထုတ်ရရှိနိုင်ရန်အတွက် အရင်းမြစ်များကို လူသားတို့သည် အချိန်နှင့်အမျှ တွေးတောကြံဆ ဖန်တီးထုတ်လုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် မူလအစက ရေအားလျှပ်စစ်အပေါ်၌ အဓိက အားထားတည်မှီခဲ့ပါသည်။ ၎င်းရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှုသည် သဘာဝနှင့် ရာသီဥတုအပေါ်၌သာတည်မှီပြီး မိုးရွာသွန်းမှုနှင့် ဆည်များ၏ ရေသိုလှောင်ထိန်းသိမ်းနိုင်မှုတွင်သာ မှီခိုအားထားခဲ့ရပါသည်။ သို့သော်လည်း ၂၁ ရာစု ကမ္ဘာကြီးပူနွေးလာမှုနှင့် ဖန်လုံအိမ်အာနိသင်များသည် ရာသီဥတုနှင့် သဘာဝတောတောင် ရေမြေတို့၏ဂေဟစနစ်ကို တစ်နေ့ထက်တစ်နေ့ ခြိမ်းခြောက်လျက်ရှိပါသောကြောင့် ရေအားမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်မှုသည် မရေရာမှုများ တိုးပွားလာနေပါသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို တည်ဆောက်၍ ဓာတ်အားများကို ထုတ်လုပ်လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ် မှ ၂၀၁၆ ခုနှစ်အထိ လိုအပ်သော လျှပ်စစ်ဓာတ်အားပမာဏ ရရှိနိုင်ရန်အတွက် တည်ဆောက်ဆဲနှင့် ဆက်လက်တည်ဆောက်မည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများအားလုံး စက်စွမ်းအားအပြည့်လည်ပတ်ရန် လိုအပ်ပါသည်။ ထိုသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ၏ သတ်မှတ်ထားသော စွမ်းအားအပြည့်အဝလည်ပတ်၍ လုံလောက်သော လျှပ်စစ်ဓာတ်အားများထုတ်လုပ်ရရှိရန် အဓိကလိုအပ်ချက်မှာ သဘာဝဓာတ်ငွေ့ပင် ဖြစ်ပါသည်။

သဘာဝဓာတ်ငွေ့ရည်- Liquefied Natural Gas (LNG) ဆိုသည်မှာ သဘာဝဓာတ်ငွေ့(Natural Gas)ကို လေထုဖိအား၌ (-၁၆၁ ဒီဂရီစင်တီဂရိတ်)အပူချိန်သို့ရောက်အောင် လျှော့ချအအေးခံပါက သဘာဝဓာတ်ငွေ့ရည်အဖြစ်သို့ ရောက်ရှိပြီး ထုထည်ပမာဏသည်လည်း ၆၀၀ ပုံ တစ်ပုံအထိ သေးငယ်သွားပါသည်။ ဤကဲ့သို့ ထုထည်ပမာဏ သေးငယ်သွားသဖြင့် သိုလှောင်ကန်များအတွင်း ထည့်သွင်းသိုလှောင်ပြီး ဈေးကွက်သို့ ပို့ဆောင်နိုင်ပါသည်။ ထို့နောက် သဘာဝဓာတ်ငွေ့ရည်ကို အငွေ့အဖြစ်သို့ ပြန်လုပ်ပြီး ပိုက်လိုင်းမှတစ်ဆင့် ဖြန့်ဖြူးနိုင်ပါသည်။ သဘာဝဓာတ်ငွေ့ရည်သည် အပူချိန်(-၁၆၁ ဒီဂရီစင်တီဂရိတ်)၌ အလွန်အေးသဖြင့် ဓာတ်ဆီ၊ ဒီဇယ်ဆီ စသည့် ရေနံပစ္စည်းများသိုလှောင်သည့် သာမန်ကာဗွန်စတီး သိုလှောင်ကန်များအတွင်း ထည့်သွင်းသိုလှောင်၍မရဘဲ အအေးခံနိုင်သော တန်ဖိုးကြီးသည့် ခရိုင်ရိုဂျင်းနစ်(Cryogenic) သိုလှောင်ကန်များဖြင့်သာ သိုလှောင်ထားရှိနိုင်ပါသည်။

သဘာဝဓာတ်ငွေ့ရည် သိုလှောင်ကန်များတည်ဆောက်ရာ၌ နီကယ် ကိုးရာခိုင်နှုန်းပါဝင်သော အလွိုင်းစတီးပြားများကို အသုံးပြုရပါသည်။

သဘာဝဓာတ်ငွေ့ရည်ကို အောက်ဖော်ပြပါနည်းစဉ် နှစ်နည်းဖြင့် ပြန်လည်၍ အငွေ့ပြုလုပ်ဖြန့်ဖြူးနိုင်ပါသည်။

မြေပေါ်၌သိုလှောင်ပြီး ပြန်လည်၍အငွေ့ ပြုလုပ်သည့်နည်း-(Land based Regas Terminal)

ကုန်းပေါ်၌ သဘာဝဓာတ်ငွေ့ရည်သိုလှောင်ကန်များ၊ ပိုက်လိုင်းများ ဆက်စပ်စက်ပစ္စည်းများတည်ဆောက်ပြီး ဆိပ်ခံတံတားကိုပါ တည်ဆောက်ရပါသည်။ သဘာဝဓာတ်ငွေ့ရည် သယ်ဆောင်လာသည့် သင်္ဘောကြီးမှတစ်ဆင့် ချယူလက်ခံသိုလှောင်၍ ပြန်လည်ဖြန့်ဖြူးနိုင်ပါသည်။ တစ်နှစ်လျှင် သဘာဝဓာတ်ငွေ့ရည်တန်ချိန် သုံးသန်းမှ ငါးသန်းတန်အထိ လက်ခံသိုလှောင်ဖြန့်ဖြူးနိုင်သော စက်ပစ္စည်းများတည်ဆောက်ရန် ဆိပ်ခံတံတားအပါအဝင် ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ဝန်းကျင် ရှိမည်ဖြစ်ကြောင်း၊ တည်ဆောက်ရန် ကြာမြင့်မည့်ကာလမှာ လေးနှစ်ခန့်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ရေပေါ်၌သိုလှောင်ပြီး ပြန်လည်၍အငွေ့ပြုလုပ်သည့်နည်း- Floating storage and Regas Unit (FSRU)

သဘာဝဓာတ်ငွေ့ရည်ကို သင်္ဘော၏ဝမ်းဗိုက်အတွင်း သိုလှောင်ကန်များဖြင့် သိုလှောင်၍ သင်္ဘောကုန်းပတ်ပေါ်၌ ပြန်လည်၍ အငွေ့ပြုလုပ်သည့် စက်ပစ္စည်းတပ်ဆင်ပါသည်။ FSRU နှင့် သဘာဝဓာတ်ငွေ့ရည် သယ်ဆောင်သည့် သင်္ဘောတစ်ပြိုင်တည်းဆိုက်ကပ်၍ ဆီချယူရန် ဆိပ်ခံတံတားကိုလည်း တည်ဆောက်ရပါသည်။ FSRU တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ဆိပ်ခံတံတားအပါအဝင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဝန်းကျင်ဖြစ်ကြောင်း၊ တည်ဆောက်ရန် ကြာမြင့်ကာလမှာ သုံးနှစ်ခန့်ဖြစ်ကြောင်း သိရှိရပါသည်။

သဘာဝဓာတ်ငွေ့ရည် ဈေးနှုန်း

Spot Market ဈေးနှုန်းမှာ US$ 15 to USD 17 per mm Btu ဝန်းကျင်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ရေးအတွက် လက်တွေ့အခြေအနေအရပ်ရပ်များနှင့် ကိုက်ညီမှုရှိခြင်း၊ ကောင်းကျိုးအများဆုံးရရှိကာ ဆိုးကျိုးအနည်းဆုံးဖြစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်ခြင်းတို့ကြောင့် သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ထပ်မံတည်ဆောက်လည်ပတ်နေရဦးမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ရာသီဥတုသည်လည်း အယ်နီညိုဖြစ်စဉ်များလာသည်ဖြစ်ရာ တစ်နှစ်ထက်တစ်နှစ် ပူပြင်းခြောက်သွေ့ရက်များတိုးလာပြီး မိုးရွာရက်များ လျော့နည်းလာနေခြင်းကြောင့် ရေလှောင်တမံများ၌ ရေဝင်ရောက်မှုနည်းလာပြီး နှစ်စဉ်ရေအားလျှပ်စစ်ထုတ်လုပ်မှု လျော့ကျလာနေပါသည်။

၎င်းပြင် ပူပြင်းသောနွေကာလများ၌ မြို့နေပြည်သူများက ပန်ကာ၊ လေအေးစက်၊ ရေခဲသေတ္တာ စသည်များအသုံးပြုမှုတိုးတက်လာနေသဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေပါသည်။

သို့ဖြစ်၍ ပူပြင်းသောနွေကာလများ၌ LNG ကိုအသုံးပြု၍ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၌ "Peakshaving" ပြုလုပ်နိုင်ပါက လျှပ်စစ်ဝန်အားကို ထိန်းသိမ်းနိုင်မည်ဖြစ်၍ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့ကျနိုင်မည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

မောင်ငွေ(ရန်ကုန်စက်မှုတက္ကသိုလ်)
B.Sc. Engg(Rgn.), AMIMechE (Lon.)

မှတ်ပုံတင်ထားသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများ CI ပြုလုပ်ခွင့်ရရှိ

မယ်ဆိုင် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံအစိုးရမှ မှတ်ပုံတင်ထားသည့် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို စက်တင်ဘာ ၁၅ ရက်မှစတင်၍ "မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်" CI (Certificate Identify)စာအုပ်ကို မြန်မာနိုင်ငံသားအလုပ်သမား အများစုနေထိုင်ကြသည့် ထိုင်းနိုင်ငံအတွင်းရှိ ခရိုင်ကိုးခု၌ CI စာအုပ်ထုတ်ပေးသည့် စင်တာများဖွင့်လှစ်ပြီး နေ့ချင်းပြီး(One Stop Service) ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဗန်ကောက်ရှိ မြန်မာသံရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အနက် သက်တမ်းကျန်ရှိသေးသည့် ယာယီနိုင်ငံကူးလက်မှတ် ခြောက်နှစ်သက်တမ်းရှိ(ခရမ်းရောင်၊ အနီရောင်) စာအုပ်သမားများအား စက်တင်ဘာ ၁၀ ရက်မှစ၍ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်စာအုပ် ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ ယာယီနိုင်ငံကူးလက်မှတ် သက်တမ်းကျန်ရှိနေသည့် အလုပ်သမားများအနေဖြင့် မိမိတို့၏ နိုင်ငံကူးလက်မှတ်ကို ယူဆောင်ပြီး နီးစပ်ရာ 7eleven စတိုးဆိုင်သို့သွားရောက်၍ CI စာအုပ်ကြေး ဘတ်ငွေ ၃၀၀ ကို ပေးသွင်းကာ မိမိနေထိုင်ရာအနီးရှိ CI စာအုပ်ထုတ်ပေးရေးစင်တာသို့ သွားရောက်ပြီး CI စာအုပ်ပြုလုပ်ခွင့်ရကြောင်း သိရသည်။

ထိုင်းနိုင်ငံ စမွတ်စုန်ခါမြို့တွင် အိမ်အကူလုပ်နေသည့် မနန်းညွန့်ဖူးက "ကျွန်မတို့လို အထောက်အထားမဲ့ မြန်မာအလုပ်သမားတွေ CI စာအုပ်ပြုလုပ်ခွင့်ရလို့ မြန်မာနဲ့ ထိုင်းနှစ်နိုင်ငံအစိုးရကို ကျေးဇူးတင်ပါတယ်။ အထောက်အထားမဲ့ အလုပ်သမားဘဝကနေ တရားဝင်အလုပ်သမားအဖြစ်ကို ရောက်ရှိသွားတဲ့အတွက် ပျော်ရွှင်ပါတယ်" ဟု ပြောသည်။

ထိုင်းအလုပ်သမားဝန်ကြီးဌာနသို့ မှတ်ပုံတင်ထားသည့် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမား အနေဖြင့် 7eleven စတိုးဆိုင်များတွင် CI စာအုပ်ပြုလုပ်ခ ဘတ်ငွေ ၃၀၀ နှင့် အလုပ်လုပ်ခွင့်ပြုချက်(Work Permit) ပြုလုပ်ကြေး ဘတ်ငွေ ၅၀၀ ကို သွားရောက်ပေးသွင်းရမည် ဖြစ်သည်။ ငွေသွင်းပြီးပါက ငွေသွင်းပြေစာ၊ ထိုင်းအလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် အထောက်အထား စာရွက်နှင့် အလုပ်ရှင်၏လက်မှတ်ပါ စာရွက်စာတမ်းများကို ယူဆောင်ကာ မိမိတို့နေထိုင်ရာဒေသနှင့် နီးစပ်သည့် CI စာအုပ်ထုတ်ပေးရေး စင်တာများတွင် စက်တင်ဘာ ၁၅ ရက်မှစတင်၍ CI စာအုပ်သွားရောက်လုပ်ကိုင်ခွင့်ရရှိပြီး ဖြစ်ကြောင်း အလုပ် သမားသံအရာရှိ ဦးမိုးအောင်ခိုင်ထံမှ သိရသည်။

ပြီးခဲ့သည့် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၁ ရက်အထိ ထိုင်းအလုပ်သမားဝန်ကြီးဌာနသို့ စာရင်းပေးသွင်းထားသည့် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားရွှေ့ပြောင်းအလုပ်သမားဦးရေမှာ စုစုပေါင်း ၂၈၈၉၅၄ ဦးရှိပြီး စာရင်းပေးသွင်းသည့် အလုပ်သမားအများစုမှာ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းတို့တွင် လုပ်ကိုင်နေကြသည်။ စာရင်းပေးသွင်းမှုအများဆုံး ခရိုင်များမှာ ဗန်ကောက်မြို့၊ ချွန်ဘူရီခရိုင်၊ စမုပရာကန်ခရိုင်၊ ပထုံဌာနီခရိုင်နှင့် ချင်းမိုင်တို့မှ အလုပ်သမားအများဆုံးဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ အဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် "မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်" CI ထုတ်ပေးရေးစင်တာများကို ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဆုန်ခလာ၊ ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ချင်းမိုင်နှင့် ထိုင်းနိုင်ငံ အလယ်ပိုင်းရှိ နကော့စဝမ် စသည့်ဒေသများတွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ထားရှိကြောင်း အလုပ်သမားသံအရာရှိ ဦးမိုးအောင်ခိုင်ထံမှ သိရသည်။

"အခုဆိုရင် ယာယီနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားတဲ့ အလုပ်သမားတွေအပြင် အထောက်အထားမဲ့ အလုပ်သမားတွေကိုပါ ပန်းရောင်ကတ်သမားများနဲ့အတူ CI စာအုပ်ထုတ်ပေးနေတာဖြစ်လို့ CI စာအုပ်ပြုလုပ်ကြမယ့် ကျွန်တော်တို့ မြန်မာအလုပ်သမားတွေ အဆင်ပြေစေဖို့အတွက် CI စာအုပ်ထုတ်ပေးရေးစင်တာပေါင်းသုံးခု ထပ်မံတိုးချဲ့ပေးထားပါတယ်။ ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနကလည်း CI စာအုပ်ပြုလုပ်ကြမယ့် မြန်မာအလုပ်သမားတွေ ဗီဇာကိစ္စတွေပါ အဆင်ပြေစေဖို့ အတွက် CI စင်တာတွေမှာ သွားရောက်ရုံးထိုင်ပေးနေသလို ထိုင်းအလုပ်သမားဝန်ကြီးဌာနအပြင် ထိုင်းကျန်းမာရေးဝန်ကြီးဌာနကပါ လာရောက်ရုံးဖွင့်ဆောင်ရွက်ပေးနေပါတယ်" ဟု အလုပ်သမားသံအရာရှိ ဦးမိုးအောင်ခိုင်က ပြောသည်။

ထိုင်းနိုင်ငံတွင် ဖွင့်လှစ်ထားသည့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် CI စာအုပ်ပြုလုပ်ပေးသည့် စင်တာ ကိုးခုသို့ CI စာအုပ်လာရောက်ပြုလုပ်ကြသော မြန်မာအလုပ်သမားဦးရေစာရင်းမှာ မတ် ၃ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ CI စာအုပ်လာရောက် ပြုလုပ်သည့် ပန်းရောင်ကတ်ကိုင်ဆောင်ထားကြသော မြန်မာအလုပ်သမားစုစုပေါင်း ၃၂၁၁၉၄ ဦး ရှိနေပြီဖြစ်ကြောင်း အလုပ်သမားသံအရာရှိ ဦးမိုးအောင်ခိုင်၏ ပြောပြချက်အရ သိရသည်။ **(ပွင့်သစ္စာ)**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ စစ်စံထွန်းဆေးရုံ၌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် အောင်အောင် ဦးစီးသည့် ရဲတပ်ဖွဲ့များ၊ စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်းကြစဉ်။ (ကိုကိုရှုပ)

စာဖတ်စွမ်းရည်မြင့်မားရေး လေ့ကျင့်သင်ကြား

မြင်းခြံ စက်တင်ဘာ ၂၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြင်းခြံခရိုင်ရုံးသည် ပြည်သူများ စာဖတ်စွမ်းရည်မြင့်မားစေရေး၊ မှတ်ဉာဏ်ကောင်းမွန်စေရေးနှင့် အသိပညာဗဟုသုတတိုးပွားစေရေးအတွက် လေ့ကျင့်သင်ကြားမှုများကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

စာဖတ်စွမ်းရည်မြင့်မားစေရန်အတွက် အမှတ်(၆) အခြေခံပညာအလယ်တန်း ကျောင်း(အလင်းရောင်ကျောင်း)မှ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများ ကိုယ်တိုင် စာများဖတ်ပြစေခြင်း၊ ဖတ်ပြသောစာများကို မှတ်မိသ၍ ပြန်လည်ရေးသားစေခြင်းဖြင့် မှတ်ဉာဏ်ကောင်းမွန်စေရန် လေ့ကျင့်ပေးခြင်း၊ သင်္ချာစွမ်းရည်မြင့်မားစေရန် ပျော်ရွှင်ဖွယ်(ဆုဒိုခု)ဂဏန်းဖြည့်ကစားခြင်း၊ အသိပညာတိုးပွားစေရန် "စာပေရေချမ်းစင်" ဇာတ်လမ်းပြသပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းနဲ့နယ်မြေစခန်းမှူး ရဲအုပ် မောင်မောင်အောင်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်အင်အား ၃၀ တို့ အုန်းနဲ့ တိုက်နယ်ဆေးရုံဝင်းအတွင်း ခြင်၊ ယင်များ မပေါက်ပွားစေရေးအတွက် ချုံနွယ်များ၊ အမှိုက်များ စုပေါင်းရှင်းလင်း ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

စကုတွင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

မင်းဘူး စက်တင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး စကုမြို့ အမှတ်(၃)ရပ်ကွက် အရှည်ပေ (၁၈၀၀) အကျယ်(၁၂)ပေရှိ ဗောဓိလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၂၃၃၂၀၀၀၀ ဖြင့် အကုန်ကျခံ လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ လမ်းခင်းနေမှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့က စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းသည် မြေသားလမ်းအဆင့်သာရှိပြီး ကုန်ထုတ်လုပ်မှုတွင် အသုံးပြုသော ဆည်တော် ကျေးရွာနှင့် မန်းရွှေစက်တော်ဘုရားသို့ ဖြတ်သန်းသွားလာရသောလမ်းဖြစ်သည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ်တွင် လုပ်ငန်းလျာထား၍ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လမ်းပြီးစီးပါက ရပ်ကွက်နေပြည်သူများ၊

ကျေးရွာ ပြည်သူများသာမက ဘုရားဖူးယာဉ်များပါ သွားလာရေးအဆင်ပြေချောမွေ့မည်ဖြစ်သည်။

ဖိုးပြည့်(မင်းဘူး)

မွေးမြူရေးဆိုင်ရာ သဘာဝဘေး စီမံခန့်ခွဲမှု သင်တန်းဖွင့်

ပခုက္ကူ စက်တင်ဘာ ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျင်းပဖွင့်လှစ်သော မွေးမြူရေးဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် ပခုက္ကူမြို့နယ်အတွင်းရှိ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၁၅)ရပ်ကွက်၊ ဂဝံလေးတိုင်ဆွဲကြီး၊ အနောက်တော၊ နံ့ဂါတ်၊ ကိုင်း၊ ကိုးပင်၊ သံဘို၊ ချိုင်၊ ကွန်း၊ ပခုက္ကူကျွန်း၊ စဘော၊ မြစ်ခြေ စသည့် မြို့၊ ကျေးရွာ၊ ရပ်ကွက်များမှ သင်တန်းသား ၂၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်ကြာ သင်တန်းပို့ချသွားမည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)

အလယ်တန်းအဆင့် ဓမ္မစကူးလ် ဆရာဖြစ်သင်တန်းဖွင့်

ဇလွန် စက်တင်ဘာ ၂၅

ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ ကြီးမှူး၍ ဇလွန်မြို့နယ် ဓမ္မစကူးလ်ကော်မတီမှ နှစ်စဉ်ကျင်းပသော အမှတ်(၈၇) အလယ်တန်းအဆင့် ဓမ္မစကူးလ် ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က ဇလွန်မြို့မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီးဝင်းအတွင်းရှိ မဟာအတုလဝေယံသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

ဇလွန်မြို့နယ် ဓမ္မစကူးလ် ကော်မတီနာယကဆရာတော် ဦးကေသရ၊ ကော်မတီဥက္ကဋ္ဌ ဦးလှရွှေတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းတွင် သင်တန်းသား ၃၀၊ လေ့လာသူလေးဦး တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။ **ငွေသန်း(ပြန်/ဆက်)**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်များ ပြောင်းရွှေ့

ရွှေကျင် စင်တင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အင်္ဂနီကျေးရွာတွင် စက်တင်ဘာ၂၄ ရက် ည ၉ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုံးတိုင်းချောင်းရေများလျှံတက်လာ၍ နေအိမ်များပြောင်းရွှေ့ခဲ့ရသည်။

အဆိုပါချောင်းရေလျှံမှုကြောင့် ရွှေကျင်-ကျောက်ကြီးသွား ကားလမ်းပေါ်တွင် ရေကျော်မှုများဖြစ်ပွားခဲ့ပြီး ပဲခူးစုရပ်ကွက်၊ ကွက်သစ်ရပ်ကွက်နှင့် သမန်ဆိပ်ရပ်ကွက်တို့တွင် ရေများဝင်ရောက်ခဲ့ရာ အိမ်ခြေ ၇၀ ခန့်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း ဦးဆောင်၍ တာဝန်ရှိသူများက ရေလွတ်ရာသို့ နေအိမ်များ ပြောင်းရွှေ့ပေးခဲ့သည်။

အဆိုပါတောင်ကျရေလျှံမှုကြောင့် လူ၊ တိရစ္ဆာန်နှင့် အိုးအိမ်များပျက်ဆီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေတိုက်ကိုစိုး

ပလောက်မြို့ ညောင်ရှင်ကုန်းကျေးရွာ၌ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်

ပလောက် စက်တင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ ကျောက်လုံးကြီးကျေးရွာအုပ်စု ညောင်ရှင်ကုန်းကျေးရွာနေထိုင်သူ ဒေါ်စန်းမူ(၄၈နှစ်)သည် စက်တင်ဘာ ၂၅ ရက် နံနက် ၇ နာရီခွဲတွင် မီးသွေးမီးဖိုဖြင့် ထမင်းဟင်းချက်ရာ အနီးရှိဂက်(စ်)အိုးမှ မီးသွေးမီးဖို၏ အပူရှိန်ကြောင့် ဂက်(စ်)ပိုက်ပေါက်ထွက်ပြီး အနီးရှိပစ္စည်းများသို့ မီးကူးစက်၍မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာတွင် ပလောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပလောက်နယ်မြေရဲစခန်းမှူး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံရွာသူရွာသားများက မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုဖြစ်စဉ်တွင် ယင်းအိမ်၌ ရောင်းချရန် ကုန်ခြောက်ပစ္စည်းများနှင့် အုတ်ညှပ်တစ်ထပ်တိုက် သွပ်အမိုးများ မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ မီးကိုပေါ့ဆစွာသုံးစွဲသူ ဒေါ်စန်းမူအား ပလောက်မြို့နယ်မြေရဲစခန်းက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ဦး(ပြန်/ဆက်)

ယင်းမာပင်မြို့နယ်တွင် တရားမဝင်ကျွန်းသစ်များ သိမ်းဆည်းရမိ

ယင်းမာပင် စက်တင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် တရားမဝင်ကျွန်းသစ်များကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးပြည့်ဟိန်း၊ ကျောက်မှော်(၁)ဘိနယ် တောအုပ် ဦးသိန်းထွန်းအောင်နှင့် သစ်တောဝန်ထမ်းများ၊ ကန်ချောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်မိုးနှင့်အဖွဲ့သည် စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲက ယင်းမာပင်မြို့နယ် လက်ခုပ်ပင်ကျေးရွာ၏ အရှေ့ဘက်နှစ်ဖာလုံခန့် အကွာ ချင်းတွင်းမြစ်ကမ်းအနီး၌ တရားမဝင်ကျွန်း သစ် ၁၃ လုံး (၁ ဒသမ ၆၆၄ တန်)ကို ပိုင်ရှင်မဲ့ ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသော သစ်များကို ကျောက်မှော်(၁) ဘိနယ်သစ်တောစခန်း၌ ထိန်းသိမ်းထားရှိပြီး မြို့နယ်သစ်တောဦးစီးဌာနက သစ်တောဥပဒေအရ အမှုဖွင့်ဆောင်ရွက်နိုင်ရေး သစ်ပိုင်ရှင်ကို ဆက်လက်ရှာဖွေစုံစမ်းလျက်ရှိကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

နေပြည်တော် စက်တင်ဘာ ၂၅

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသောဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အမှတ်တံဆိပ်နှင့်အစားအသောက်အမျိုးအစားများ

စဉ်	အစားအသောက် အမျိုးအစား	အမှတ်တံဆိပ်	တွေ့ရှိချက်
၁။	လက်ဖက်	ဖိုးဇီးကွက်	Auramine O (ခွင့်မပြုဆိုးဆေး)
၂။	လက်ဖက်	မြမြင့်မိုရ်	Auramine O (ခွင့်မပြုဆိုးဆေး)
၃။	ငရုတ်ဆီ	ရွှေနှင်းဆီ	Rhodamine B (ခွင့်မပြုဆိုးဆေး)
၄။	လက်ဖက်	တာတီး	Auramine O (ခွင့်မပြုဆိုးဆေး)
၅။	ငရုတ်သီးပုံတုတ်ထိုး သကြားလုံး (လိမ္မော်ရောင်)	မြမြ	(Rhodamine B, Auramine O) (ခွင့်မပြုဆိုးဆေး)
၆။	ငရုတ်သီးပုံတုတ်ထိုး သကြားလုံး (ပန်းရောင်)	မြမြ	Rhodamine (ခွင့်မပြုဆိုးဆေး)
၇။	ဘောလုံးပုံတုတ်ထိုးသကြားလုံး(ရောင်စုံ)	မြမြ	(Rhodamine B,Auramine O) (ခွင့်မပြုဆိုးဆေး)

ဖိုးဇီးကွက် အမှတ်တံဆိပ် လက်ဖက်

ရွှေနှင်းဆီအမှတ်တံဆိပ် ငရုတ်ဆီ

မြမြ အမှတ်တံဆိပ် ငရုတ်သီးပုံတုတ်ထိုးသကြားလုံး (လိမ္မော်ရောင်)

မြမြင့်မိုရ်အမှတ်တံဆိပ် လက်ဖက်

တာတီးအမှတ်တံဆိပ် လက်ဖက်

မြမြ အမှတ်တံဆိပ် ဘောလုံးပုံတုတ်ထိုးသကြားလုံး(ရောင်စုံ)

ကျိုက်ထီးရိုး တောင်တက်ကားလမ်း မြေထိန်းနံရံပြိုကျ

ကျိုက်ထို စက်တင်ဘာ ၂၅

ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ကျိုက်ထီးရိုးတောင်တက် ကားလမ်း ရှမ်းအိပ်ကွေ့အနီး မိုင်တိုင်(၆/၀) နှင့် (၆/၁)အကြား၌ စက်တင်ဘာ ၂၄ ရက် နံနက် ၈နာရီခွဲက ကျောက်စီထားသည့် မြေထိန်းနံရံပြိုကျမှု ဖြစ်ပွားခဲ့သည်။

ထိုသို့ပြိုကျခဲ့သည့်နေရာကို ရသေ့တောင် ရဲစခန်းမှူး ရဲအုပ်ထွန်းသက်၊ ရဲတပ်ဖွဲ့(၂၂)မှ ဒုရဲအုပ်သူရစိုးနှင့် တောင်တက်မော်တော်ယာဉ်အသင်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ အလျား ၇၅ ပေ၊ အမြင့် ပေ ၄၀ ခန့်ရှိမြေထိန်းနံရံသည် ရာသီဥတုဒဏ်ကြောင့် ချောက်ကမ်းပါးထဲသို့ ပြိုကျခဲ့သည်ကိုတွေ့ရှိရပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိဘဲ ဘုရားဖူးယာဉ်များမှာ အန္တရာယ်ကင်းစွာ သွားလာလျက်ရှိကြောင်း သိရသည်။

ဝင်းမောင် (ကျိုက်ထို)

ကုန်ပစ္စည်းများ ပိုမိုသယ်ဆောင်လာမှု မရမ်းချောင်စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၅

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ သွင်းကုန်ကြေညာထားသည်ထက် ကုန်ပစ္စည်းများ ပိုမိုသယ်ဆောင်လာမှုကို မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စက်တင်ဘာ ၂၄ ရက်တွင် သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စခန်းကို ဖြတ်သန်းမည့် ခြောက်ဘီးယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ID/IL တွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော Shower Cream နှင့် ပစ္စည်းများ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၃၅ သန်း)ကိုတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၄ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃ ဒသမ ၃၆၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၂၃၃ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉ ဒသမ ၆၀၂ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(၀၀၁)

အားကစား

tjiif,ynf;p&maw&Gcsyr,fvnf

မေလှဲ့သင်း
စုစည်းသည်

စက်တင်ဘာ ၂၂ ရက်က ဖီဖာအကောင်းဆုံးဆုများအတွက် နောက်ဆုံးဆန်ခါတင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်ပါတယ်။ အမျိုးသားများအတွက် ထူးချွန်ဆု နှစ်ဆု၊ အမျိုးသမီးများအတွက် ထူးချွန်ဆု နှစ်ဆုစီနဲ့ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးသွင်းဂိုးဆုတို့ကို လာမယ့်အောက်တိုဘာ ၂၃ ရက် ကမ္ဘာကျော် လန်ဒန်ပယ်လေဒီယန်မှာ ပေးအပ်သွားမှာဖြစ်ပါတယ်။ နောက်ဆုံးဆန်ခါတင်စာရင်းမှာတော့ ဆုတစ်ဆုချင်းစီအတွက် သုံးဦးစီကို ဆန်ခါတင်အဖြစ်ရွေးထုတ်ခဲ့ပြီး ဒီသုံးဦးထဲက တစ်ဦးဟာ လာမယ့်အောက်တိုဘာ ၂၃ ရက် ညမှာ ဖီဖာရဲ့ တစ်နှစ်တာ အကောင်းဆုံးဆုရှင်တွေ ဖြစ်ခွင့်ရပါတော့မယ်။

အကောင်းဆုံးကစားသမားဆု(အမျိုးသား) ဆန်ခါတင်စာရင်းမှာ ပါဝင်ခဲ့သူများကတော့ စီရိုနယ်လ်ဒို(ပေါ်တူဂီ/ရီးယဲလ်မက်ဒရစ်)၊ မက်ဆီ (အာဂျင်တီးနား/ဘာစီလိုနာ)၊ နေမာ(ဘရာဇီး/ပီအက်စ်ဂျီ)တို့ဖြစ်ပါတယ်။ နေမာကတော့ လက်ရှိ ပီအက်စ်ဂျီအသင်းမှာ ကစားနေပြီဖြစ်ပေမယ့် ဒီဆုဟာ ဘာစီလိုနာအသင်းမှာစွမ်းဆောင်ခဲ့တဲ့ စွမ်းဆောင်ရည်တွေကြောင့် ရွေးချယ်ခံရတာလို့ အကြမ်းဖျင်း သတ်မှတ်နိုင်ပါတယ်။

အကောင်းဆုံးနည်းပြ(အမျိုးသား)ဆုစာရင်းမှာတော့ ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်း(ပြင်သစ်)၊ ဂျူဗင်တပ်နည်းပြ အယ်လီဂရီ(အီတလီ)၊ ချယ်လ်ဆီးနည်းပြ ကွန်တီ(အီတလီ)တို့ပါဝင်လာပါတယ်။ အကောင်းဆုံးကစားသမား(အမျိုးသမီး)ဆုစာရင်းမှာတော့ ကက်တယ်လာနော့စ်(ဗင်နီဇွဲလား/ ဖလော်ရီဒါဆီမင်နိုလက်စ်)၊ ကာလီလွိုက်(အမေရိကန်/မန်စီးတီး)၊ မာတင်စ်(နယ်သာလန်/ဘာစီလိုနာ)တို့ ပါဝင်ခဲ့သလို နည်းပြဆု(အမျိုးသမီးအသင်း)အတွက် နေးလ်နေဆန်(ဒိန်းမတ်/ ဒိန်းမတ်လက်ရွေးစင်အသင်း)၊ ဂျာရတ်ပရက်ရှာ(ပြင်သစ်/လိုင်ယွန်)၊ ဆရီနာဝီဂ်မန်(နယ်သာလန်/နယ်သာလန် လက်ရွေးစင်အသင်း)တို့ ပါဝင်ခဲ့ကြပါတယ်။

ဒါကြောင့် ဆန်ခါတင်စာရင်းမှာ ပါဝင်လာတဲ့ လူစာရင်းအရ မနှစ်ကတစ်နှစ်တာ အကောင်းဆုံးဆုရှင်တွေဖြစ်ကြတဲ့ စီရိုနယ်လ်ဒိုနဲ့ ကာလီလွိုက်တို့က နောက်ဆုံးဆန်ခါတင်သုံးဦးစာရင်းမှာ ပြန်လည်ပါဝင်လာခဲ့သလို မနှစ်က အကောင်းဆုံးနည်းပြဆုဆန်ခါတင်စာရင်းဝင်ခဲ့တဲ့ ဇီဒန်းကလည်း ယခုနှစ်မှာလည်း ဆက်လက်ပါဝင်လာပါတယ်။ ဒါပေမယ့် နည်းပြ(အမျိုးသမီးအသင်း)ဆု ဆန်ခါတင်စာရင်းမှာ ပါဝင်လာသူတွေအားလုံးကတော့ ဒီဆု စာရင်းကို တစ်ကြိမ်တစ်ခါမျှ ပါဝင်လာခြင်းမရှိဖူးသေးတဲ့ မျက်နှာသစ်တွေ ဖြစ်ပါတယ်။

ဖီဖာအနေနဲ့ ပြီးခဲ့တဲ့ ဩဂုတ် ၁၇ ရက်က ပဏာမစာရင်းကို ထုတ်ပြန်ကြေညာပေးခဲ့ပြီး ယခုနှစ် ဆုရွေးချယ်မှုရဲ့ ထူးခြားမှုအချို့ကို အနည်းငယ်မြင်တွေ့ခဲ့ရပါတယ်။ အရင်က အမျိုးသားတစ်ဦးချင်း ထူးချွန်ဆုတွေအတွက် ၂၃ ဦးကို ရွေးချယ်လေ့ရှိပေမယ့် ဒီနှစ်တော့ ဆုရွေးချယ်မှု စနစ်ပြောင်းလဲလာခြင်းနဲ့အတူ တစ်ဦးပိုလာပြီး ၂၄ ဦးဖြစ်လာသလို နည်းပြ (အမျိုးသား)ဆု ပဏာမစာရင်းမှာ ခါတိုင်း ၁၀ ဦးကနေ ၁၂ ဦးအထိ ဖြစ်လာပါတယ်။

ဖီဖာအနေနဲ့ ၁၉၉၁ ခုနှစ်ကတည်းက တစ်ဦးချင်း ထူးချွန်သူများအတွက် အကောင်းဆုံးဆုတွေကို ပေးအပ်ချီးမြှင့်ခဲ့ရာကနေ ၂၀၁၀ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ ဘလွန်းဒီအောဆုနဲ့ပူးပေါင်းပြီး ဖီဖာ ဘလွန်းဒီအောဆုအဖြစ် ပြောင်းလဲချီးမြှင့်ခဲ့ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်ကစပြီး သီးခြားဆုအဖြစ် ပြန်လည်ပြောင်းလဲချီးမြှင့်ခဲ့ရာမှာ ဘလွန်းဒီအော ဆုအရှိန်အောက် ကျရောက်နေတဲ့အနေအထားဖြစ်ခဲ့တာကြောင့် ဆုရွေးချယ်မှုပုံစံတွေကို ပြောင်းလဲခဲ့သလို အချိန်ကိုလည်း ရွှေ့တိုးကျင်းပခဲ့တယ်လို့ ယူဆရပါတယ်။ ဖီဖာတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို အများအားဖြင့် ဇန်နဝါရီလအတွင်း ပေးအပ်လေ့ရှိတတ်ပေမယ့် ဒီနှစ်မှာတော့ သုံးလနီးပါး ရွှေ့တိုးပြီး အောက်တိုဘာ ၂၃ ရက်မှာ ပေးအပ်ချီးမြှင့်သွားမှာဖြစ်ပါတယ်။

ဖီဖာအကောင်းဆုံးဆုနဲ့ ဘလွန်းဒီအောဆု ပေါင်းပြီးချီးမြှင့်တာက ကောင်းတာရှိသလို ဆိုးတာတွေလည်း ကြုံခဲ့ရပါတယ်။ ကောင်းတဲ့အချက်ကတော့ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုရရှိတဲ့ကစားသမားက ဘလွန်းဒီအောဆုနဲ့ ဖီဖာတစ်နှစ်တာအကောင်းဆုံးကစားသမားဆုဆိုပြီး ကွဲလွဲနေတာကြောင့် ဒီလူဟာ နှစ်တစ်နှစ်ရဲ့အကောင်းဆုံးကစားသမားဆိုတာ တစ်ယောက်တည်းရှိတယ်ဆိုတဲ့အချက်ကို ပေါ်လွင်စေပါတယ်။ ဆိုးတဲ့အချက်ကတော့ ပြင်ပအဖွဲ့အစည်းနဲ့ ပူးပေါင်းခဲ့တာကြောင့် ကစားသမားတစ်ဦးဟာ နိုင်ငံအသင်းမှာ ဘယ်လိုပင် ခြေစွမ်းပြပါစေ၊ ကလပ်အသင်းအောင်မြင်မှုရတဲ့ ကစားသမားကို ကျော်လွန်ခြင်းမရှိတဲ့အတွက် နိုင်ငံလက်ရွေးစင်အသင်းအတွက် ပေးဆပ်ကစားမှုတွေ နည်းပါးသွားနိုင်မလားဆိုတဲ့အခြေအနေပါ။ ဒါက ဘာလို့ပြောရသလဲဆိုရင် အချို့ကစားသမားတွေဟာ ကလပ်အသင်းအတွက် အာရုံစိုက်ချင်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အသက် (၃၀) မပြည့်ခင်မှာပဲ အနားယူသွားတာမျိုးတွေ ရှိလာတတ်တာကြောင့်ပါ။

ဒ့ါအပြင် အရင်က ဖီဖာတစ်နှစ်တာအကောင်းဆုံးဆု ဆန်ခါတင်စာရင်းဟာ ကမ္ဘာ့ဖလား၊ ဥရောပဖလားတွေလို ပွဲကြီးတွေမှာ လက်ရွေးစင်အသင်းအတွက် ခြေစွမ်းပြတဲ့ ကစားသမားတွေကသာ လွှမ်းမိုးထားခဲ့ပေမယ့် ဒီနှစ်တော့ ပွဲကြီးတွေမရှိတာကြောင့် ကလပ်အသင်းအောင်မြင်မှုမှာ အခြေခံပြီး ရွေးထုတ်လိုက်တာကို သတိပြုမိပါတယ်။ ဒါပေမယ့် ရွေးချယ်ခံရတဲ့ ကစားသမားအများစုဟာ တိုက်စစ်ကစားသမားတွေ ဖြစ်နေတာကြောင့် ကျန်နေရာမှာ ကစားတဲ့ကစားသမားတွေ ဘယ်လိုပင်ကောင်းပါစေ၊ တစ်ဦးချင်း ထူးချွန်ရွေးချယ်ပွဲတွေမှာတော့ မေ့လျော့ခံဖြစ်နေဆဲဆိုတဲ့အချက်ကို ပေါ်လွင်စေခဲ့ပါတယ်။

အရင်က ကွင်းလယ်ကစားသမား ဇီဒန်းက ဒီဆုကို သုံးကြိမ်တိုင်တိုင် မြှောက်နိုင်ခဲ့ဖူးသလို အီတလီနောက်ခံလူ ကန်နာဗာရိုးတို့လည်း ရရှိခဲ့ပေမယ့် ဒီဘက်ခေတ်မှာတော့ ဘောလုံးနည်းစနစ်ပိုင်းတွေ ပြောင်းလဲလာခဲ့သလို တိုက်စစ်ကစားသမားတွေကသာ လွှမ်းမိုးလာတဲ့အခြေအနေလို့ သတ်မှတ်ရတော့မှာပါ။ လက်ရွေးစင်အသင်းအောင်မြင်မှုထက် ကလပ်အသင်းအောင်မြင်မှုက အရေးပါလာတာ၊ တိုက်စစ်နေရာမဟုတ်တဲ့ နေရာစုံမှာကစားရတဲ့ ကစားသမားတွေအတွက် ဒီလို တစ်ဦးချင်းထူးချွန်ဆုတွေ လုံးဝမမျှော်မှန်းနိုင်တာစတဲ့ စတဲ့အကြောင်းအရာတွေက ဖီဖာဘလွန်းဒီအောဆုအဖြစ်ပေးတဲ့ ပူးတွဲပေးတဲ့ ကာလတွေမှာ အများဆုံးထွက်ခဲ့တဲ့ အသံတွေပဲဖြစ်ပါတယ်။

နောက်ဆုံး ဆန်ခါတင်စာရင်းမှာ ပါဝင်ဖူးကြတဲ့ ရီဘာရီ၊ ရှူုအာနဲ့ ဂရစ်ဇ်မန်းတို့က ဒီလိုအခြေအနေပေါ် ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ကြဖူးပါတယ်။ သူတို့ကတော့ ဒီလို တစ်ဦးချင်းထူးချွန်ဆုတွေဟာ ဘယ်သူရမယ်ဆိုတာ လွန်ခဲ့တဲ့ ၁၀ စုနှစ်ကျော်ကလို ရင်ခုန်စရာစောင့်ကြည့်ချင်စရာ မကောင်းတော့ဘဲ မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့နှစ်ဦး တစ်ဦးစီ အလှည့်ကျရယူနေတဲ့ဆုတွေ ဖြစ်နေပြီလို့ဆိုခဲ့ပြီး ရွေးချယ်ရေးစနစ်အပေါ် မေးခွန်းထုတ်ခဲ့ကြပါတယ်။ အရင်ကတော့ ဖီဖာအကောင်းဆုံးဆုရှင်တွေဟာ နိုင်ငံလက်ရွေးစင်နည်းပြများနဲ့ အသင်းခေါင်းဆောင်တွေကသာ မဲပေးရွေးချယ်ခဲ့ကြပေမယ့် နောက်ပိုင်းမှာတော့ ကမ္ဘာတစ်ဝန်းရှိ သတင်းစာဆရာများရဲ့ မဲပေးမှုကိုပါ ထည့်သွင်းလာခဲ့ပါတယ်။ ဒါပေမယ့် ဒီနှစ်မှာတော့ ပရိသတ်တွေရဲ့ မဲပေးမှုကိုပါ ပထမဦးဆုံးအကြိမ်အဖြစ် ထည့်သွင်းတွက်ချက်မှာဖြစ်ပြီး ဒီမဲအရေအတွက်ကို လေးချိုးတစ်ချိုး(၂၅ ရာခိုင်နှုန်း) ယူမှာဖြစ်ပါတယ်။

ဆိုတာကတော့ ဖီဖာအကောင်းဆုံးဆုတွေရဲ့ ရွေးချယ်မှုပုံစံကတော့ ပြောင်းလဲလာပါပြီ။ ဒါပေမယ့်လည်း ဖီဖာ တစ်နှစ်တာ အကောင်းဆုံးဆုကိုရော ဘလွန်းဒီအောဆုကိုရော စီရိုနယ်လ်ဒိုနဲ့ မက်ဆီတို့ကသာ နောက်နှစ်ရာသီလောက်အထိ ဆက်လက်လွှမ်းမိုးလာဖို့ ရှိနေဆဲအခြေအနေတွေကို မြင်တွေ့ရတုန်းပါပဲ။ ပရိသတ်တွေရဲ့အမြင်မှာတော့ ဘယ်သူက တစ်ရာသီကို ဂိုးဘယ်လောက်သွင်းတယ်ဆိုတာက ပိုပြီးထင်သာမြင်သာရှိသလို အမြဲတမ်းခြေစွမ်းပြတတ်တဲ့ စီရိုနယ်လ်ဒိုနဲ့ မက်ဆီတို့ရဲ့ခြေစွမ်းကို စောင့်ကြည့်နေကျတာဆိုတော့ လီဝန်ဒေါစကီး၊ ဆွာရက်ဇ်၊ နေမာတို့လို တိုက်စစ်မှူးတွေတောင် ဒီကစားသမားနှစ်ဦးကို မယှဉ်နိုင်သေးတဲ့အနေအထားပါ။

စီရိုနယ်လ်ဒိုဆိုရင် အချို့ပွဲတွေမှာ ခြေစွမ်းပျောက်တတ်ပေမယ့် သူက လိုအပ်တဲ့အချိန်မှာ အဆုံးအဖြတ်ပေးနိုင်တဲ့ ဂိုးတွေကို သွင်းယူပေးနိုင်တာ၊ သူ့ရဲ့ နှစ်ပေါင်းများစွာနေရာယူထားတဲ့ ပုံရိပ်က ကမ္ဘာ့ဘောလုံးပရိသတ်တွေကြားမှာ အထင်ရှားဆုံးအဖြစ် နေရာယူထားသူဖြစ်ပါတယ်။ မက်ဆီဆိုရင်လည်း လွန်ခဲ့တဲ့ ၁၀ စုနှစ် ၂၀၀၇ ခုနှစ်ကတည်းက ဖီဖာအကောင်းဆုံးဆုရရှိခဲ့ပြီး ဖီဖာဘလွန်းဒီအောဆုအဖြစ် အမည်ပြောင်းချီးမြှင့်ရာမှာလည်း လေးကြိမ်ရယူထားပြီး ဒီဆုကို ငါးကြိမ်တိုင်ရယူထားတဲ့ ကစားသမားဖြစ်ပါတယ်။ နေမာကတော့ မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့နှစ်ဦးကို ယှဉ်နိုင်ဖို့ခက်ပေမယ့် မကြာမီအချိန်အတွင်း နေမာ့ခေတ်ရောက်ရှိလာတာကို မြင်တွေ့ရဖွယ်ရှိနေပါတယ်။ ဒါပေမယ့် ဒီနှစ် ဖီဖာတစ်နှစ်တာအကောင်းဆုံးဆုကိုတော့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ လာလီဂါ၊ ချန်ပီယံလိဂ်ဖလားတွေကို ဆွတ်ခူးပေးခဲ့တဲ့ စီရိုနယ်လ်ဒိုကသာ ဆက်လက်သိမ်းပိုက်သွားဖွယ်ရှိနေပါတယ်။ စီရိုနယ်လ်ဒိုက ပြီးခဲ့တဲ့ဇန်နဝါရီလတုန်းကမှ ဖီဖာတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ကိုင်မြှောက်ခဲ့တာကြောင့် ၂၀၁၇ ခုနှစ်အတွင်း နှစ်ကြိမ်တိုင် ကိုင်မြှောက်တာကို မြင်တွေ့ရဖို့ သေချာသလောက်ပါပဲ။ တစ်နှစ်တာအကောင်းဆုံးနည်းပြ (အမျိုးသားအသင်း)ဆုကိုတော့ ဇီဒန်းသာရဖို့ရှိနေသလို အသက်(၁၈)နှစ်အရွယ် ဗင်နီဇွဲလားသူလေး ကက်တယ်လာနော့စ်တို့လို လူငယ်ကစားသမားတွေရဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်လာတာကလည်း ကြိုဆိုဖွယ်ကောင်းတဲ့အနေအထားလို့ဆိုရပါမယ်။

ဒါပေမယ့် ဆုရွေးချယ်မှုဆိုတာကလည်း ရွေးချယ်ခွင့်ရပုဂ္ဂိုလ်များရဲ့ အကြိုက်သာဖြစ်လို့ အားလုံးရဲ့ဆန္ဒနဲ့တော့ တစ်ထပ်တည်း ကျချင်မှကျမှာပါ။ ဒါပေမယ့် ဘယ်သူရသည်ဖြစ်စေ၊ မက်ဆီ၊ စီရိုနယ်လ်ဒိုနဲ့ နေမာတို့ရဲ့ စွမ်းဆောင်ရည်ဟာ ကျန်ကစားသမားတွေထက် ခေါင်းတစ်လုံးသာခဲ့တာကတော့ အမှန်ဖြစ်တာကြောင့် လက်ခုပ်တီးအားပေးဖို့ကလွဲပြီး တခြားမရှိပါဘူး။

စက်တင်ဘာ ၂၇ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂)

ဆီဗီလာ	-	မာရီဘော	နံနက် ၁း၁၅
စပါးတပ်စ်မော်စကို	-	လီဗာပူး	နံနက် ၁း၁၅
နာပိုလီ	-	ဖီယင်နော့ဒ်	နံနက် ၁း၁၅
မန်စီးတီး	-	ရှက်တာဒိုးနက်	နံနက် ၁း၁၅
မိုနာကို	-	ပေါ်တို	နံနက် ၁း၁၅
ဘီဆီတပ်စ်	-	လိုက်ပ်ဇစ်ပ်	နံနက် ၁း၁၅
ဒေါ့မွန်	-	ရီးယဲလ်	နံနက် ၁း၁၅
အေပိုရယ်	-	စပါး	နံနက် ၁း၁၅

ခိုင်ဝင်း

ရွှေထူးလွင် ချောင်းသာ/ငွေဆောင်/စား/တည်း/ငြိမ်းအဘာထွက်ပွဲ

Ph: 09 450044494, 09 450044496 ကားစီးလုံးငှားသည်။ (အိမ်အရောက်ပို့/ကြို)

FLOWERY LAND TRAVELS & TOURS

လွိုင်ကော်-ဒီမောဆိုး-ပဒေါင်ရွာ 5 Oct 2017 (3 D/2 N) ၁၂၅၀၀၀ိ/

မိုးကုတ်-မန္တလေး 4 Oct 2017 (4 D/3 N) ၁၃၅၀၀၀ိ/

Ph:01 523077, 01 525856, 09 420023148

09 400 90 8880, 09 79 5555 650

မအိ

ခရီးသွားပို့ဆောင်ရေး

ကျိုက်ထီးရိုး(အထူးသီးသန့်)

သီတင်းကျွတ်ပွဲတော်-ခရီးစဉ်

၄.၁၀.၂၀၁၇ (ညထွက်မည်) 12000/-

ကားမျိုးစုံစင်းလုံးငှားရမ်းနိုင်သည်။

09.421008185,09.776356574,09.763185299

တစ်ဦးတည်းဖြစ်ပါကြောင်းနှင့်ဖခင်အမည်မှန်

ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့၊ အထကလေညာ(kg)တန်းမှ အဖ စောအိုမူဂေး၏ သား မောင်အုံ့မော်ဦးနှင့် စောအယ်ကတယ်မှာ တစ်ဦးတည်းဖြစ်ပြီး မောင်အုံ့မော်ဦး(ခ)စောအယ်ကတယ်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ စောအိုမူဂေး[၁၂/အလန(နိုင်)၀၃၄၂၆၄] ဖြစ်ပါကြောင်းနှင့် မိခင် ဒေါ်ဖြူသဲမြင့်နှင့် နော်ယမင်း[၆/ဘပန(နိုင်)၀၂၇၁၃၆]မှာ တစ်ဦးတည်းဖြစ်ကြောင်း။

မောင်အုံ့မော်ဦး(ခ)စောအယ်ကတယ်
စောအိုမူဂေး
ဒေါ်ဖြူသဲမြင့် (ခ)နော်ယမင်း

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဖခင်အမည်မှန်

အင်းစိန်မြို့နယ်၊ အမက(၁၂)စတုတ္ထတန်း(ဂ)၌ ပညာသင်ကြားနေသော မချမ်းမြေ့သံသာဟန်၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွဋ်ဝင်း[၇/ပတန(နိုင်)၀၉၃၁၆၄]ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် OiAC Private ကျောင်း ဒသမတန်းတွင် ပညာသင်ကြားနေသော မကြယ်စင်ရှင်းသန့်၏ ဖခင် ဦးရန်ပိုင်ဦးနှင့် ဦးနန်းဝင်း[၇/ပခန(နိုင်)၂၂၁၀၃၁]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးရန်ပိုင်ဦး(ခ)ဦးနန်းဝင်း

ဖခင်အမည်မှန်

တိုက်ကြီးမြို့နယ်၊ ဂျိုးဖြူစံပြကျေးရွာအုပ်စု၊ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ဂျိုးဖြူ(စံပြ) တတိယတန်းတွင်ပညာသင်ကြားနေသော မောင်ထက်လင်းအောင်နှင့် ဒုတိယတန်းတွင် ပညာသင်ကြားနေသော မလင်းဝေခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုးစည်သူသောင်း ဖြစ်ပါသည်။ **ဦးစိုးစည်သူသောင်း**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/တောင်၊ မြေကွက်အမှတ်-၉၁၄/ခ၊ မြေကွက်တည်နေရာအမှတ်-၉၁၄/ခ၊ မာန်ပြေ(၃)လမ်းအရှေ့၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ရင်နွဲ့[၁၂/သကတ(နိုင်)၀၀၆၇၄၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်မိခင်ဒေါ်ရင်နွဲ့သည် ၂၅-၂-၂၀၁၁ရက်တွင် လည်းကောင်း၊ ဖခင်ဦးအေးသန်းသည် ၁-၁-၂၀၀၂ရက်တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ကြသဖြင့် ဒေါ်စုစုဝင်း[၁၂/သကတ(နိုင်)၁၃၀၀၇၂]မှ တစ်ဦးတည်းသော သမီးတော်စပ်ကြောင်းနှင့် အခြားကိတ္တိမ မွေးစားထားသော သားသမီးများလုံးဝ(လုံးဝ)မရှိကြောင်း ဒေါပုံမြို့နယ်တရားရုံး၏ ၃၀-၅-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်စာအမှတ်(၆၅/၂၀၁၇)၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်းများ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် နှစ်ထပ်အုတ်၊ ပျဉ်ထောင်တစ်လုံးရှိပြီး ကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်ပတ္တမြား/မြောက်၊ မြေကွက်အမှတ်(၃၉၀)၊ ဧရိယာ(၀.၀၃၄)ဧက မြေကွက်တည်နေရာ အမှတ်(၂၉)၊ ကျောက်စိမ်းလမ်း မင်္ဂလာဒုံမြို့နယ်၊ ဦးအေးလွင်(ခ)ဦးလင်း အမည်ပေါက် ပါမစ်မြေအား အရပ်ကတိအရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီသီလွင် (၁၂/မဂဒ(နိုင်) ၁၃၂၅၀၉) မှ တင်ပြပါမစ်သည် မိသားစုဓါတ်ပုံ၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်သာပါရှိပြီး၊ မြေနေရာချထားပေးခံရသူများ၏ မိုလူများစာရင်းမပါသောပါမစ်မူရင်းနှင့် အရောင်းအဝယ်အရပ်ကတိစာချုပ်တို့ ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄စီ-၂)၊ အက်စ်၇၁၊ မြေကွက်အမှတ် v138 မြေကွက်တည်နေရာအမှတ်(၁၈၃)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ (မောင်အုန်းမြင့်နှင့်မလှခင်အမည်ပေါက် နှစ်(၃၀)ဂရန်မြေအား အမည်ပေါက်များဖြစ်သော ဦးအုန်းမြင့်သည်(၈-၄-၂၀၀၂)ရက်နေ့ တွင်လည်းကောင်း၊ ဒေါ်လှခင်သည်(၁၅-၁၂-၂၀၀၇)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သားသမီးအရင်းများဖြစ်သော ဒေါ်ခင်စန်းမြင့် (၁၂/တမန (နိုင်) ၀၂၂၇၄၄)၊ ဦးဝင်းမြင့်(၁၂/တမန (နိုင်) ၀၂၂၄၅၁)တို့မောင်နှမ(၂)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်းလုံးဝမရှိသည်မှာ မှန်ကန်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ်စဉ်အမှတ် ၆-၁၃၉၈/၂၀၁၇(၂၁-၆-၂၀၁၇)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ ဂရန်မူရင်း၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား ၂၀၁၇ ခုနှစ်(၁၃)ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော် တင်ဒါလုပ်ငန်း အရပ်ရပ်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြင်ဦးလွင်မြို့၊ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးတွင် ၂၀၁၇ ခုနှစ် (၁၃) ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်ကြီးကို မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၂) ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်၊ ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့မှ နိုဝင်ဘာလ (၄)ရက်နေ့အထိ (၅)ရက်တိုင်အောင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ တန်ဆောင်တိုင်ပွဲတော် တင်ဒါလုပ်ငန်း အရပ်ရပ်ဖြစ်သည့် ဈေးဆိုင်ခန်းဆောက်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ယာဉ်ရပ်နားစခန်း လုပ်ကိုင်ခွင့်လုပ်ငန်း၊ လျှပ်စစ်မီးလုပ်ကိုင်ခွင့် လုပ်ငန်းနှင့် ရေ/မိလ္လာ/သန့်ရှင်းရေးလုပ်ငန်း၊ ကြော်ငြာလုပ်ငန်းရပ်များအတွက် တင်ဒါလုပ်ငန်းလုပ်ကိုင်လိုသူများသည် တင်ဒါပိတ်သိမ်းမည့် (၂-၁၀-၂၀၁၇)ရက်နေ့ ညနေ (၁၆:၀၀) နာရီအချိန်နောက်ဆုံးထားပြီး မဟာအံ့ထူးကံသာဘုရားဂေါပကရုံးသို့ လာရောက်၍ စည်းကမ်းချက်များကို တစ်စုံလျှင်ကျပ်(၁၀၀၀၀ိ) နှုန်းဖြင့် ပေးသွင်းရန်နှင့်တင်ဒါရွေးချယ်ရေးအခမ်းအနားကို (၃-၁၀-၂၀၁၇)ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် ဂေါပကရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ (၃-၁၀-၂၀၁၇) ရက်နေ့ နံနက် (၀၉:၃၀) နာရီထက် နောက်ကျတင်သွင်းသည့် တင်ဒါလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

လုပ်ငန်းအရပ်ရပ်အတွက် အသေးစိတ်သိရှိလိုပါက ဂေါပကရုံးတွင် ရုံးချိန်အတွင်း အသေးစိတ်လာရောက် လေ့လာမေးမြန်း စုံစမ်းနိုင်ပါသည်။ ဖုန်း-(၀၉-၆၅၀၀၁၄၄) (၀၉-၆၅၀၆၂၉၉)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ

သွေးဆေးကန်မွန်ပါဠိတက္ကသိုလ်တွင်ပဝါရဏာနှင့် မွန်ဘာသာအသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ ရာမညနိကာယ၊ ရာမည ဝေပုလ္လတိုက်၊ သွေးဆေးကန်မွန်ပါဠိတက္ကသိုလ်တွင် ဆရာတော်ဘဒ္ဒန္တကောဏ္ဍည၏ ဩဝါဒကိုခံယူပြီး ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က ကြီးမှူး၍ ၃-၁၀-၂၀၁၇ရက်မှ ၅-၁၀-၂၀၁၇ရက်(သီတင်းကျွတ်လပြည့်နေ့)ထိ (၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ရက်မှ ၁၅ရက်နေ့) နံနက်ပိုင်းအထိ (၃၁) ကြိမ်မြောက် မွန်ပဝါရဏာနှင့် မွန်ဘာသာ အသံမစဲပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုငွေများ ပါဝင်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်ကာ လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့

ရွှေပြည်သာမြို့နယ်အတွင်း ရောင်းအားကောင်း ဆေးနှင့်စတိုးဆိုင် ရောင်းမည်။
၆/၁၀(ရပ်ကွက်)၊ ဘုရင့်နောင်လမ်း၊ ရွှေပြည်သာမြို့နယ်။
ဖုန်း-၀၉-၅၀၂၈၃၅၅

အမည်မှန်

ရွှေပြည်သာမြို့နယ် အလက(၉) သတ္တမတန်းမှ ဦးထွန်းမြတ်စံ[၁၁/စတန(နိုင်)၀၄၆၈၁၈]၏ သားဖြစ်သူ မောင်ကျော်နိုင်ဦး၏အမည်မှန်မှာ မောင်ဇွဲရန်ပိုင်ဖြစ်ပါကြောင်း။

မောင်ဇွဲရန်ပိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန တည်ဆောက်ရေး(၁)၊ အဆောက်အဦအထူးအဖွဲ့(၂)၊ ရန်ကုန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ အဆောက်အဦအထူးအဖွဲ့(၂)မှ ၈-၉-၂၀၁၇ရက် ကြေးမုံသတင်းစာတွင် ကြော်ငြာခေါ်ယူခဲ့သော တောင်ဥက္ကလာပမြို့နယ်၊ မိခင်နှင့်ကလေး ဆေးရုံဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် Press Pile လုပ်ငန်းများအပြင် အဆောက်အဦအထူးအဖွဲ့(၂)မှ ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများကိုလည်း မြန်မာကျပ်ငွေဖြင့် တစ်ပြိုင်တည်း ရွေးချယ်ဝယ်ယူလိုပါသဖြင့် ပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ထပ်မံဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ တင်ဒါပိတ်မည့်ရက်/အချိန် - ၉-၁၀-၂၀၁၇ရက်(တနင်္လာနေ့) ညနေ (၄:၃၀) နာရီ

၂။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ

၃။ တင်ဒါစိစစ်ရွေးချယ်မည့်နေရာ- ရှင်းလင်းဆောင်၊ တောင်ဥက္ကလာပမြို့နယ်၊ မိခင်နှင့်ကလေးဆေးရုံဆောက်လုပ်ခြင်း လုပ်ငန်းခွင်

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို အဆောက်အဦအထူးအဖွဲ့(၂)၊ ဘော်စင်လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း-၀၁-၂၃၃၃၅၈၊ ၂၃၃၃၅၆ တွင် ၂၂-၉-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀၈/A)၊ မြေကွက်အမှတ်(၈)၊ ဧရိယာ(၀.၀၂၇၅)ဧက၊ မြေကွက်တည်နေရာ-အမှတ်(၈)၊ ၁၁/ကရပ်ကွက်၊ ချစ်တီးကုန်းကွက်သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ဦးကျော်အောင်(၁၃/တကန(နိုင်)၀၄၅၅၉၈)အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်(၂၈-၁၂-၂၀၁၁)ရက်နေ့တွင်ကွယ်လွန်သဖြင့်ဇနီးဖြစ်သူဒေါ်တင်လှိုင်(၁၃/တကန(နိုင်)၀၄၅၅၉၉)၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၇၄၉၇/၁၇(၉-၈-၁၇)ဖြင့်ရရှိသူဒေါ်ရတနာဆွေ(၁၀/ဘလန(နိုင်)၀၀၂၁၈၉)မှနှစ်(၆၀)ဂရန်မူရင်း၊ ဒေါ်တင်လှိုင်သည်တရားဝင်ဇနီးတစ်ဦးတည်းဖြစ်ကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်းတရားရုံးကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ် ဟန်စိုးဦးက အာဆီယံ နှစ်(၅၀)ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)

တက္ကသိုလ် ဟန်စိုးဦး

အာဆီယံ နှစ်(၅၀)ခရီး

ယခင်အပတ်မှ အဆက်

ARF ၏အဓိကလုပ်ငန်းရပ်များ

ARF ကို ၁၉၉၄ ခုနှစ် ဇူလိုင်လအတွင်း ဗန်ကောက်မြို့မှာ စတင်ဖွဲ့စည်းတည်ထောင်ချိန်ကစလို့ ဒေသတွင်း လုံခြုံရေးနဲ့ ငြိမ်းချမ်းရေး မြှင့်တင်နိုင်ဖို့အတွက် ကျယ်ပြန့်တဲ့ အဆင့် (၃) ဆင့်နဲ့ အဆင့်ဆင့် ချဉ်းကပ်ဆောင်ရွက်ကြိုးပမ်းခဲ့ပါတယ်။ အဲဒီအဆင့် (၃) ဆင့်ကတော့ -

(၁) အဖွဲ့ဝင်များအကြား ယုံကြည်စိတ်ချမှု တည်ဆောက်မြှင့်တင်ရေး (Confidence Building Measures-CBM)၊

(၂) ကြိုတင်ကာကွယ်မှု သံတမန်နည်းလမ်း ဖွံ့ဖြိုးတိုးတက်ရေး (Development of Preventive Diplomacy-PD)၊

(၃) ပဋိပက္ခဖြေရှင်းရေးနည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့်အသေးစိတ် စီစဉ်ဆောင်ရွက်ရေး (Elaboration of Approaches to Conflicts Resolution-CR) တို့ ဖြစ်ပါတယ်။

ARF အနေနဲ့ အဖွဲ့ဝင်နိုင်ငံများအကြား ယုံကြည်မှုတည်ဆောက်ရေးနည်းလမ်းများကို ဦးစွာ ရှာဖွေခဲ့ကြပါတယ်။ လုံခြုံရေးဆိုင်ရာ သဘောတရားများ၊ ခြိမ်းခြောက်မှုအန္တရာယ်ဆိုင်ရာ အတွေးအမြင် အယူအဆတွေကို ရှင်းလင်းဆွေးနွေး အမြင်ချင်းဖလှယ်ကြခြင်းဖြင့် ယုံကြည်မှုတည်ဆောက်နိုင်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ ၂၀၀၅ ခုနှစ် ဇူလိုင်လအတွင်း ဗီယင်ကျန်းမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၁၂) ကြိမ်မြောက် ARF ဝန်ကြီးများအဆင့် အစည်းအဝေးမှာ ယုံကြည်စိတ်ချမှုတည်ဆောက်ရေးနည်းလမ်းကနေ ကြိုတင်ကာကွယ်မှု သံတမန်နည်းလမ်းကို ရှေ့တိုးဆောင်ရွက်ဖို့ သဘောတူညီခဲ့ကြပါတယ်။

အဲဒီဆုံးဖြတ်ချက်ရဲ့အကျိုးဆက်အနေနဲ့ ARF ယုံကြည်စိတ်ချမှု တည်ဆောက်ရေး ကြားကာလ အထောက်အကူပြုအုပ်စုအစည်းအဝေး (ARF Intersessional Group Meeting on Confidence Building Measures-ISG on CBMs) ကို ARF ယုံကြည်စိတ်ချမှု တည်ဆောက်ရေးနည်းလမ်းနဲ့ ကြိုတင်ကာကွယ်မှု သံတမန်နည်းလမ်းများဆိုင်ရာ ကြားကာလ အထောက်အကူပြုအုပ်စု အစည်းအဝေး (ARF Intersessional Group Meeting on Confidence Building Measures and Preventive Diplomacy-ISG CBMs/ PD) အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

Track I၊ Track II လုပ်ငန်းများနဲ့ လုပ်ငန်းစဉ် ၂-ရပ်အကြား ဆက်သွယ်မှု

ARF လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ Track I ဖြစ်တဲ့ အစိုးရအဖွဲ့အစည်းများပါဝင်တဲ့အဖွဲ့နဲ့ အစိုးရမဟုတ်သော ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြစ်တဲ့ Track II နည်းလမ်းနှစ်သွယ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

Track II ဟာ လက်ရှိခိုင်မာစွာ ရရှိထားပြီးဖြစ်တဲ့ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်မြှင့်တင်နိုင်ရေးအတွက် အမြင်ချင်းဖလှယ်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေကို ပုံမှန်ပြုလုပ်လျက်ရှိပါတယ်။ အစိုးရအဖွဲ့အစည်းမဟုတ်တဲ့ အာဆီယံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (ASEAN-ISIS)၊ အာရှ-ပစိဖိတ် ဒေသဆိုင်ရာ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (CSCAP) များကို အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီမှာ ထားရှိစေပြီး ကိစ္စရပ်များစွာအပေါ် အခါအားလျော်စွာ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်လျက်ရှိကြပါတယ်။ Track II အစည်းအဝေးတွေကို အာဆီယံနိုင်ငံများအတွင်း ဖွဲ့စည်းထားရှိတဲ့ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့များ တက်ရောက်ပါတယ်။ အဆိုပါ အဖွဲ့တွေဟာ ပညာရပ်ပိုင်းဆိုင်ရာ Think Tanks အဖွဲ့အစည်းတွေ ဖြစ်ကြတဲ့အတွက် ပိုမိုလွတ်လပ်စွာ တွေးခေါ်အမြင်ချင်းဖလှယ်ဆွေးနွေးလေ့ရှိပါတယ်။ မြန်မာနိုင်ငံက မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ (Myanmar Institute of Strategic and International Studies- MISIS) ဟာ ဒီဆွေးနွေးပွဲတွေမှာ ပါဝင်တက်ရောက်လျက်ရှိပါတယ်။

သဘာဝဘေးအန္တရာယ်ကျရောက်သည့်ကာလများအတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပိုမို ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်မှာ အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ၏ ရည်မှန်းချက်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။

> ARF ဟာ အရှေ့တောင်အာရှနိုင်ငံများသာမက အင်အားကြီးနိုင်ငံတွေပါ ပါဝင်နေပြီး ထိလွယ်ရှလွယ်တဲ့ ဒေသတွင်းလုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်တွေကို ဆွေးနွေးကြတဲ့ တစ်ခုတည်းသော ဒေသဆိုင်ရာဆွေးနွေးပွဲဖြစ် . . .

ဒါ့အပြင် Track I ဆွေးနွေးပွဲတွေမှာ မတင်မကျဖြစ်နေတဲ့ ကိစ္စရပ်တွေရှိလာခဲ့ရင်လည်း ဆန်းသစ်တဲ့ စဉ်းစားတွေးခေါ်မှုတွေနဲ့ Track II အစည်းအဝေးမှာ ဖြေရှင်းနိုင်ဖို့လည်း နည်းလမ်းရှာဖွေနိုင်ပါတယ်။ အစည်းအဝေးတွေမှာ ပါဝင်တက်ရောက်ကြတဲ့သူတွေဟာ ပညာရှင်တွေ၊ အတွေးအခေါ်ရှင်တွေ ဖြစ်ကြသလို သက်ဆိုင်ရာ အစိုးရများရဲ့ အဆင့်မြင့်အရာရှိကြီးတွေအနေနဲ့လည်း ၎င်းတို့ရဲ့ ပုဂ္ဂလိကတွေးခေါ်မှုတွေကို တင်ပြနိုင်ပါတယ်။ အခုလို အစိုးရဘက်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးတွေ ပါဝင်တဲ့အတွက် သက်ဆိုင်ရာအစိုးရများအနေနဲ့လည်း ပညာရှင်တွေရဲ့ စဉ်းစားမှုအတွေးအခေါ်တွေကို လေ့လာသိရှိခွင့်ရရှိကြပါတယ်။

ARF အဖွဲ့ဝင်တွေဟာ Track I နဲ့ Track II အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ရေးအချက်ကို လက်ခံကြပါတယ်။ အစိုးရပိုင်းဆိုင်ရာ Track I ဆွေးနွေးမှုတွေမှာ Track II ရဲ့ ကျွမ်းကျင်မှုတွေကို ပိုမိုအသုံးချနိုင်ရေးကိုလည်း တိုက်တွန်းလာကြပါတယ်။ ဒါ့အပြင် Track II၊ ARF ကျွမ်းကျင်သူများနဲ့ ပညာရှင်များအကြား နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်သွားရေးကိုလည်း တိုက်တွန်းခဲ့ကြပါတယ်။

အာဆီယံရေကြောင်းလုံခြုံရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ လေ့ကျင့်ခန်းတစ်ရပ်ကို ၂၀၁၆ ခုနှစ်အတွင်း ဘရူနိုင်းနိုင်ငံတွင် ကျင်းပခဲ့သည်။

ARF အစည်းအဝေးတွင် ဆွေးနွေးကြသည့်ကိစ္စရပ်များ

ARF မှာ ဘာသာရပ်အလိုက် အဓိကထား ဆွေးနွေးကြတဲ့ အကြောင်းအရာတွေက ယုံကြည်စိတ်ချရမှု တည်ဆောက်ရေးနဲ့ ကြိုတင်ကာကွယ်မှုသံတမန်နည်းလမ်း၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေး၊ ရှာဖွေရေး၊ ကယ်တင်ရေးနဲ့ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး၊ ကာကွယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးကိစ္စရပ်များ၊ ပင်လယ်ရေကြောင်း လုံခြုံရေး၊ လက်နက်မပြန့်ပွားရေး၊ မြေမြှုပ်မိုင်းများဖယ်ရှားရေး၊ လက်နက်ငယ်နဲ့ အပေါ့စားလက်နက် စီမံခန့်ခွဲရေးနဲ့ လုံခြုံရေး၊ စွမ်းအင်လုံခြုံရေးနဲ့ ကျွမ်းကျင်သူများ/ပညာရှင်များ အစည်းအဝေးတို့ဖြစ်ပါတယ်။

ဒေသတွင်းနှင့်နိုင်ငံတကာကိစ္စရပ်များအပေါ် ဆွေးနွေးညှိနှိုင်းမှုများ

ARF ဟာ အရှေ့တောင်အာရှနိုင်ငံများသာမက အင်အားကြီးနိုင်ငံတွေပါ ပါဝင်နေပြီး ထိလွယ်ရှလွယ်တဲ့ ဒေသတွင်းလုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်တွေကို ဆွေးနွေးကြတဲ့ တစ်ခုတည်းသော ဒေသဆိုင်ရာ ဆွေးနွေးပွဲ ဖြစ်ပါတယ်။ ARF ဟာ ဒေသတွင်း စိုးရိမ်ပူပန်မှုများကို လျှော့ချနိုင်ဖို့နဲ့ နိုင်ငံများအကြား ဆက်ဆံရေး ချောမွေ့ပြေပြစ်စေဖို့ များစွာအထောက်အကူပြုလျက်ရှိနေပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှာ ကျင်းပပြီးစီးခဲ့တဲ့ (၂၃) ကြိမ်မြောက် ARF ဝန်ကြီးအဆင့်အစည်းအဝေးမှာ အလေးထားထည့်သွင်းဆွေးနွေးခဲ့ကြတဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာကိစ္စရပ်တွေကို သိသာနိုင်ဖို့ ဖော်ပြလိုက်ပါတယ် -

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ကစပြီး အာဆီယံအသိုက်အဝန်း စတင်ထူထောင်နိုင်မှုနဲ့ အာဆီယံအသိုက်အဝန်းဆိုင်ရာမျှော်မှန်းချက် ၂၀၁၅ (ASEAN Community Vision 2015) ကို အတည်ပြုနိုင်ခဲ့တဲ့အပေါ် အစည်းအဝေးကနေ ကြိုဆိုခဲ့ပါတယ်။

အာဆီယံအသင်းကြီးရဲ့ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) နှစ် (၄၀) ပြည့်မြောက်မှုဆိုင်ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများရဲ့ ထုတ်ပြန်ချက်ကို ကြိုဆိုခဲ့ပြီး TAC ဟာ ဒေသရဲ့ ငြိမ်းချမ်းရေးနဲ့ လုံခြုံမှုကို ထိန်းသိမ်းနိုင်ဖို့အတွက် နိုင်ငံများအကြား ဆက်ဆံရေးမှာ အဓိကကျတဲ့ လိုက်နာရမယ့်ကျင့်ထုံးတွေအဖြစ် တည်ရှိနေကြောင်း ထပ်လောင်းအတည်ပြုခဲ့ကြပါတယ်။

စာမျက်နှာ ၂၁ သို့

မဟာစေတီလှဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် မီးပုံးပျံလွှတ်တင်ရန်ပြင်ဆင်

မုံရွာ စက်တင်ဘာ ၂၅
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သာစည်ကျေးရွာ မဟာစေတီလှဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည့် သီတင်းကျွတ်လပြည့်နေ့တွင် မီးပုံးပျံလွှတ်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ မီးပုံးပျံအောင်မြင်စွာလွှတ်တင်နိုင်ရေးအတွက် ယခုအခါတွင် ပြင်ဆင်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်ပြုလုပ်သော မီးပုံးပျံကြီးသည် အထက်စက်ဝိုင်း ၁၈ တောင်၊ အောက်စက်ဝိုင်း ၁၇ တောင်၊ ခါးဆက် အလျား ၁၁ တောင်၊ ခါးဆက် အနံ ခြောက်ချပ်၊ ဒွါရအကျယ် လေးတောင်ရှိပြီး မိုင်းကိုင်စက္ကူအချပ်ရေ ၁၂၀၀၊ ပိတ်အုပ်စ ၈၈ တောင်၊ ရေနံချေး ၁၅ ပိဿာ၊ ဒီဇယ်ဆီ နှစ်ဂါလန်၊ မီးဇာချည်စ သုံးပိဿာခွဲ၊ ကော်မှုန့် ခြောက်ပိဿာကုန်ကြောင်း သိရသည်။

"မီးပုံးပျံလွှတ်ပွဲကို ကျင်းပတာ ခေတ်အဆက်ဆက်ပဲ၊ ဟိုတုန်းကတော့ ဆင်ရုပ်၊ ဖိုးသူတော်ရုပ်တွေချိုးပြီး လုပ်ကြတယ်။ အခုနောက်ပိုင်းမှာ ကမ္ဘာလုံးပုံပဲ ချိုးပြီး လွှတ်ကြတော့တယ်။ မီးပုံးပျံတစ်လုံးကို လူ ၁၀ ဦးကနေပြီး ၃၀ လောက်နဲ့ နေပူရင် ၁၀ ရက်လောက်လုပ်ရတယ်။ လွှတ်ဖို့အထိဆိုရင်တော့ ၁၅ ရက်လောက်ကြိုပြီး ပြင်ဆင်ရတယ်။ အခုအကြမ်းထည်တွေ အားလုံးပြီးနေပြီ၊ သီတင်းကျွတ်လပြည့်နေ့ရောက်ရင် မီးပုံးပျံလွှတ်ပွဲနဲ့အတူ မြန်မာရိုးရာနဂါးအကတွေလည်း ပါမယ်။ မီးပုံးပျံလွှတ်ပွဲကို သာစည်ကျေးရွာနယ်ပိုင် ၆၄ ရွာက ပြည်သူတွေကလာပြီး မိမိတို့စိုက်ပျိုးတဲ့ သီးနှံတွေအောင်မြင်ဖြစ်ထွန်းဖို့ ဘုရားကြီးရင်ပြင်တော်မှာ ပက်ဖျန်းတဲ့ အလေ့အထများလည်းပြုလုပ်သွားမှာပါ" ဟု သာစည်ကျေးရွာမှ မီးပုံးပျံဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချိုက ပြောသည်။

မုံရွာမြို့နယ် သာစည်ကျေးရွာ မဟာစေတီလှဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည့် သီတင်းကျွတ်လပြည့်နေ့ မီးပုံးပျံလွှတ်ပွဲကို သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဗေဒါတိုင်း)

ကန်ကြီးရေကန်သာယာလှပရေးအတွက် ရေကန်တူးဖော်ခြင်းလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေး

မြိတ် စက်တင်ဘာ ၂၅
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြစ်ငယ်ရပ်ကွက်ရှိ ၂၀ ဒသမ ၆၄၀ ဧကရှိ ရေကန်များ စိမ်းလန်းစိုပြည်သာယာလှပရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ရေကန်တူးဖော်ခြင်းလုပ်ငန်း အကောင်အထည် ဖော်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက ရေကန်တူးဖော်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြရန်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချိုနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကိုတို့က မြို့သူ မြို့သားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့ကြသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက ရေကန်ဘောင်စိမ်းလန်း စိုပြည်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီဖွဲ့စည်းထားရှိမှုနှင့် ဘဏ္ဍာရေးကော်မတီ ဖွဲ့စည်းမှုတို့ကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော မြို့မိ မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဘဏ္ဍာရေးကော်မတီ ဖွဲ့စည်းခြင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းခွင်အစီအစဉ်ကို ဗီနိုင်း၊ ပိုစတာများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကြေညာဆောင်ရွက်ရေး၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကို ဆောင်ဆောင်ရွက်ရေး၊ ရေကန်တူးဖော်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် စက်ယန္တယားများကို ကြိုတင်ရှာဖွေရေး စသော ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး(မြန်/ဆက်)

ပျားအုံများချထားရာတွင် ခြံရှင်၊ ကျေးရွာနှင့် ညှိနှိုင်းပြီးမှသာ နေရာချထားရန်အသိပေး

ကနီ စက်တင်ဘာ ၂၅
၂၀၁၇ခုနှစ် ဇီးပွင့်ချိန်ကာလများ၌ ကနီမြို့နယ်အတွင်း ပျားအုံများလာရောက် နေရာချထားရာတွင် ပျားအုံချထားမည့် ခြံရှင်၊ ကျေးရွာနှင့်ညှိနှိုင်းဆောင်ရွက်ပြီးမှသာ နေရာချထားရန် ယင်းမာပင်ခရိုင်နှင့် ကနီမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများထံ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက အသိပေးစာထုတ်ပြန်ထားကြောင်း သိရသည်။

"၂၀၁၇ ခုနှစ် ဇီးပွင့်ချိန်ကာလများမှာ ပျားအုံတွေလာရောက်ချထားရာမှာ စနစ်တကျဖြစ်စေဖို့အတွက် စည်းကမ်းချက် ၁၃ ချက်ကို ဒေသခံများနဲ့ ပျားလုပ်ငန်းရှင်များအကြား မလိုလားအပ်တဲ့ပြဿနာတွေမဖြစ်ပေါ်ရအောင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ထုတ်ပြန်ထားပါတယ်" ဟု တိုင်းဒေသကြီးအစိုးရ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပျားအုံများကို ယခင်နှစ်က ချထားသည့်နေရာတွင် ချထားရန်လိုအပ်ပြီး ပျားအုံများချထားရန် ကနီမြို့နယ်ပျားလုပ်ငန်းဌာနသို့ သတင်းပို့၍ သက်ဆိုင်ရာကျေးရွာများသို့ သတင်းပို့အကြောင်းကြားစာနှင့်အတူ ဆက်လက်သတင်းပို့ကြရန် အသိပေးထားသည်။ ကနီမြို့နယ် ပျားလုပ်ငန်းဌာနသို့ လာရောက်သတင်းပေးပို့ခြင်းမရှိသည့် ဌာနမှအကြောင်းကြားစာမပါသည့် ပျားအုံ၊ ပျားစခန်းများကို သက်ဆိုင်ရာကျေးရွာများက လက်ခံခြင်းမပြုရန်နှင့် ကနီမြို့နယ် ပျားလုပ်ငန်းဌာနမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးရုံးသို့ ဆက်လက်သတင်းပို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပျားအုံများကို လမ်းမကြီးအနီး လမ်းဧရိယာအတွင်း လုံးဝနေရာချထားတာတွေ မပြုလုပ်ဖို့နဲ့ ကျေးရွာထဲမှာလည်း လုံးဝနေရာချထားတာတွေ မပြုလုပ်ဖို့အပြင် ပျားအုံတွေ တင်ဆောင်လာတဲ့ကားဟာ လူစည်ကားရာအရပ်နဲ့ ကားဂိတ်၊ စားသောက်ဆိုင်တွေအနီး ရပ်နားတာမပြုလုပ်ဖို့ စည်းကမ်းသတ်မှတ်ထားပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီး တာဝန်ရှိသူက ပြောပြသည်။

နယ်မြေတာဝန်ခွဲဝေ သတ်မှတ်ထားသောမြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပျားအုံများနေရာချထားမှု စနစ်တကျဖြစ်ကာ ပျားအုံစာရင်းကောက်ယူရေးနှင့် ပြဿနာတစ်စုံတစ်ရာ မပေါ်ပေါက်စေရန် ဝိုင်းဝန်းညှိနှိုင်းဆောင်ရေးများကို ကြိုတင်စီစဉ်ထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးပျားလုပ်ငန်းဦးစီးဌာန အနေဖြင့် ဇီးရာသီတွင် မြို့နယ်ဦးစီးမှူးများနှင့်ဝန်ထမ်းများအား ပျားအုံနေရာချထားမည့်ကျေးရွာအုပ်စုအလိုက် တာဝန်ခွဲဝေချထားကာ ပြဿနာတစ်စုံတစ်ရာ မဖြစ်ပေါ်စေရေးနှင့် စနစ်တကျနေရာချထားရေးများကိုကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးပြီး လေဘေးသင့်နေရာများ ကြည့်ရှုစစ်ဆေး

ရေဦး စက်တင်ဘာ ၂၅
စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ လျှပ်စစ်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းတို့နှင့်အတူ တိုင်းဒေသကြီး ခရိုင်လမ်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ရေဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီဦးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လေဘေးသင့်ခဲ့ကြသည့် ဗိုလ်အောင်ဇေယျရပ်ကွက်၊ ရေဦးကုန်းကျေးရွာတို့မှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက အမှာစကားပြောကြားပြီး လျှပ်စစ်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးတွက် လုပ်ငန်းလမ်းညွှန်အမှာစကားများပြောကြားခဲ့သည်။ ထို့နောက် ဌာနဆိုင်ရာများကိုယ်စား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်က သဘာဝဘေးအန္တရာယ်ကျရောက်ဖြစ်ပေါ်ခဲ့မှု ပြန်လည်ပြုပြင်ထားရှိပြီးစီးမှု၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေတိုက်စားလမ်းတံတားများ အခြေအနေများ၊ ကမ်းပါးပြိုရေတိုက်စားမှုကြောင့် လူနေအိမ်များပြောင်းရွှေ့ပေးထားမှုအခြေနေများ၊ ပုံပေါ်ချောင်းပေါ်ဆည်တည်ဆောက်မည့်အခြေအနေ၊ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ရန်လိုအပ်ချက်များ၊ ရေဦး-ခင်ဦး မူးမြစ်ကူးတံတားသစ်တစ်စင်းဆောက်လုပ်ပေးရန် နေရာရွေးချယ်ထားရှိမှုအခြေအနေများကို တင်ပြခဲ့သည်။

ဆက်လက်ပြီး ဝန်ကြီး ဦးသန်းညွန့်ဝင်းမှ မြို့နယ်ဥက္ကဋ္ဌ၏ တင်ပြချက်များမှ လိုအပ်ချက်များကိုသက်ဆိုင်ရာ ဌာနလုပ်ငန်းအလိုက် တိုင်းဒေသကြီး၊ ခရိုင်တာဝန်ရှိသူများက ပြန်လည်ဖြေရှင်းပေးခဲ့သည်။ ထို့နောက်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ရေဦးမြို့ ဆေးရုံဝင်းအတွင်း၌ အဆောက်အအုံသစ်ဆောက်လုပ်မည့်နေရာ၊ မူးမြစ်ကူးတံတားသစ်ထပ်မံတည်ဆောက်မည့်နေရာ၊ ရေဦး-တမာတောလမ်း ရေတိုက်စားလမ်းတံတားများ ပျက်စီးနေမှု၊ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ထားရှိမည့်နေရာနှင့် လေပြင်းကျရောက်ခဲ့သည်နေရာများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လေဘေးသင့်အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

သန်းထိုက် (ရေဦး)

tonf&mitom;Opy/NM*) ubrlyn&yfuEm ESSv;SfGvkf

ချမ်းအေးသာစံ စက်တင်ဘာ ၂၅
အသည်းရောင်အသားဝါစီပိုးရောဂါ ကုသမှုပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၇၀ နှင့် ၃၁လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အသည်းဖောင်ဒေးရှင်း (မြန်မာ) ဥက္ကဋ္ဌ ဒေါက်တာခင်ပြုံးကြည်က အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးဆေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာအောင်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ကာ ရန်ကုန်ဆေးတက္ကသိုလ် (၁)မှ အသည်းအထူးကုဆရာဝန်ကြီးပါမောက္ခ ဒေါက်တာဝင်းနိုင်က အသည်းရောင်ရောဂါစီပိုး ကင်းစင်ပပျောက်ရေးအတွက် မြန်မာနိုင်ငံအမျိုးသား အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်မှ လက်ရှိဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ရန်ကုန်ဆေးတက္ကသိုလ် (၂)မှ အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဝင်းဝင်းဆွေက အသည်းရောင်အသားဝါစီပိုးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ အသည်းဖောင်ဒေးရှင်း (မန္တလေး) ဥက္ကဋ္ဌ တွဲဖက်ပါမောက္ခဒေါက်တာအေးအေးဟန်က အသည်းရောင်အသားဝါစီပိုးကို ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးရာ ကြုံတွေ့ရသောအခက်အခဲများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တက်ရောက်လာသော ဆရာဝန်များ၏ သိရှိလိုသည်များအား ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် အသည်းရောင်ရောဂါဖြစ်ပွားမှု၊ အသည်းရောင်ရောဂါကြောင့် နောက်ဆက်တွဲရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုလျော့နည်းစေရန် ရည်ရွယ်၍ အသည်းဖောင်ဒေးရှင်း (မြန်မာ)နှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော EQUIP, CPI တို့ပူးပေါင်းကာ နောက်ဆုံးပေါ်ကုသချက်များအား ပြင်ပဆရာဝန်များ ပိုမိုသိရှိနားလည်နိုင်စေရန် Hepatits C Awareness Raising Seminar for GPs ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ဝဝ၂

နေပြည်တော် ဥတ္တရသီရိရပ်ကွက် မဟာဇေယျာလမ်းနှင့် မုဒိတာလမ်းထောင့်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသည့် ထရန်စဖော်မာ၌ ချုံနွယ်ပိတ်ပေါင်းများ ပေါက်ရောက်နေသဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားပြည့်ဝစွာရရှိစေရေး ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးစေလိုကြောင်း ဥတ္တရသီရိရပ်ကွက် ပြည်သူတစ်ဦးက ပြောစဉ်။ ၅၉၇

အထက်မြန်မာပြည်

နိုင်ငံခြားသားများ ဝင်၊ ထွက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ မကွေးမြို့၌ကျင်းပ

မကွေး စက်တင်ဘာ ၂၅

မြို့နယ်အဆင့်ဌာနဆိုင်ရာများ ၊ မြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ် ၁၄ ခုနှင့် တည်းခိုခန်း ၃၀၊ နိုင်ငံခြားသား ဝင်၊ ထွက်တည်းခိုခြင်းနှင့် ဆက်စပ်သော ကုမ္ပဏီခြောက်ခုတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ အင်အား ၇၀ ခန့် တက်ရောက်သည့် နိုင်ငံခြားသား ဝင်၊ ထွက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတစ်ရပ်ကို မကွေးမြို့ စုပေါင်းရုံးခန်းမ၌ စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

"အဓိကကတော့ နိုင်ငံခြားသားတွေ ဝင်၊ ထွက်မှုနဲ့ပတ်သက်ပြီး အသိပညာပေးဆွေးနွေးတာပေါ့။ ဟိုတယ်တွေမှာ တည်းခိုတဲ့နိုင်ငံခြားသားတွေ၊ ရပ်ကွက်တွေထဲကအိမ်အချို့မှာ သက်ဆိုင်ရာဌာနအသီးသီးရဲ့ ထောက်ခံချက်တွေနဲ့ ကုမ္ပဏီလုပ်ငန်းလုပ်ကိုင်ရင်း ငှားရမ်းနေထိုင်တဲ့ နိုင်ငံခြားသားတွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဟိုတယ်မန်နေဂျာတွေ၊ အိမ်ရှင်တွေအနေနဲ့ ၂၄ နာရီအတွင်း သတင်းပို့ဖို့၊ နိုင်ငံခြားသားကိုယ်ရေးမှတ်တမ်းတွေပါတဲ့ Form(ခ) ဖြည့်စွက်ပြီး ဘယ်လိုသတင်းပို့ တိုင်ကြားရမယ်ဆိုတာကို ရှင်းလင်းဆွေးနွေးခြင်းဖြစ်ပါတယ်" ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မကွေးမြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က ဆိုသည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးနေမျိုးကျော်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်က နိုင်ငံခြားသားဝင်ထွက်မှုဆိုင်ရာလုပ်ငန်းများအား ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းက နိုင်ငံခြားသားဝင်ထွက်မှုဆိုင်ရာလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များအား တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ဇေယျာတု(မကွေး)

ဥရုကြိုးဝိုင်းအတွင်း အလင်းဖွင့်စနစ်ဖြင့် ကျွန်းနှင့် ကညင်ပင်ကြီးများ အောက်ခြေတွင် အပင်ငယ်များပြန်လည်စိုက်ပျိုးသွားမည်

မုံရွာ စက်တင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ဥရုကြိုးဝိုင်းအတွင်းရှိ ကမ္ဘာ့အကြီးဆုံးကျွန်းပင်ကြီးများ တည်ရှိရာ အကွက်အမှတ် (၇၈)နှင့် (၇၉)တို့တွင် မျိုးတာမျိုးဆက်မပြတ်စေရန်အတွက် လာမည့်ရာသီနှစ်တွင် အလင်းဖွင့်စနစ်ဖြင့် တန်ဖိုးရှိကျွန်းပင်နှင့် ကညင်ပင်များကို ပြန်လည်ဖြည့်စွက်စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနရုံးမှ သိရသည်။

"သစ်တောတွေက သက်တမ်းအတော့်ကိုရင့်နေပြီး အပင်ကြီးတွေပဲရှိတဲ့ အခါကြတော့ အရိပ်ကျပြီး သစ်ပင်အောက်ခြေတွေမှာ မျိုးဆက်မဲ့ အပင်တွေက အတော့်ကိုနည်းနေတယ်။ အပင်ကြီးတွေ သက်တမ်းပျောက်သွားရင် နောက်မျိုးဆက် အပင်တွေအတွက် စိတ်ပူရတယ်။ အဲဒီလိုမဖြစ်ရအောင် နောင်လာမယ့်နှစ်တွေမှာ တောသဘာဝအရ ပေါက်ရောက်တဲ့ တန်ဖိုးရှိ ကျွန်းပင်တွေ၊ ကညင်ပင်တွေကို ပြန်လည်ဖြည့်စွက်စိုက်ပျိုးသွားဖို့ အစီအစဉ်ရှိပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် FAO မှ ငါးနှစ်တစ်ကြိမ်ထုတ်ပြန်သည့် Forest Resource Assessment-2015 (FRA-2015)အရ တိုင်းဒေသကြီး ဧရိယာ၏ ၄၇ ဒသမ ၀၄ ရာခိုင်နှုန်းသည် သစ်တောများ ဖုံးလွှမ်းလျက်ရှိပြီး ယေဘုယျအားဖြင့် သစ်တောဧရိယာ ဧက ၁၁ သန်းခန့် ပိုင်ဆိုင်ထားကြောင်း၊ ကျယ်ပြောလှသည့် သစ်တောဧရိယာများတွင် တောအမျိုးအစားမျိုးစုံ တွေ့မြင်နိုင်သကဲ့သို့ မြန်မာ့ဂုဏ်ဆောင် ကျွန်းပင်များပေါက်ရောက်သည့် ရတနာမြေအဖြစ် မှတ်တမ်းတင်ထားရှိကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

မင်းတုန်းမြို့အတွက် အရေးပါအသုံးဝင်မည့် မြို့တွင်းလမ်းဟောင်းတစ်ခု ပြန်လည်အသုံးပြုနိုင်ရန်စီစဉ်

မင်းတုန်း စက်တင်ဘာ ၂၅

မင်းတုန်းမြို့တွင် လမ်းမတော်လမ်းနှင့် ယမန်နှစ်ကမြေနီကျောက်ချောလမ်းအဖြစ်ဆောင်ရွက်ခဲ့သော စံပြလမ်းတို့ကိုသာ အဓိကအားထားအသုံးပြုနေရပြီး တံတားနှစ်စင်း ပျက်ယွင်းကာ လမ်းအဆင့်နိမ့်ကျနေသော မြို့တွင်းလမ်းဟောင်းတစ်ခုကို မြို့အတွက် အရေးပါအသုံးဝင်မည့် လမ်းအဖြစ် ပြန်လည်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"ဒီလမ်းကို ပြန်ပြီးအသုံးပြုနိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေက လွှတ်တော်ကိုတင်ပြထားတယ်လို့ သိရပါတယ်။ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကုန်သွယ်လုပ်ငန်းခွန် ရငွေတွေထဲက ခွဲဝေချထားပေးလာရင် ချက်ချင်းဆောင်ရွက်နိုင်ဖို့ လုပ်ငန်းပိုင်းဆိုင်ရာ အချက်အလက်စစ်ဆေးမှုတွေ လုပ်နေပါတယ်" ဟု မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းဝင်းက ပြောသည်။

ရွှေဂူလမ်း တံတား(၁) ကျောက်ရိုးစီကွန်ကရစ် (၂၀×၁၄×၁၁) ပေ အတွက် ငွေကျပ် ၁၀ သန်း ၊ ရွှေဂူလမ်း တံတား (၂) ကျောက်ရိုးစီကွန်ကရစ် (၄၀×၁၄×၁၁)ပေ အတွက် ငွေကျပ် သန်း ၂၀၊ ရွှေဂူလမ်း ကျောက်ရိုးစီကွန်ကရစ်ရေမြောင်း ပြုလုပ်ခြင်း လုပ်ငန်း (၈၅၀×၂×၂) ပေအတွက် ငွေကျပ် ၉ ဒသမ ၂၅ သန်း၊ ကျောက်ရိုးစီမြေထိန်းနံရံပြုလုပ်ခြင်း (၁၀၀×၃×၈) ပေအတွက် ငွေကျပ် ၈ ဒသမ ၇၅ သန်း၊ မြေသားတူးဖို့ပြုပြင်ခြင်း လုပ်ငန်း (၁၈၀×၁၂×၅) ပေအတွက် ငွေကျပ် ခုနစ်သန်း၊ မြေနီကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း (၂၀၀၀×၁၂×၉)ပေအတွက် ငွေကျပ်သန်း ၂၀ စုစုပေါင်းငွေကျပ် ၇၅ သန်းဖြင့် ရွှေဂူလမ်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး လွှတ်တော်စီမံဌာနသို့တင်ပြပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးလှိုင်ဦးထံမှ သိရသည်။

ပြန်လည်အသုံးပြုနိုင်ရန် လျာထားဆောင်ရွက်နေသည့် ရွှေဂူလမ်းပြီးစီးပါက ကျေးရွာများနှင့် ချိတ်ဆက်နိုင်ကာ မြို့ပတ်လမ်းအဖြစ်လည်းကောင်း၊ ကျောင်းဆင်းချိန်၊ တက်ချိန်များတွင် လက်ရှိအသုံးပြုနေသော လမ်းမကြီးများ၌ ရှုပ်ထွေးကျဉ်းမြောင်းမနေတော့ဘဲ ရွေးချယ်အသုံးပြုစရာ လမ်းတစ်ခုအဖြစ်လည်းကောင်း အသုံးဝင်လာမည်ဖြစ်သည်။

မင်းတုန်းမြို့ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ် (၄)ရပ်ကွက်များကို ဆက်သွယ်ဖောက်လုပ်ထားသော လမ်းဟောင်း ပြန်လည်အသုံးပြုနိုင်ရေးလုပ်ငန်းစဉ်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးလှိုင်ဦး၊ စည်ပင် အမှုဆောင်အရာရှိ ဦးသိန်းဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများပူးပေါင်းကာ လမ်းအခြေအနေစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

ကလေးမြို့နယ်တွင် မြစ်ရေချောင်းရေကြီးမှုကြောင့် တံတားများပျက်စီး

ကလေး စက်တင်ဘာ ၂၅

ကလေးမြို့နယ်အတွင်း စက်တင်ဘာ တတိယပတ်က မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ချောင်းရေ၊ မြောင်းရေများကြီးကာ မြစ်သာမြစ်ရေသည် စက်တင်ဘာ ၂၀ ရက်တွင် စိုးရိမ်ရေအမှတ်ထက်ကျော်လွန်ရောက်ရှိပြီး ကလေးမြို့နယ် အနိမ့်ပိုင်းမြို့ပေါ်အချို့နှင့် ကျေးရွာအချို့တို့တွင် မြစ်ရေများ စတင်ဝင်ရောက်ခဲ့သည်။

အဆိုပါရေကြီးရေလျှံမှုနှင့် ချောင်းရေ၊ မြစ်ရေကြီးမှုဖြစ်ပွားခဲ့ခြင်းကြောင့် ကလေးမြို့နယ် အနောက်မြောက်လမ်းမပေါ်ရှိ ဆည်ကြီးကြိုးတံတား ချဉ်းကပ်လမ်း ချောင်းရေတိုက်စား၍ပျက်စီးခြင်း၊ နတ်တံခါးကြိုးတံတား ချောင်းရေတိုက်စား၍ ပျက်စီးမျောပါခြင်း၊ အောင်မြင်သာသစ်သားတံတား ထက်ဝက်ခန့်ကျိုးပြတ်၍ ချောင်းရေထဲမျောပါခြင်းများ ဖြစ်ပွားခြင်းကြောင့် မော်တော်ယာဉ်များ သွားလာဆက်သွယ်ရေး ပြတ်တောက်လျက်ရှိသည့်အပြင် အိန္ဒိယ- မြန်မာ ချစ်ကြည်ရေးလမ်းမပေါ်ရှိ တမူးခရိုင် ခမ်းပတ်ကျေးရွာနှင့် ကာနန်ကျေးရွာကြား ကာနန်ဘီလီတံတားချဉ်းကပ်လမ်း ချောင်းရေတိုက်စားခြင်းကြောင့် ပျက်စီးခြင်းဖြစ်ပေါ်ခဲ့ရာ ယခုအချိန်တွင် အိန္ဒိယနယ်စပ် တမူးမြို့နှင့် ယာဉ်ကြီးယာဉ်ငယ်များ ကုန်သွယ်သွားလာမှု လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်း ပြတ်တောက်လျက်ရှိကြောင်း သိရသည်။ **ဂျိုးနက်**

ဆေးလိပ်ငွေ့ကင်းစင် မွေတော်ကက္ကူဘုရားတစ်ခွင် အသိပေးဆွေးနွေး

ကျောက်တလုံးကြီး စက်တင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ကက္ကူကျေးရွာအုပ်စု ကက္ကူကျေးရွာရှိ အောင်ဆုဟော်ဘုံဓမ္မာရုံ၌ စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက ဆေးလိပ်ငွေ့ကင်းစင် မွေတော်ကက္ကူဘုရားတစ်ခွင် အသိပေးဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဇော်ဝင်းလှိုင်က ဆေးလိပ်ငွေ့ ကင်းစင်ဒေသများ အကောင်အထည်ဖော်ရခြင်းအကြောင်း၊ ဆေးလိပ်သောက်ခွင့်မရှိသောနေရာများ၊ သောက်ခွင့်ရှိသောသီးသန့်နေရာများ၊ အာဆီယံနိုင်ငံများ၏ ဆောင်ရွက်မှုများ၊ ရှမ်းပြည်နယ်အတွင်းဆောင်ရွက်မှုများနှင့် ဥပဒေပြစ်ဒဏ်များအကြောင်းကို အကျယ်တဝင့်ဆွေးနွေးဟောပြောသည်။

တောင်ကြီးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးက တောင်ကြီးမြို့နယ်အတွင်းရှိ မွေတော်ကက္ကူဘုရားတစ်ခွင် ဆေးလိပ်ငွေ့ကင်းစင် ဒေသအဖြစ်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအကြောင်းကိုလည်းကောင်း၊ တောင်ကြီးမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးထွန်းက မွေတော်ကက္ကူဘုရားတစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ရေးအတွက်လည်းကောင်း ဆွေးနွေးဟောပြောကြကာ မွေတော်ကက္ကူဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးသောင်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာသည့် တာဝန်ရှိပုဂ္ဂိုလ်များက မွေတော်ကက္ကူဘုရားအတွင်း ဆေးလိပ်ငွေ့ကင်းစင်သောနေရာအဖြစ် အသိပေးဆိုင်းဘုတ်၊ပိုစတာများအား စိုက်ထူခဲ့ကြပြီး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ တောင်ကြီးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ တောင်ကြီးမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ကျောက်တလုံးကြီးမြို့ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဌာနခွဲမှ သူနာပြုသားဖွားဆရာမများ၊ မွေတော်ကက္ကူဘုရားဂေါပကအဖွဲ့များနှင့် ဒေသခံပြည်သူများတက်ရောက်ကြကြောင်း သိရသည်။

ခွန်အာကာ(ကျောက်တလုံး)

နျူးကလီးယားလက်နက်များ အန္တရာယ်မှ ကင်းဝေးကြပါစေ

မောင်သောင်းဝင်း(တမန်ဟောင်း)

ကမ္ဘာပေါ်တွင် နျူးကလီးယားလက်နက်ကို နှစ်ကြိမ် အသုံးပြုခဲ့ပြီးဖြစ်သည်။ ထိုနှစ်ကြိမ်းစလုံးကို ဒုတိယ ကမ္ဘာစစ်ပွဲအဆုံးသတ်ခါနီးအချိန်၌ အမေရိကန်နိုင်ငံ က ဂျပန်နိုင်ငံကိုတိုက်ခိုက်ရာတွင် အသုံးပြုခဲ့ခြင်းဖြစ် သည်။ အမေရိကန်လေတပ်သည် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် Little Boy ဟုခေါ်ဆိုသည့် ယူရေနီယံအဏုမြူဗုံးကို ဟီရိုရှီးမားမြို့ပေါ်သို့ကြဲချခဲ့ သည်။ ထို့နောက် ဩဂုတ်လ ၉ ရက်နေ့တွင် Fat Man ဟု ခေါ်ဆိုသည့် ပလူတိုနီယံအဏုမြူဗုံးကို နာဂါဆာကီမြို့ ပေါ်သို့ ထပ်မံကြဲချခဲ့ပြန်သည်။ ထိုဗုံးနှစ်လုံးကြောင့် အပြစ်မဲ့အရပ်သားများနှင့် စစ်သား နှစ်သိန်းခန့် သေ ကျေ၊ ဒဏ်ရာရရှိခဲ့သည်။ ထိုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ တွင် ဂျပန်နိုင်ငံက အကြွင်းမဲ့လက်နက်ချကြောင်း ကြေညာခဲ့သည်။ ရန်လိုသော ဒုတိယကမ္ဘာစစ်ကြီး သည် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ပြီးဆုံးသွားခဲ့သည်။

အပြည်ပြည်ဆိုင်ရာနျူးကလီးယားလက်နက်များ ကင်းစင်ပပျောက်ရေးနေ့

ထိုအချိန်မှစ၍ ကမ္ဘာ့ခေါင်းဆောင်များသည် နျူး ကလီးယားမပြန့်ပွားရေးအတွက် တစိုက်မတ်မတ် ကြိုး ပမ်းလာကြသည်။ အထူးသဖြင့် တွေးခေါ်မြော်မြင်နိုင် စွမ်းအားနည်းသော ခေါင်းဆောင်တစ်ဦးတွင် ဖျက်စွမ်း အားပြင်း နျူးကလီးယားလက်နက်ပိုင်ဆိုင်ထားမည်ဆို လျှင် ကျန်ကမ္ဘာ့နိုင်ငံများသည် ရတက်မအေးရတော့ ပေ။ ရင်တမမဖြင့်စောင့်ကြည့်နေရတော့မည်ဖြစ်သည်။ ထို့ကြောင့်ကမ္ဘာ့ကုလသမဂ္ဂအသင်းကြီးသည် နှစ်စဉ် စက်တင်ဘာလ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ နျူးကလီးယားလက်နက်များ ကင်းစင်ပပျောက်ရေးနေ့ အဖြစ်သတ်မှတ်သွားရန် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ဆုံးဖြတ်ခဲ့သည်။

အန္တိမရည်မှန်းချက်

ကုလသမဂ္ဂ၏အဓိကကျသောရည်မှန်းချက်များတွင် ကမ္ဘာတစ်ဝန်း၌နျူးကလီးယားလက်နက်များ အလုံးစုံ ဖျက်သိမ်းသွားနိုင်ရေး ရည်မှန်းချက်တစ်ခုလည်းပါဝင် နေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် နျူးကလီးယား လက်နက်ကင်းစင်သော ကမ္ဘာကြီးကိုတည်ဆောက်သွား ရန်ဖြစ်သည်။ နျူးကလီးယားခြိမ်းခြောက်မှုအန္တရာယ်ကို ပြည်သူများသိရှိနားလည်စေရန်နှင့် နျူးကလီးယား လက်နက်များကင်းစင်နေခြင်းသည် လူမှုရေးနှင့်စီးပွား ရေးအပေါ် များစွာအကျိုးထူးစေကြောင်းကိုပြည်သူများ နှင့်အစိုးရများသိရှိစေရန်အတွက် ထိုနေ့ကို ရည်ရွယ် သတ်မှတ်ကျင်းပနေခြင်းဖြစ်သည်။

နျူးကလီးယားလက်နက်

နျူးကလီးယားလက်နက်ဆိုသည်မှာ နျူးကလီးယား ဓာတ်ပြုပေါက်ကွဲမှုမှထွက်ပေါ်လာသည့် ဖျက်စွမ်းအား ကြီးမားသောပေါက်ကွဲမှုဖြစ်စေသည့် ကိရိယာဖြစ် သည်။ လက်ရှိအချိန်အထိ ကမ္ဘာပေါ်တွင် နျူးကလီးယား လက်နက် ၁၇၀၀၀ ခန့် ရှိနေသည်ဟုဆိုသည်။ ကမ္ဘာ့ လူဦးရေထက်ဝက်ခန့်သည် နျူးကလီးယားပိုင်ဆိုင် သောနိုင်ငံများ သို့မဟုတ် ထိုနိုင်ငံများနှင့် မိတ်ဆွေ ဖွဲ့ထားသောနိုင်ငံများတွင် နေထိုင်လျက်ရှိကြသည်။ ထိုနျူးကလီးယားဗုံးတစ်လုံးတည်းဖြင့် မြို့ကြီးတစ်မြို့လုံး ပြာကျသွားစေနိုင်ပါသည်။ ထို့အပြင် သဘာဝပတ်ဝန်း ကျင်နှင့် အနာဂတ်မျိုးဆက်သစ်များအပေါ်လည်း ဆိုး ကျိုးများစွာ သက်ရောက်နိုင်ပါသည်။ ထို့ကြောင့် နျူး ကလီးယားလက်နက်များသည် ကမ္ဘာပေါ်ရှိပြည်သူများ ကို ခြိမ်းခြောက်နေဆဲပင်ဖြစ်သည်။

> နျူးကလီးယားပိုင်ဆိုင်ထားသောနိုင်ငံများအကြား ဝါဒယှဉ်ပြိုင်နေမှုများကြောင့် ကမ္ဘာ့ပြည်သူများသည် ရတက်မအေး ဖြစ်နေကြရသည်။ မည်သို့ပင်ဆိုစေကာမူ ကမ္ဘာ့နိုင်ငံများအကြား စားပွဲဝိုင်းတွင် မျက်နှာချင်းဆိုင် ဆွေးနွေးညှိနှိုင်းအဖြေရှာလျက် . . . .

နျူးကလီးယားပိုင်ဆိုင်ထားသောနိုင်ငံများ

ကမ္ဘာပေါ်တွင်နျူးကလီးယားလက်နက် ပိုင်ဆိုင် ထားသည့် နိုင်ငံ ကိုးနိုင်ငံရှိသည်ဟုဆိုသည်။ ထိုနိုင်ငံများ အနက် လေးနိုင်ငံသည် နျူးကလီးယားလက်နက်များ အသင့်တပ်ဆင်တပ်ဖြန့်ချထားပြီးဖြစ်သည်။ အမေရိ ကန်သည် အသင့်တပ်ဆင့်တပ်ဖြန့်ချထားသော နျူး ကလီးယားလက်နက် ၁၉၂၀ နှင့် အရန် ၅၃၈၀ စုစု ပေါင်း ၇၃၀၀ ခန့်ပိုင်ဆိုင်ထားပါသည်။ ထို့အတူ ရုရှား နိုင်ငံသည်လည်း အသင့်တပ်ဆင်တပ်ဖြန့်ချထားသော နျူးကလီးယာလက်နက် ၁၆၀၀ နှင့် အရန် ၆၄၀၀၊ စုစု ပေါင်း ၈၀၀၀ ခန့်ပိုင်ဆိုင်ထားပါသည်။ ဗြိတိန်နိုင်ငံ သည် အသင့်တပ်ဆင်တပ်ဖြန့်ချထားသော နျူးကလီးယား လက်နက် ၁၆၀ နှင့် အရန် ၆၅ စုစုပေါင်း ၂၂၅ ခန့် ပိုင်ဆိုင်ထားရှိပါသည်။ ပြင်သစ်နိုင်ငံသည် အသင့် တပ်ဆင့်တပ်ဖြန့်ချထားသော နျူးကလီးယား လက်နက် ၂၉၀ နှင့် အရန် ၁၀ စုစုပေါင်း ၃၀၀ ခန့် ပိုင် ဆိုင်ထားပါသည်။

ထို့အပြင် တရုတ်နိုင်ငံတွင် ၂၅၀ ခန့်၊ အိန္ဒိယ ၁၁၀ ခန့်၊ ပါကစ္စတန် ၁၂၀ ခန့်၊ အစ္စရေး ၈၀ ခန့်နှင့်မြောက် ကိုရီးယားတွင် ရှစ်ခုခန့် အသီးသီးပိုင်ဆိုင်ထားသည်ဟု ဆိုသည်။ ဆိုခဲ့ပါနိုင်ငံများအနက် အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်နှင့် တရုတ်နိုင်ငံတို့သာလျှင် နျူး ကလီးယားလက်နက် တရားဝင်ပိုင်ဆိုင်ခွင့်ရှိကြသည်။ နျူးကလီးယားပိုင်ဆိုင်ထားသော နိုင်ငံများတွင် အမေရိကန်နိုင်ငံသည် ပထမဆုံးနိုင်ငံဖြစ်ပြီး ၁၉၄၅ ခုနှစ်တွင် တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ မြောက် ကိုရီးယားနိုင်ငံသည် နောက်ဆုံးနိုင်ငံဖြစ်ပြီး ၂၀၀၆ ခုနှစ် တွင် ထုတ်လုပ်စမ်းသပ်နိုင်ခဲ့သည်။

နျူးကလီးယားလက်နက်များမပြန့်ပွားရေးစာချုပ်

နျူးကလီးယားလက်နက် မပြန့်ပွားရေးစာချုပ် (The Treaty on the Non-Proliferation of Nuclear Weapons-NPT) ကို ၁၉၆၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ပြီး ၁၉၇၀ ပြည့်နှစ် မတ်လ ၅ ရက်နေ့တွင်စတင် အာဏာသက်ရောက်ခဲ့သည်။ ထိုစဉ်က ဆိုဗီယက် ပြည်ထောင်စု၊ ဗြိတိန်၊ အမေရိကန်နှင့် အခြားနိုင်ငံ ၄၀ တို့က ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။ နျူးကလီး ယားလက်နက်နှင့် နျူးကလီးယားနည်းပညာပြန့်ပွားမှု ကိုကာကွယ်ရေး၊ ငြိမ်းချမ်းသောနည်းလမ်းဖြင့် နျူး ကလီးယားစွမ်းအင် အသုံးပြုရာတွင်ပူးပေါင်းဆောင် ရွက်မှုမြှင့်တင်ရန်နှင့် နျူးကလီးယားလက်နက်များ အလုံးစုံဖျက်သိမ်းသွားနိုင်ရေးတို့အတွက် ရည်ရွယ် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် ဩဂုတ်လအထိ ထိုစာချုပ်လက်မှတ် ရေးထိုးသည့် နိုင်ငံ ၁၉၁ နိုင်ငံအထိ ရှိလာပြီဖြစ်သည်။ သို့သော် နျူးကလီးယားလက်နက်ပိုင်ဆိုင်ထားသည့် အစ္စရေး၊ အိန္ဒိယ၊ ပါကစ္စတန်၊ မြောက်ကိုရီးယားနိုင်ငံတို့ အပြင် တောင်ဆူဒန်နိုင်ငံသည်လည်း ပါဝင်လက်မှတ် ရေးထိုးခြင်းမရှိသေးချေ။

ခြိမ်းခြောက်ခံနေရသောကမ္ဘာကြီး

နျူးကလီးယားလက်နက် မပြန့်ပွားရေးအတွက် မည် သို့ပင် လက်မှတ်ရေးထိုးထားစေကာမူ ကမ္ဘာကြီးသည် ထိုလက်နက်အန္တရာယ်မှ ခြိမ်းခြောက်ခံနေရဆဲပင်ဖြစ် သည်။ အရှေ့အလယ်ပိုင်းဒေသ၊ တောင်အာရှနှင့် ကိုရီးယားကျွန်းဆွယ်တို့တွင် ထိုလက်နက်ပိုင်ဆိုင်ထား သည့် နိုင်ငံများက ကျန်နိုင်ငံများကိုခြိမ်းခြောက်လျက် ရှိကြသည်။

ထိုနိုင်ငံများအကြား ဝါဒပြိုင်ဆိုင်နေရာမှ ကျန် ကမ္ဘာ့နိုင်ငံများကို မီးပွားလွင့်စင်လာနိုင်ပါသည်။ ထို့အပြင်တချို့သောနိုင်ငံများသည် နျူးကလီးယား ပိုင်ဆိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့်ကြိုးပမ်းနေ ကြသည်။ တချို့သောနိုင်ငံများကမူ နျူးကလီးယား လက်နက်များ အကြိမ်ကြိမ်စမ်းသပ်ကာ ကမ္ဘာကြီးကို ခြိမ်းခြောက်လျက်ရှိကြသည်။ ထို့ကြောင့် ကမ္ဘာ့ ခေါင်းဆောင်များအကြား တွေ့ဆုံဆွေးနွေးအဖြေရှာ သွားသင့်ပါသည်။ သို့မှသာလျှင် ကမ္ဘာကြီးသည်နျူး ကလီးယားလက်နက်များအန္တရာယ်မှ ကင်းဝေးနိုင်မည် ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် စက်တင်ဘာလ ၂၆ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာနျူးကလီးယားလက်နက်များ ကင်း စင်ပပျောက်ရေးနေ့ပင် ဖြစ်သည်။ နျူးကလီးယား ခြိမ်း ခြောက်မှုအန္တရာယ်ကို ပြည်သူများ သိရှိနိုင်စေရန်နှင့် နျူးကလီးယားလက်နက်များအလုံးစုံကင်းစင်ပပျောက် ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

နျူးကလီးယား မပြန့်ပွားရေးစာချုပ်လက်မှတ်ရေးထိုး ထားသော်လည်း နျူးကလီးယားလက်နက်များ အန္တရာယ် သည် လက်ရှိအချိန်ထိ ကမ္ဘာကြီးကိုခြိမ်းခြောက်နေဆဲ ပင်ဖြစ်သည်။ တချို့သောနိုင်ငံများသည် နျူးကလီးယား စမ်းသပ်မှုများကို အကြိမ်ကြိမ်ပြုလုပ်ကာ ကမ္ဘာကြီးကို ခြိမ်းခြောက်လျက်ရှိကြသည်။

နျူးကလီးယားပိုင်ဆိုင်ထားသောနိုင်ငံများအကြား ဝါဒယှဉ်ပြိုင်နေမှုများကြောင့် ကမ္ဘာ့ပြည်သူများသည် ရတက်မအေး ဖြစ်နေကြရသည်။ မည်သို့ပင်ဆိုစေကာမူ ကမ္ဘာ့နိုင်ငံများအကြား စားပွဲဝိုင်းတွင် မျက်နှာချင်း ဆိုင် ဆွေးနွေးညှိနှိုင်းအဖြေရှာလျက် ကမ္ဘာကြီးကို နျူးကလီးယား လက်နက်များအန္တရာယ်မှကင်းဝေး အောင် ဆောင်ကြဉ်းပေးနိုင်ကြပါစေ။ ။

(၅၃)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူ

ပဲခူး စက်တင်ဘာ ၂၅

ပဲခူးမြို့ ခုတင် ၅၀၀ အထွေထွေရောဂါကုဆေး ရုံကြီး ပြင်ပလူနာဆောင်၌ စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက (၅၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူး တိုင်း ဒေသကြီးရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များ ဖြစ်သော ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်း သာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ရေးဟူသောရည်မှန်းချက် များအနက် ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သော သွေးလိုအပ်နေသည့်လူနာများအတွက် (၅၃)နှစ် မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် ရဲတပ်ဖွဲ့ဝင်များစုပေါင်းကာ ယခုလို သွေးလှူဒါန်းခွင့်ရသည့်အတွက် အလွန်ဝမ်းသာ ကြည်နူးပီတိဖြစ်ရပါကြောင်း၊ မိမိတို့တပ်ဖွဲ့ဝင်များ မှာလည်း ကုသိုလ်တွေအများကြီးရရှိကြမှာဖြစ် ကြောင်း ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲဦးစီး(ပထမ

တန်း) ဦး/ရေး/ထောက် ဒုတိယရဲမှူးကြီးဇော်မင်း အောင်က ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီးစိန်လွင်၊ ဒုတိယတိုင်းတပ်ဖွဲ့မှူး ရဲမှူးကြီးခင်ကျော်တို့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်တို့ မှအရာရှိ၊ အရာခံ၊ အခြားတပ်ဖွဲ့ဝင် ၅၅ ဦး၊ အမှတ် (၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှဌာနချုပ် တပ်ခွဲမှူးရဲမှူး သက်ဝေထွန်းဦးဆောင်သော တပ်ဖွဲ့ ၅၀ တို့သည် စုပေါင်းကာ သွေးလှူဒါန်းကြပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီး ရဲတပ်ဖွဲ့အရာရှိ ကြီးများနှင့် လက်ထောက်ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းဝင်းတို့က လိုက်လံကြည့်ရှုအား ပေးပြီး အာဟာရဖြစ်စေသောမုန့်များ၊ ကြက်ဥနှင့် အချိုများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် အမှတ်(၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၁၅၀ တို့သည် ဆေးရုံပရဝဏ်အတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ပေးခြင်းဖြင့် ကုသိုလ် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

တရားခံဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်းဖွင့်

စစ်ကိုင်း စက်တင်ဘာ ၂၅

စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှ ဖမ်းဆီးနည်း(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၆/၂၀၁၇) သင်တန်းဖွင့်ပွဲကို စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့ရှိ ရဲရင့်ရိပ်သာခန်းမ၌ စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြသင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ ခရိုင်/မြို့နယ်/ရဲစခန်းများတွင် တာဝန်ထမ်းဆောင်နေ သော တပ်ဖွဲ့ဝင်များအနေဖြင့် တရားခံများ၏ အကြမ်းဖက်ရန်ပြုတုံ့ပြန်မှုများ ကြောင့် ရဲတပ်ဖွဲ့ဝင်များ ထိခိုက်အနာတရဖြစ်ခဲ့သည့် ဖြစ်စဉ်များပေါ်ပေါက်ခဲ့ သည့်အတွက် ရှောင်လွှဲနိုင်စေရေးစနစ်တကျဆောင်ရွက်တတ်စေရန်နှင့် ဥပ ဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်တတ်စေရန်ဖြစ်ကြောင်း၊ လက် နက်ကိုင်အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပင်မတာဝန်ဖြစ်သော နယ်မြေလုံခြုံ ရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ဆောင်ရွက်ရာမှာ အလွှာ ပေါင်းစုံပြည်သူများနှင့် ဆက်ဆံရသောကြောင့် ကျွမ်းကျွမ်းကျင်ကျင် နှံ့နှံ့ စပ်စပ် သိရှိရမည့်အပြင် လိမ္မာပါးနပ်စွာ တာဝန်ထမ်းဆောင်ကြရန် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကျွမ်းကျင်ပိုင်နိုင်စွာ ဖမ်းဆီးကိုင်တွယ် ဆောင် ရွက်ကြရန် လိုအပ်မှာဖြစ်ကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ခရိုင်ရဲတပ်ဖွဲ့ရုံးနှင့် မြို့နယ်/ရဲစခန်းအသီးသီးမှ သင်တန်းသားအရာရှိ ခြောက်ဦး၊ အခြားအဆင့် ၄၄ ဦး စုစုပေါင်း ၅၀ တက် ရောက်ကြပြီး စာတွေ့/လက်တွေ့ ရက်သတ္တနှစ်ပတ် သင်ကြားပို့ချပေးသွား မည်ဖြစ်ကြောင်းသိရသည်။ **ဇော်မြင့်နိုင်(ပြန်/ဆက်)**

အနုပညာ

တေးသီချင်းသစ်ကို ပထမဆုံးအကြိမ်ဖျော်ဖြေခဲ့တဲ့ မိုင်လီဆိုင်းရပ်စ်



အမေရိကန်ပေါ့ပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်က လတ်တလောမှာကျင်းပခဲ့တဲ့ ယခုနှစ်အတွက် iHeart Radio တေးဂီတပွဲတော်မှာ ပါဝင်ဖျော်ဖြေခဲ့ရာမှာတော့ တရားဝင်ထုတ်လွှင့်ခဲ့ခြင်း မရှိသေးတဲ့ သူ့ရဲ့တေးသီချင်းသစ်တစ်ပုဒ်နဲ့ ဖျော်ဖြေခဲ့ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာ ၂၃ ရက်နဲ့ ၂၄ ရက်တွေမှာ ဖျော်ဖြေပွဲတွေပြုလုပ်ခဲ့ရာမှာတော့ မိုင်လီက ဒုတိယညဖြစ်တဲ့ ၂၄ ရက် ညပိုင်းမှာ ပါဝင်ဖျော်ဖြေခဲ့တာဖြစ်ပါတယ်။ ဒီလိုဖျော်ဖြေရာမှာတော့ မိုင်လီဆိုင်းရပ်စ်က သူ့ရဲ့ တေးအယ်လ်ဘမ်သစ် "Younger Now"မှာ ပါဝင်မယ့်တေးသီချင်းသစ် " Younger Now" ကို သီဆိုဖျော်ဖြေခဲ့တာဖြစ်ပါတယ်။

အဆိုပါတေးသီချင်းဟာ လာမယ့် စက်တင်ဘာ ၂၉ ရက်မှာမှ တရားဝင်စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း မိုင်လီဆိုင်းရပ်စ်က ပြီးခဲ့တဲ့သီတင်းပတ်အတွင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် အသိပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဆုပေးပွဲညမှာတော့ မိုင်လီက "Younger Now"ကို ပထမဆုံးအကြိမ်အဖြစ် ဖျော်ဖြေပေးခဲ့ပြီး ကိုယ်တိုင်ဂီတာတီးကာ သီဆိုခဲ့တာကိုလည်း တွေ့ရပါတယ်။ နောက်ပိုင်းမှာတော့ ပေါ့ပ်ကြယ်ပွင့်က တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့တေးသီချင်း "Week Without You"နဲ့ ဖျော်ဖြေခဲ့ကြောင်းလည်း သိရပါတယ်။

ဒ့ါအပြင် မိုင်လီဆိုင်းရပ်စ်က အဆိုပါဖျော်ဖြေမှုရဲ့နောက်ပိုင်းမှာတော့ ယခင်ကထွက်ရှိခဲ့ပြီးဖြစ်တဲ့ သူ့ရဲ့ဂန္ထဝင်တေးသီချင်းတွေနဲ့ ဆက်လက်သီဆိုဖျော်ဖြေခဲ့တာဖြစ်ပါတယ်။ ဂန္ထဝင်တေးတွေအနက် "Party in the USA"ကို သီဆိုဖျော်ဖြေခဲ့ပြီးနောက်မှာတော့ မိုင်လီဆိုင်းရပ်စ်က နေရာတိုင်းမှာ ညီမျှမှုတွေမရပါက အမေရိကန်က ပါတီပွဲတွေလို့ဆိုနိုင်မှာမဟုတ်ကြောင်းနဲ့ တန်းတူအခွင့်အရေးရဖို့အတွက် သူ့အနေနဲ့ ဆက်လက်တိုက်တွန်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

မိုင်လီဆိုင်းရပ်စ်ရဲ့ တေးအယ်လ်ဘမ်သစ် "Younger Now"မှာ ပါဝင်နေတဲ့ တေးသီချင်းတွေအနက် လတ်တလောအချိန်အထိ လေးပုဒ်ထုတ်လွှင့်ခဲ့ပြီးဖြစ်ကာ နောက်ဆုံးထုတ်လွှင့်ပေးခဲ့တဲ့ တေးသီချင်း "Week Without You" ကို ပြီးခဲ့တဲ့ စက်တင်ဘာ ၂၁ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တေးသီချင်းတွေနဲ့မတူဘဲ အသည်းကွဲတေးသီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တေးသီချင်းတွေအနက် မိုင်လီဆိုင်းရပ်စ်ရဲ့ ချစ်သူဖြစ်တဲ့ လီယမ်ဟမ်းစ်ဝ့ါသ်နေထိုင်ရာ ဇာတိမြေ မလီဘူးမြို့အကြောင်းကို ရေးစပ်ထားပြီး ယင်းမြို့ရဲ့ရှုခင်းတွေကို နောက်ခံထားကာ ပုံဖော်ထားတဲ့တေးသီချင်း "Malibu"ဟာ အကျော်ကြားဆုံးဖြစ်တာ တွေ့ရပါတယ်။ iHeart Radio တေးဂီတပွဲတော်မှာ မိုင်လီဆိုင်းရပ်စ် စတင်သီဆိုခဲ့တဲ့တေးသီချင်း "Younger Now"ကို လာမယ့် စက်တင်ဘာ ၂၉ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး ယင်းသီချင်းကတော့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့်တေးသီချင်းတွေအနက် ပဉ္စမမြောက်ထုတ်လွှင့်မယ့်တေးသီချင်းဖြစ်လာမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

My Little Pony ရုပ်ရှင်တေးအတွက် ဝေဖန်ခံခဲ့ရတဲ့ စီအယ်လ်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 2NE1ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ စီအယ်လ်ဟာ အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ပြီး နောက်ပိုင်းမှာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် လှုပ်ရှားမှုတွေပြုလုပ်ခဲ့တာဖြစ်ပြီး သူ့ရဲ့တေးသီချင်းတွေကို ဖန်တီးရာမှာလည်း ပြည်တွင်းမှာသာမက အမေရိကန်နိုင်ငံသို့ သွားရောက်ကာ ဟောလိဝုဒ်ဂီတကြယ်ပွင့်တွေနဲ့ ပေါင်းစပ်ဖန်တီးလေ့ရှိပါတယ်။ လတ်တလောမှာတော့ စီအယ်လ်က ဟောလိဝုဒ်ရုပ်ရှင်တစ်ကားဖြစ်တဲ့ ရုပ်သံဖန်တီးမှုအမျိုးအစားရုပ်ရှင် "My Little Pony "အတွက် ဇာတ်ဝင်တေးကို ပါဝင်သီဆိုပေးထားကြောင်းထုတ်ဖော်ပြောကြားလာခဲ့ပြီး တေးသီချင်းထုတ်လွှင့်ပေးချိန်မှာလည်း အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် လွှင့်ခဲ့ရာ အချို့သောပရိသတ်တွေက စီအယ်လ်အပေါ် အဆိုးမြင်တဲ့ဝေဖန်မှုတွေ ပြုခဲ့ကြတာကိုလည်း တွေ့ရကြောင်း ကေပေါ့ပ်စတားဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာ စီအယ်လ်က သူဟာ ဟောလိဝုဒ်ရုပ်ရှင် "My Little Pony"ရဲ့ ဇာတ်ဝင်တေးအယ်လ်ဘမ်မှာ တေးသီချင်းတစ်ပုဒ်ပါဝင်သီဆိုထားကြောင်း ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ စီအယ်လ်သီဆိုထားတဲ့ ဇာတ်ဝင်တေးဟာ တရားဝင်ထွက်ရှိခဲ့ပြီဖြစ်ရာ စီအယ်လ်ရဲ့ တစ်ကိုယ်တော်အမေရိကန်တေးအယ်လ်ဘမ်ကို မျှော်လင့်နေကြတဲ့ ပရိသတ်တွေနဲ့ အချို့သောပရိသတ်တွေက ယင်းဇာတ်ဝင်တေးထွက်ရှိမှုနဲ့ ပတ်သက်ပြီး စီအယ်လ်အပေါ် အဆိုးမြင်ကြကာ ဝေဖန်မှုတွေကိုလည်း အွန်လိုင်းမီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ကြတာဖြစ်ပါတယ်။

"My Little Pony"ဇာတ်ဝင်တေးအယ်လ်ဘမ်ရဲ့ တေးသီချင်းတွေအနက် စီအယ်လ်ပါဝင်သီဆိုထားတဲ့တေးသီချင်းဟာ နံပါတ် ၁၁ နေရာမှာ ရှိနေတာ တွေ့ရပါတယ်။ ယင်းတေးသီချင်းကိုတော့ ပေါဘလဲနဲ့ မာ့ခ်နီလန်ဂျူနီယာတို့က ရေးသားပေးခဲ့တာဖြစ်ပြီး "My Little Pony"ရုပ်ရှင်ကတော့ လာမယ့် အောက်တိုဘာ ၆ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။

စီအယ်လ်နဲ့ပတ်သက်ပြီး လတ်တလော ဝေဖန်မှုတွေဟာ ဇာတ်ဝင်တေးသီချင်းထက် စီအယ်လ်ရဲ့ အနုပညာလှုပ်ရှားမှုတွေကို ဦးတည်ဝေဖန်ချင်ကြတာကိုလည်း တွေ့ရပါတယ်။ စီအယ်လ်ဟာ ပြည်တွင်းမှာ တေးအယ်လ်ဘမ်ဖန်တီးခြင်းထက် အမေရိကန်ကိုသွားရောက်ဖန်တီးတဲ့အပေါ် အချို့က အဆိုးမြင်ကြတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

လာမယ့်လအတွင်း TWICE ၏ တေးဂီတလှုပ်ရှားမှုသစ်ကို တွေ့ရမည်

လတ်တလော တောင်ကိုရီးယားရဲ့ အကျော်ကြားဆုံးအမျိုးသမီးတေးဂီတအဖွဲ့လို့တောင်ဆိုနိုင်တဲ့ TWICE ဟာ လာမယ့်လအတွင်းမှာတော့ တေးဂီတလှုပ်ရှားမှုသစ်တွေနဲ့အတူ ပရိသတ်အရှေ့အရောက်ပြန်လာဖို့ စီစဉ်ထားကြောင်း အဖွဲ့ရဲ့အေဂျင်စီက အတည်ပြုပြောကြားခဲ့တာ ဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက "TWICE ဟာ လာမယ့် အောက်တိုဘာလအတွင်းမှာ တေးသီချင်းသစ်နဲ့အတူ ပရိသတ်ရှေ့ အရောက်လာမှာပါ။ အောက်တိုဘာလကုန်ပိုင်းလောက်ဖြစ်မှာပါ။ ရက်အတိအကျကိုတော့ လတ်တလောမှာ ဆွေးနွေးကြတုန်းပဲ ရှိပါသေးတယ်"လို့ မီဒီယာတစ်ခုကို ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်အတွင်း တေးအယ်လ်ဘမ်စတင်ထုတ်လွှင့်ခဲ့ကာ ကေပေ့ါပ်တေးဂီတလောကအတွင်း ဝင်ရောက်လာခဲ့တဲ့ TWICE ဟာ လတ်တလောမှာတော့ ဂျပန်တေးအယ်လ်ဘမ်ထုတ်လွှင့်ခြင်းနဲ့ ဂျပန်နိုင်ငံက ဖျော်ဖြေတာတွေနဲ့ပတ်သက်ပြီး အလုပ်များနေတာလည်း ဖြစ်ပါတယ်။ လာမယ့်အောက်တိုဘာလအတွင်း တေးသီချင်းသစ်ထုတ်လွှင့်ဖို့ စီစဉ်ထားရာမှာလည်း အောက်တိုဘာ ၂၀ ရက်ဝန်းကျင် ဖြစ်နိုင်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းက ဝေဖန်ထားပါတယ်။ အကြောင်းကတော့ အောက်တိုဘာ ၂၀ ရက်မှာ TWICE ရဲ့ အဖွဲ့တည်ထောင်ခြင်း နှစ်နှစ်ပြည့်မှာ ဖြစ်ပါတယ်။

TWICE ဟာ ယခုနှစ်အတွင်း တေးသီချင်းသစ် နှစ်ပုဒ်ကို သီးခြားစီထုတ်လွှင့်ခဲ့တာကြောင့် လာမယ့်လအတွင်း ထုတ်လွှင့်သွားမယ့်တေးသီချင်းဟာ ယခုနှစ်အတွက်တော့ အဖွဲ့ရဲ့ တတိယမြောက် ထုတ်လွှင့်တဲ့ တေးသီချင်းဖြစ်လာမှာပါ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းမှာ TWICE ဟာ "Knock Knock"တေးသီချင်းကို စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပြီး မေလအတွင်းမှာတော့ "Signal"ကို ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။

အဆိုပါတေးဂီတအဖွဲ့ဟာ ပြီးခဲ့တဲ့လအတွင်းက သူတို့ရဲ့ တေးသီချင်းသစ်အတွက် တေးဗီဒီယိုရိုက်ကူးနေကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပြီး မကြာမီထုတ်လွှင့်မယ့်တေးသီချင်းဟာ TWICE ရဲ့ တေးဂီတသက်တမ်းတစ်လျှောက် ခြောက်ကြိမ်မြောက် ထုတ်လွှင့်မယ့် တေးသီချင်းဖြစ်လာမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ဟောလိဝုဒ်မီဒီယာတွေကို သိမ်းပိုက်လိုက်တဲ့ ခိုင်လီဂျန်နာ

ရုပ်သံကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ခိုင်လီဂျန်နာဟာ မီဒီယာစာမျက်နှာတွေပေါ်ကနေ ကွယ်ပျောက်နေခဲ့တာအတော်ကြာခဲ့ပြီးနောက် လတ်တလောမှာတော့ ကိုယ်ဝန်လွယ်ထားရပြီဖြစ်ကြောင်း သတင်းတွေနဲ့အတူ မီဒီယာစာမျက်နှာတိုင်းလိုလိုမှာ နေရာယူထားတာဖြစ်ပါတယ်။ လတ်တလောမှာတော့ အသက်(၂၀)အရွယ်ရှိပြီဖြစ်တဲ့ ခိုင်လီဂျန်နာဟာ ရင်သွေးလေးလွယ်ထားရပုံပေါ်နေတဲ့ဓာတ်ပုံတွေနဲ့အတူ မီဒီယာတွေက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဟောလိဝုဒ်မီဒီယာတစ်ခုဖြစ်တဲ့ တီအမ်ဇက်ဒေ့ါကွန်းက ခိုင်လီရဲ့ ရင်သွေးလေးဟာ လက်ရှိချစ်သူ တေးသံရှင် ထရားဗစ်စကော့ထ်နဲ့ ရရှိခဲ့တာဖြစ်တယ်လို့ ဖော်ပြခဲ့ပြီး သမီးလေးဖြစ်တယ်လို့လည်း သိရပါတယ်။

ခိုင်လီဂျန်နာနဲ့ ရက်ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ထရားဗစ်စကော့ထ်တို့ဟာ ပြီးခဲ့တဲ့ ဧပြီအစောပိုင်းလောက်မှာ လက်တွဲခဲ့ပုံရပြီး ယခုနှစ်ရဲ့ ကိုအာချယ်လာတေးဂီတဖျော်ဖြေပွဲကိုလည်း အတူတက်ရောက်ခဲ့တာဖြစ်ပါတယ်။ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Life of Kylie"ရဲ့ ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ခိုင်လီဂျန်နာဟာ သူ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စရပ်တွေကိုတော့ အမြဲလျှို့ဝှက်ထားလိုသူတစ်ဦးဖြစ်တာကိုလည်း တွေ့ရပါတယ်။ သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီးလည်း ခိုင်လီက "တစ်စုံတစ်ယောက်နဲ့ ကျွန်မအကြားမှာ ထူးခြားတဲ့ဆက်ဆံရေးရှိလာပြီဆိုရင် ကျွန်မအတွက် အခက်ခဲဆုံးအရာကတော့ ဒီအကြောင်းတွေ အင်တာနက်ပေါ်မှာ ပွနေတာကို တွေ့ရတာပါပဲ"လို့ ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် ကာယကံရှင်တွေရဲ့ခံစားချက်တွေကို အမျိုးမျိုးဝေဖန်ရေးသားခဲ့ကြပြီး အများစုကတော့ မှန်ကန်မှုမရှိတာကို တွေ့ရကြောင်းလည်း ဆိုပါတယ်။

လက်ရှိ သူ့ရဲ့အခြေအနေနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာတော့ ခိုင်လီက လက်ရှိဘဝကို အလွန်ကျေနပ်ပျော်ရွှင်နေမိကြောင်းနဲ့ လွန်ခဲ့တဲ့ သုံးနှစ်တာကာလအတွင်း အိမ်ထဲမှာ အနေများခဲ့ကာ မွန်းကျပ်နေခဲ့ပေမယ့် လက်ရှိဘဝကတော့ ပျော်စရာတွေနဲ့ ပြည့်နေကြောင်း မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့တယ်လို့လည်း သိရပါတယ်။

အေးပြည့် – စုစည်းသည်

ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆိုပါဝင်ရေးသားရန်ဖိတ်ခေါ်ပါသည်။ သို့သော်ကြမ်းတမ်းပြင်းထန်သောအယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

ကြုံခဲ့ရတဲ့ပညာရေးအကြောင်း တစေ့တစောင်း

အငြိမ်းစားပါမောက္ခတစ်ဦး

ယမန်နေ့မှအဆက်

ခုချိန်ထိ အဲဒီဆရာ ဆရာမအိုကြီးတွေကို ရန်ကုန်တက္ကသိုလ်ဘာသာရပ်ဌာနအသီးသီးရဲ့ သင်ကြားရေးအစည်းအဝေး (Board of Studies B.O.S)မှာ ဖိတ်ကြားပြီး အကြံဉာဏ်လမ်းညွှန်မှုတွေ ယူနေရဆဲပါ။ သူတို့ခေတ်က Ph.D သင်တန်းမဖွင့်သေးလို့ ဒေါက်တာ မတပ်ခဲ့ရပေမယ့် ပညာရပ်မှာတော့ ခုချိန်ထိ ဂုရုကြီးတွေပါ။ နောက်လူတွေ မယှဉ်ရဲကြပါဘူး။

ပါရဂူဘွဲ့နဲ့ဆက်စပ်ပြီး ပြောရပြန်ရင်လည်း အစပိုင်းမှာ တစ်ယောက်စ၊ နှစ်ယောက်စလောက်ပဲ တက်ခဲ့ပေမယ့် ပြည်တွင်းမှာပဲ ရနိုင်နေတော့ စုပြုံတက်ကြပါတော့တယ်။ ကျွန်မကထိကဘဝနဲ့ ရန်ကုန်တက္ကသိုလ်မှာရှိတုန်း ပါမောက္ခက ပါရဂူသင်တန်းဝင်ခွင့် ဖြေကြတဲ့၊ အဖြေလွှာတွေကို သူတစ်ယောက်တည်းစစ်ရင် အများကမယုံကြမှာစိုးလို့ ကျွန်မတို့ ကထိကတွေကို ဝိုင်းပြီးစစ်ခိုင်းပါတယ်။ ပွင့်လင်းမြင်သာစွာပေါ့လေ။ ကျွန်မတို့ တညီတညွတ်တည်း အောင်မှတ်ပေးကြတာ တစ်ဦးတည်းပဲရှိပါတယ်။ ဒါပေမယ့် တရားဝင်အောင်စာရင်းထွက်လာတဲ့အခါ ဖြေသမျှ လူ ၂၀ ကျော် အားလုံးအောင်ပါတယ်။ ပါမောက္ခလည်း ဘာမှမတတ်နိုင်ပါဘူး။ ပေါ်လစီကြောင့်ပါတဲ့။

ခက်ခက်ခဲခဲပါရဂူဘွဲ့ရ

Qualitative quantity မဟုတ်ဘဲ Quantitative quality မွေးထုတ်ခဲ့ကြတာပါ။ ကျွန်မ ပါမောက္ခရာထူးတိုးတဲ့အချိန်တုန်းက ပါရဂူဘွဲ့ရမှဆိုတဲ့ ကန့်သတ်ချက်မရှိသေးပါဘူး။ ခုချိန်မှာ ဘာကိစ္စဖြစ်ဖြစ် Ph.D ဆိုတဲ့ ပေတံနဲ့တိုင်းကြပါတယ်။ အရင်က မြန်မာပြည်မှာ ပါရဂူဘွဲ့မပေးခင် နိုင်ငံခြားမှာ ပညာတော်သင်သွားခဲ့ကြတဲ့သူတွေဟာ သူများနိုင်ငံမှာ မှတ်ကျောက်တင် အစစ်ဆေးခံခဲ့ပြီးမှ သုတေသနတွေ ကျမ်းအစောင်စောင်တင်ခဲ့ပြီးမှ ခက်ခက်ခဲခဲ ပါရဂူဘွဲ့ရခဲ့ကြတာပါ။ တကယ်လည်းတော်ကြပါတယ်။ သူတို့ပြန်လာတဲ့အခါမှာ သူတို့ သင်ယူခဲ့ရတဲ့ ပညာကို အသုံးချနိုင်ခွင့်နည်းပါးကြတော့ အလုပ်တွေထွက်ကုန်ကြပြီး လစာကောင်းကောင်းပေးနိုင်တဲ့ ပြည်ပကုမ္ပဏီတွေ ရောက်ကုန်ကြပါတယ်။

ပြည်တွင်းကပေးတဲ့ ပါရဂူဘွဲ့ကို ရတဲ့သူတွေမှာ ထိုက်တန်တဲ့သူရှိသလို ပေါချောင်ကောင်းနဲ့ရခဲ့သူတွေလည်း ရှိကြတယ်ဆိုတာ သိတဲ့သူတွေ သိကြပါတယ်။ တစ်နှစ်တစ်ခါ စာတမ်းလေးဖတ်၊ လေးနှစ်ပြည့်ရင် Reject ဆိုတာမရှိဘဲ Ph.D ဘွဲ့ ရသွားကြတော့ ပညာမပြည့်ပေမယ့် မာနတွေကတော့ အပြည့်ပါပဲ။ အဲဒီတော့ ရာထူးတိုးမြှင့်ရေးမှုတွေက တစ်မျိုးပြီးတစ်မျိုး ဖြစ်လာတာပေါ့။ အချင်းချင်း မတည့်ကြတာ၊ တိုင်ကြတောကြတာတွေက မကြားစဖူးတွေ ကြားနေရပါတယ်။ အရင်က ရန်ကုန်နဲ့ မန္တလေးတက္ကသိုလ်ကြီးတွေမှာ ဘာသာရပ်တစ်ခုမှာ ပါမောက္ခ နှစ်ယောက်လောက်သာ ရှိခဲ့တာမို့ သင်ကြားရေးစီမံခန့်ခွဲရေးတွေမှာ အင်မတန်တော်တဲ့သူတွေ၊ အများလေးစား ကြည်ညိုကြသူတွေပါ။

တဖြည်းဖြည်း ကျောင်းတွေ တိုးချဲ့ဖွင့်တော့တက္ကသိုလ်အဆင့်နဲ့ညီအောင် ပါမောက္ခတွေ အများကြီးခန့်ရတော့တာပေါ့။ နောက်ထပ်တွဲဖက်ပါမောက္ခဆိုတဲ့ ရာထူးပါ အသစ်တိုးလာပြီး ဌာနတစ်ခုမှာ ပါမောက္ခတစ်ယောက် တွဲဖက်ပါမောက္ခတစ်ယောက် ထားခဲ့ပါတယ်။ သတ်မှတ်လုပ်သက်ပြည့်ကြလို့ နောက်လူတွေ တဖြည်းဖြည်း တက်လာတဲ့အခါ two-four လို့ ခေါ်ကြတဲ့ ပါမောက္ခ နှစ်ယောက် တွဲဖက်ပါမောက္ခ လေးယောက် ဖြစ်လာကြရော။

ပါမောက္ခနှစ်ယောက်

ပါမောက္ခနှစ်ယောက် ဖြစ်လာတော့ ဘယ်သူက ဌာနရဲ့အုပ်ချုပ်သူလဲ။ နှစ်ယောက်လုံး အုပ်ချုပ်လို့မရတော့ တစ်ယောက်က ပါမောက္ခ(ဌာနမှူး)၊ တစ်ယောက်က ပါမောက္ခ။ တကယ်ကတော့ ပါမောက္ခ နှစ်ယောက်ထားရခြင်းဟာဌာနမှာ ပိုပြီးအလုပ်ဖြစ်အောင်ဆိုတဲ့ ရည်ရွယ်ချက်ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တွေ ကွာခြားတော့ ဌာနမှူးလုပ်ချင်ကြတာပေါ့။ ပိုပြီးစီနီယာကျတဲ့သူကို ဌာနမှူးပေးသလားဆိုတော့လည်း မဟုတ်ပြန်ဘူး။

ဌာနမှူးတစ်ယောက် transfer ပြောင်းလာရင် ပြဿနာအမျိုးမျိုး တက်တော့တာပါပဲ။ ပြောင်းလာတဲ့သူက စီနီယာကျလား၊ မကျလား မကြည့်တော့ဘဲ အရင်ရှိနှင့်တဲ့ ပါမောက္ခက ဌာနမှူးဖြစ်၊ နောက်ရောက်လာတဲ့ ပါမောက္ခက ဘယ်လောက်စီနီယာဖြစ်ဖြစ် ဌာနမှူး မလုပ်ရတော့ပါဘူး။ အဲတစ်ပြိုင်တည်း နှစ်ယောက်ပြောင်းလာရင်တော့ အဲဒီကျောင်းက ပါမောက္ခချုပ်ခေါင်းကိုက်ရတော့တာပဲ။ ဘယ်သူ စီနီယာကျလဲ၊ လုပ်သက်ဘယ်သူပိုများလဲ၊ ပါရဂူဘွဲ့ ဘယ်သူအရင်ရလဲ၊ အားလုံးတူနေရင် ပြောင်းလာတဲ့ကျောင်းမှ ဘယ်သူ Duty report အရင်လုပ်လဲဆိုတာနဲ့ အမှတ်ပေးရတော့တာပါပဲ။

အဲဒီလိုနဲ့ ပါမောက္ခနှစ်ယောက် မတည့်ကြတာ၊ ရန်ဖြစ်ကြတာ၊ တိုင်ကြတောကြတာတွေနဲ့ စိတ်ပျက်ဖို့ အင်မတန်ကောင်းပါတယ်။ လက်အောက်က ဆရာ ဆရာမတွေလည်း သူ့တပည့် ကိုယ့်တပည့်နဲ့ စိတ်ဝမ်းတွေကွဲ၊ အလုပ်ကိုလည်း သူ့တာဝန် ကိုယ့်တာဝန်နဲ့ ကပ်တွက်ကြ၊ ပြဿနာမရှိတဲ့ဌာနဆိုတာ တော်တော်ရှားပါတယ်။ ဒါက အဆင့်မြင့်ပညာကဏ္ဍ ဆရာ ဆရာမတွေရဲ့ အနေအထား တွေ့ကြုံခဲ့ရသလောက် ကျွန်မရဲ့ အမြင်တွေပါ။ အခြေခံပညာအဆင့်မှာလည်း ပြဿနာပေါင်းသောင်းခြောက်ထောင်ပေါ့။

ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်

ကျောင်းသူ ကျောင်းသားတွေရဲ့ အရည်အသွေးနဲ့ အခြေအနေတွေကို သုံးသပ်ကြည့်ပြန်တော့။ ကျွန်မတာဝန်ထမ်းဆောင်ခဲ့ရတဲ့ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်ကို "အမှိုက်ပုံ"လို့တောင် တင်စားကြပါတယ်။ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေကို အမှတ်မမီတဲ့ သူတွေက ဝိဇ္ဇာ၊ သိပ္ပံ(နေ့သင်တန်း)တက်မလား၊ အဝေးသင်တက်မလားဆိုတာ စဉ်းစားကြရတော့တယ်။ ကိုယ်တက်ရတဲ့တက္ကသိုလ်ဟာ ကိုယ့်ဒေသနဲ့အလှမ်းဝေးရင် ဘော်ဒါဆောင် အခန်းငှားစရိတ်၊ စားစရိတ်၊ ကျူရှင်စရိတ်တွေ တွက်ပြီး မတတ်နိုင်သူတွေက အဝေးသင်တက္ကသိုလ်ပဲ တက်ကြတော့တယ်။

ဒီနေရာမှာ ဝိဇ္ဇာ၊ သိပ္ပံ(နေ့သင်တန်း)နဲ့ အဝေးသင်ကျောင်းသားများကို ကဏ္ဍခွဲပြီး ပြောပါရစေ။ အခြေခံပညာအဆင့်မှာ ပုံစံတွေ ဘယ်လိုပြောင်းပြီး သင်ခဲ့ကြလဲဆိုတာတော့ အသေးစိတ်မသိပါဘူး။ ဒါပေမယ့် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်က မေဂျာတွေကို ရောက်လာတဲ့ ကျောင်းသားများဟာ တဖြည်းဖြည်းနဲ့ အင်္ဂလိပ်စာအရည်အသွေးတော်တော်ကျဆင်းလာပါတယ်။

တစ်စခန်းထ

ကျွန်မတို့ ကျောင်းတက်တုန်းက ငါးတန်းမှစပြီး အင်္ဂလိပ်စာသင်ရပါတယ်။ တခြားဘာသာရပ်တွေ မြန်မာလိုပဲ အားလုံးသင်ခဲ့ရတာ ပထမဘွဲ့ရတဲ့အထိပါ။ မဟာဘွဲ့ဆက်တက်မှာ အင်္ဂလိပ်လိုသင်ရတာပါ။ ဒါပေမယ့် အခုကလေးတွေ အထက်တန်းကျောင်းတွေမှာ ဘာသာရပ်တွေကို အင်္ဂလိပ်လို သင်ရပေမယ့် အလွတ်ပဲကျက်တတ်ပြီး နားမလည်ကြပါဘူး။

တက္ကသိုလ်ရောက်တာ့ ပိုဆိုးကြပါတယ်။ စာတွေက များလာ ခက်လာတဲ့အခါ ဘာသာရပ်တစ်ခုကို များများ မမှတ်နိုင် မကျက်နိုင်ကြတော့ပါဘူး။ အများဆုံး ၄၊ ၅ ပုဒ်ပဲကျက်နိုင်တယ်။ ဘာမေးမေး ကျက်ထားတာတွေ ဖြေကြတော့တယ်။ အဲဒီမှာကျူရှင်ဆရာတွေ အကွက်ကောင်းရပြီး တစ်စခန်းထကြတော့တာပါပဲ။

ကျောင်းသားများကလည်း ကိုယ်တိုင်မကြိုးစားကြပဲ ကျူရှင်အားကိုးကြရော။ ကျူရှင်ဆရာဟာ ပညာပြည့်ဝပြီး စေတနာထားသင်ရင် ကုသိုလ်လည်းရ ဝမ်းလည်းဝပေါ့။ ဒါပေမယ့် ဘယ်လောက်သင်သင် မောင်ကျောင်းသားများက မခံယူနိုင်ကြတော့ ဆရာကလည်း အပင်ပန်းခံ မသင်တော့ပဲ သင်ချင်တာရွေးသင်၊ ကျောင်းသားများက ကျက်ချင်သလောက် ရွေးကျက်။

ဒီနေရာမှာ ပါမောက္ခရဲ့သိက္ခာ၊ အရည်အသွေး၊ ခံယူချက်၊ စီမံခန့်ခွဲမှုနဲ့ စိတ်ဓာတ်တွေ စကားပြောလာပါတယ်။ တက္ကသိုလ်တွေ အများကြီး ဖွင့်လာတဲ့အခါ ပါမောက္ခဆိုတဲ့ ရာထူးကို အသက်ငယ်ငယ်လွယ်လွယ်နဲ့ရလာကြတော့ တန်ဖိုးထားရမှန်း၊ သိက္ခာထိန်းရမှန်း နားမလည်ကြသူတွေရှိလာပါတယ်။

တချို့ပါမောက္ခတွေ တစ်ဖက်လှည့်နဲ့ ကိုယ်တိုင်ကျူရှင်သင်ပါတယ်။ တချို့က ကိုယ်နဲ့အကြောင်းအပေါင်းသင့်တဲ့သူတွေကို သင်ခိုင်းပြီး "ဆက်ကြေး"ကောက်ကြပါတယ်။ တက္ကသိုလ်တွေများလာတဲ့အခါ ကိုယ့်တက္ကသိုလ်မှာ ကိုယ့်ပါမောက္ခထုတ်တဲ့ မေးခွန်းကိုပဲ ဖြေရတာဆိုတော့ မစောင့်စည်းမထိန်းသိမ်းတဲ့ ပါမောက္ခက ကိုယ်တိုင်လည်း စီးပွားဖြစ် ပလဲနံပသင့်တဲ့သူတွေ (ဆရာ ဆရာမငယ်တွေ)ရဲ့ ဆရာမွေးခြင်းခံရ၊ ငါးသလောက်ကို ပေါင်းစားကြတော့တာပါပဲ။

မေးခွန်းလုံခြုံမှုအားနည်း

အရင်တုန်းက စာမေးပွဲမေးခွန်းကို ဖယောင်းစက္ကူပေါ်မှာ လက်နှိပ်စက်ရိုက်၊ စာကူးစက်နဲ့လှည့်ပြီး မိတ္တူပွားရတုန်းက ပြဿနာမရှိခဲ့ဘူး။ နောက်ပိုင်း ကွန်ပျူတာနဲ့ မေးခွန်းရိုက်ရတဲ့အခါ ကွန်ပျူတာမကျွမ်းကျင်တဲ့ ပါမောက္ခတွေဟာ ဆရာ ဆရာမငယ်တွေ (လူငယ်တွေက နည်းပညာ ပိုကျွမ်းကျင်ကြတယ်လေ)ကို မေးခွန်းရိုက်ခိုင်းတတ်ကြတော့ မေးခွန်းလုံခြုံမှုအားနည်းတော့တာပေါ့။

ပါမောက္ခနားမှာနေရင် စောင့်စည်းရမယ့်ကျင့်ဝတ်ကို ဖောက်ဖျက်ကြတော့ အပင်ပန်းခံပြီး ကျူရှင်သင်စရာမလိုတော့ဘဲ မေးခွန်းရောင်းစားရုံနဲ့ အလုပ်ဖြစ်နေကြတာ။ ကျောင်းသား ၃၀ လောက်ပဲရှိတဲ့ ဘာသာရပ်ဌာနတစ်ခုမှာ ၂၀ လောက်က Qualify (မဟာတန်းတက်ရန် အရည် အချင်းမီ) ဖြစ်ကုန်ကြပြီး ကျောင်းသား ၂၀၀ လောက်ရှိ တဲ့ ဘာသာရပ်မှာ ငါးယောက်လောက်ပဲ Qualify ဖြစ်တာ ဘယ်ပါမောက္ခ ဘယ်လိုဆိုတာ အသိသာကြီး ဖြစ်သွားပါတယ်။ ဒါက နေ့သင်တန်း (Day ကျောင်းသားတွေ)နဲ့ ပတ်သက်တဲ့ကိစ္စပါ။

အဝေးသင်ကျောင်းသားများ အခြေအနေကို ဆွေးနွေးရရင်တော့ အဝေးသင်တက္ကသိုလ်ဟာ ရန်ကုန်နဲ့ မန္တလေး နှစ်ခုပဲရှိပါတယ်။ ဒါပေမယ့် နယ်တက္ကသိုလ်တိုင်းဟာ အဝေးသင်ဌာနခွဲတွေပါပဲ။ အဝေးသင်တက္ကသိုလ်ရဲ့ တာဝန်က ပြဋ္ဌာန်းစာအုပ်တွေ ထုတ်မယ်၊ စာစဉ်(Assignment)တွေထုတ်ပြီး နယ်တွေပို့မယ်၊ စာမေးပွဲမေးခွန်းထုတ်မယ် ဒါပါပဲ။

ဒီတော့အဝေးသင်ကျောင်းသားတွေကို ဘယ်သူက စာသင်လဲဆိုတော့ နယ်တက္ကသိုလ်တွေက ဘာသာရပ်ဌာနအသီးသီး ဆရာ ဆရာမတွေပါပဲ။ ဒီဆရာ ဆရာမတွေပဲ တနင်္လာက သောကြာထိ နေ့သင်တန်းကိုသင်၊ စနေ၊ တနင်္ဂနွေမှာ အဝေးသင်ကျောင်းသားတွေကို သင်ရတာပါ။ (စနေ၊ တနင်္ဂနွေ)အပတ်စဉ်တက်ရတာက သိပ္ပံဘာသာရပ်တွေယူတဲ့ ကျောင်းသားတွေပါ။ ဝိဇ္ဇာဘာသာရပ်ယူသူတွေက စာမေးပွဲနီးမှ အနီးကပ် ၁၀ ရက်ပဲ တက်ရပါတယ်။

အဝေးသင်တက္ကသိုလ်

တကယ်တော့ အဝေးသင်တက္ကသိုလ်ဆိုတာ အလုပ်ရှိတဲ့ဝန်ထမ်းတွေ၊ အားလပ်ရက် ကျောင်းတက်နိုင်အောင် (အရင်က လုပ်သားကောလိပ်လိုမျိုး)ဖွင့်ပေးတာပါ။ ရည်ရွယ်ချက်ကောင်းပေမယ့် အကောင်အထည်ဖော်ရသော ဆရာ ဆရာမများရဲ့ ကိုယ်ကျိုးအတ္တတွေနဲ့ အပျင်းထူသော ကျောင်းသား (အလုပ်မရှိဘဲ အချောင်အောင်ချင်သူများ)ကြောင့် အဝေးသင်တက္ကသိုလ်ဟာ အတော်ကြီးကို ကမောက်ကမဖြစ်ပြီး နာမည်ပျက်ခဲ့ရပါတယ်။ ကျောင်းသားမဟုတ်၊ ဆရာမဟုတ်ဘဲ အဝေးသင်နဲ့ စီးပွားဖြစ်သူတွေကတော့ အများကြီးပါ။

- ကျောင်းသားဖြေရမယ့်စာစဉ်ကို အခကြေးငွေယူပြီး ဖြေပေးသူတွေ။
- အဝေးသင်စာမေးပွဲ ဖြေချိန်နီးရင် အဆောင်ငှားစားသူတွေ။
- ကျောင်းအပ်ရမှာတောင် မလာချင်တဲ့ ကျောင်းသားများအတွက် အခကြေးငွေယူပြီး ကိစ္စအဝဝ ဆောင်ရွက်ပေးသူတွေ။

စာမျက်နှာ ၂၁ သို့

"နိုင်ငံခြားမှာ ပညာတော်သင်သွားခဲ့ကြတဲ့သူတွေဟာ သူများနိုင်ငံမှာ မှတ်ကျောက်တင် အစစ်ဆေးခံခဲ့ပြီးမှ သုတေသနတွေ ကျမ်းအစောင်စောင်တင်ခဲ့ပြီးမှ ခက်ခက်ခဲခဲ ပါရဂူဘွဲ့ရ . . .

အထက်တန်းကျောင်းတွေမှာ ဘာသာရပ်တွေကို အင်္ဂလိပ်လိုသင်ရပေမယ့် အလွတ်ပဲကျက်တတ်ပြီး နားမလည် . . ."

တောင်ပိုင်းခရိုင်အတွင်း မိုးစပါးစိုက်ပျိုးအောင်မြင်မှုနှင့် စနစ်တကျစက်မှုလယ်ယာမြေများတွင် စံပြစပါးစိုက်ပျိုးထားမှုနှင့် စပါးမျိုးသန့်ခြံများ စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့်တာဝန်ရှိသူများသည် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀နာရီက ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံခဲ့ပြီး တောင်ပိုင်းခရိုင်အတွင်း မိုးစပါးစိုက်ပျိုးအောင်မြင်မှုနှင့် စနစ်တကျ စက်မှုလယ်ယာမြေများတွင် စံပြစပါးစိုက်ပျိုးထားရှိမှုနှင့် စပါးမျိုးသန့်ခြံတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများက ဝန်ထမ်းအင်အားနှင့် လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်ဆောင်ရွက်ထားရှိမှုများ တင်ပြကြသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူး၊ ဝန်ထမ်းများမှ လုပ်ငန်းတင်ပြချက်များအပေါ် စိုက်ပျိုးရေးလုပ်ငန်းများ၏ အားနည်းချက် အားသာချက်များအားသုံးသပ်ပြီး လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေး လုပ်ငန်း လမ်းညွှန်မှုများအား ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံးအနေဖြင့် ခရိုင်အတွင်း ၂၀၁၇ -၂၀၁၈ ခုနှစ်အတွင်း မိုးစပါးလျာထားဧက ၇၉၉၇၂၇ ဧက လျာထားခဲ့ပြီး စိုက်ပျိုးပြီးဧက ၇၉၈၂၉၅ ဧက စိုက်ပျိုးခဲ့ကြောင်းနှင့် စနစ်တကျစက်မှုလယ်ယာမြေဖော်ထုတ်စိုက်ပျိုးမှုလျာထားဧက ၁၃၃၄ ဧက ရှိပြီး စိုက်ပျိုးပြီးဧက ၁၃၃၄ ဧကစိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ သိရသည်။

သက်နိုင်(သန်လျင်)

(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီက ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး (ယာယီ) ဒုတိယရဲမှူးကြီးထွန်းဖေဦးစီး၍ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်အင်အား ၁၁၄ ဦးတို့သည် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြစဉ်။ **(၆၈၉)**

(၅၃)နှစ်မြောက် ရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြု ဘိုးဘွားရိပ်သာ၌ သန့်ရှင်းရေးဆောင်ရွက်

ဟင်္သာတ စက်တင်ဘာ ၂၅

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီက ဟင်္သာတခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေနှင့် ဟင်္သာတမြို့နယ် ရဲတပ်ဖွဲ့ ရဲမှူးခင်မောင်ညီဦးစီးသော တပ်ဖွဲ့ဝင်အရာရှိ ၂၂ ဦး၊ အခြားအဆင့် ၉၇ ဦး၊ စာရေးဝန်ထမ်း ၁၅ ဦးနှင့် အမှတ် (၈၄)ယာဉ်ထိန်းတပ်ဖွဲ့စုတာဝန်ခံ ရဲအုပ် ကျော်ဆန်းဦးစီးသော တပ်ဖွဲ့ဝင်တို့က ဟင်္သာတဘိုးဘွားရိပ်သာ၌ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဟင်္သာတဘိုးဘွားရိပ်သာ မျက်နှာစာ ရိပ်သာအတွင်း၊ အပြင် ထမင်းစားဆောင်သွားရာလမ်းများတွင်ရှိသော ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းနှင့် အမှိုက်များကောက်ယူ၍ စနစ်တကျစွန့်ပစ်ခြင်းစသည်တို့ကို ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေဦးဆောင်ကြီးကြပ်မှုဖြင့် အဖွဲ့များခွဲ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

စာမျက်နှာ ၂၀ မှ

- အဲဒါ ကျောင်းက ရုံးဝန်ထမ်းတွေ လုပ်ကြတာပါ။ ငွေကိုတော့ယူပြီး ကျောင်းမအပ်ပေးဘဲ အလွဲသုံးစားလုပ်သူတွေ။
- စာစဉ်ကို ကိုယ်စားဖြေပေးသူတွေက အပ်ထည်တွေများတော့ မရေးပေးနိုင်တော့တဲ့အခါ ကိုယ်တိုင်ဖြေပြီး စာစဉ်တင်ထားတဲ့ ကျောင်းသားရဲ့ ခုံနံပါတ်နဲ့လဲပြီး တင်ပေးတော့ တကယ် ကိုယ်တိုင်ဖြေတဲ့ ကျောင်းသားက (စာစဉ်မတင်ရင် စာမေးပွဲဖြေနိုင်ပေမယ့် incomplete ဆိုတဲ့ မှတ်ချက်နဲ့) စာမေးပွဲကျ။
- အဲဒီလို အဖြစ်မျိုးတွေနဲ့ ရုံးဝန်ထမ်းတွေကို သတိပေးခံရ။ ဒါမှ မဆင်ခြင်ရင် အလုပ်ထုတ်ရတဲ့ ကိစ္စမျိုး ကျွန်မကိုယ်တိုင် ပါမောက္ခအဖြစ် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင်အနေနဲ့ အရေးယူခဲ့ရဖူးပါတယ်။

၁၀ တန်းအမှတ်နည်းတဲ့ ကျောင်းသားများဟာ အဝေးသင်တက္ကသိုလ်တက်ကြတဲ့အခါ ဘယ်ဘာသာကို အဓိကယူမလဲလို့ ရွေးကြတဲ့အခါ ဝါသနာပါရာကို ထည့်မစဉ်းစားပါဘူး။ ဝိဇ္ဇာနဲ့ သိပ္ပံဘာသာမှာ စနေ၊ တနင်္ဂနွေ အပတ်စဉ်တက်ရတဲ့ သိပ္ပံဘာသာရပ်တွေကို ယူတဲ့ သူနည်းပါတယ်။ အနီးကပ် ၁၀ ရက်ပဲ တက်ရတဲ့ ဝိဇ္ဇာကို ယူတာများပါတယ်။

ဝမ်းသာစရာ

ဒါကြောင့် ဆရာ ဆရာမအချင်းချင်းတောင် “ဝိဇ္ဇာ ရွှေပြည်”လို့ ပြောကြပါတယ်။ ဝိဇ္ဇာ ဘာသာယူတဲ့ ကျောင်းသားတွေက ဆရာ ဆရာမနဲ့ ထိတွေ့ချိန်က တစ်နှစ်မှာ ၁၀ ရက်ပဲ ဆိုတော့ ဘယ်လိုမှ မတတ်ကြတော့ မဖြစ်မနေ ကျူရှင်ယူရပါတယ်. . . ။ ကိုယ်တိုင်လေ့လာ သင်ယူဖို့ အဝေးသင်တက္ကသိုလ်က စာအုပ်တွေ ထုတ်ပေး(သင်ခန်းစာတွေကို ဆရာ ဆရာမတွေရဲ့ ပို့ချချက် အသံသွင်းထားတဲ့ CD ခွေလည်းပေးပါတယ်။ မြန်မာ့အသံမှာလည်း ပို့ချချက်တွေ ထုတ်လွှင့်ပေးပေမယ့် ၉၀ ရာခိုင်နှုန်းလောက် ကျောင်းသားများက CD ခွေလည်း ဖွင့်မကြည့် TV က သင်ခန်းစာဆို ကြားတောင် မကြားဖူးကြပါဘူး။

ဝိဇ္ဇာဘာသာတွဲမှာတောင်မှ ကျန်တဲ့ဘာသာတွေက အင်္ဂလိပ်လိုသင်တာမို့ ယူတဲ့လူနည်းပြီး အင်္ဂလိပ်လိုလုံးဝ မသင်ရတဲ့ မြန်မာစာဘာသာကို ယူလိုက်ကြတာ၊ မြန်မာစာ ကျူရှင်ဆရာ ဆရာမများ ကျူရှင်ခဆိုတာ မလိုချင်လောက်အောင် ရကြပါတယ်။ မြန်မာစာကို တန်ဖိုးထားလွန်းလို့ ယူကြတာတော့မဟုတ်ပါဘူး။ အင်္ဂလိပ်လို မကျက်နိုင်ကြလို့ပါ။ ဒါပေမယ့် အင်္ဂလိပ်စာ ဘာသာရပ်ကတော့ မေဂျာတိုင်း အတန်းတိုင်းမယူမနေရ သာမန်ဘာသာဖြစ်နေတော့ အင်္ဂလိပ်စာ ဆရာ ဆရာမများလည်း လခတောင်မထုတ်ကြတော့ပါဘူး။

တကယ်တော့ အဝေးသင်တက္ကသိုလ်စဖွင့်ကာစမှာ (လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်က) တက်ခဲ့တဲ့ ကျောင်းသားများဟာ တော်ခဲ့ကြပါတယ်။ တပ်ကအရာရှိတွေ၊ ဝန်ကြီးဌာနအသီးသီးက ဝန်ထမ်းတွေ စသဖြင့် ရင့်ကျက်တဲ့ ကျောင်းသားများ တက်ခဲ့ကြတာမို့ သူတို့က ဘွဲ့ရရင် ကိုယ့်အလုပ်ဌာနမှ ရာထူးတိုးရေး အထောက်အကူဖြစ်တာမို့ လေးလေးစားစား တက်ရောက်ပြီး စာကိုလည်း တကယ်ကြိုးစားခဲ့တာပါ။

ကျွန်မ ပင်စင်ယူပြီးခါစမှာ အလည်အပတ်သဘောမျိုး မြို့တစ်မြို့ကို ရောက်သွားတော့ တပည့်ဟောင်း အဝေးသင်ကျောင်းသားတစ်ယောက်နဲ့ဆုံခဲ့တာ အရာရှိကြီးတစ်ယောက်ဖြစ်နေပြီး သူ့ကို ကျမသင်ခဲ့တဲ့ အကြောင်းအရာတွေကို လက်ရှိပတ်ဝန်းကျင် အခြေအနေတွေနဲ့ ဆက်စပ်ဆွေးနွေးခဲ့တာ ကျောင်းကစာတွေ လုံးဝမမေ့သေးကြောင်း ဝမ်းသာစရာတွေ့ခဲ့ပါတယ်။ စာတကယ်စိတ်ဝင်စားပြီး တကယ်တက်ခဲ့ကြတာပါ။

အကျိုးသက်ရောက်

အခုနောက်ပိုင်း ကျောင်းသားများကတော့ ဒီနှစ်စာမေးပွဲဖြေပြီးရင် နောက်နှစ် ဘာမှန်းမသိတော့ပါဘူး။ အလုပ်ဝင်တဲ့ Interview တွေမှာ တက္ကသိုလ်မှာ ဘယ်ဘာသာရပ်တွေ သင်ခဲ့လဲမေးရင်တောင် အမြီးအမောက်တည့်အောင် မဖြေတတ်ကြတော့ပါဘူး။ ဒီတော့ တက္ကသိုလ်ကျောင်းသားများကို ဘွဲ့ရစာမတတ်လို့ ပြောကြတာမခံကြသော်လည်း အမှန်တွေပါပဲ။

ပညာရေးကို ဘယ်သူတွေဖျက်ဆီးခဲ့ကြတာလဲလို့ သုံးသပ်ရင် ခေတ်အဆက်ဆက် အစိုးရတွေကိုချည်း အပြစ်တင်လို့မရပါဘူး။ ဘယ်လောက်ကောင်းတဲ့ မူချ၊ အကောင်အထည်ဖော်ကြရတဲ့ တာဝန်ရှိသူ အဆင့်ဆင့်၊ မိဘနှင့် ကာယကံရှင် ကျောင်းသားတွေရဲ့ ခံယူချက်တွေဟာ ပညာရေးအပေါ် အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေတာပါပဲ. . . . ။

ဒီအကြောင်းတွေကို ရေးပြရတာ ဘယ်သူ့ကိုမှဝေဖန်အပြစ်တင်လိုခြင်း မဟုတ်ပါ။ ကိုယ်တိုင်လည်း ပညာရေး ယန္တရားကြီးထဲမှာ နှစ်ပေါင်းများစွာ ပါဝင်လည်ပတ်ခဲ့ရတာမို့ အခုလို ပညာရေးကိုပြုပြင်ပြောင်းလဲဖို့ ကြိုးစား ကြချိန်မှာ (တချို့တာဝန်ရှိသူတွေ မသိလိုက်ခဲ့တဲ့ ကိစ္စတွေများရှိခဲ့ရင်) ထည့်သွင်းစဉ်းစားသင့်တဲ့ အချက်တွေကို ထောက်ပြရုံ သက်သက်ပါပဲ။

မြုံနေတဲ့ အနာတစ်ခုကို ပျောက်ချင်ရင် အပေါ်ယံဆေးလိမ်းရုံနဲ့မရဘဲ အနာခံပြီး ပြည်တွေဖောက်ထုတ်သင့်ရင် ဖောက်ထုတ်ရပါမယ်။ ခဏနာပြီးရင် အနာကျက်သွားတဲ့အခါ ဖောက်ထုတ်လိုက်တဲ့ အကျိုးကျေးဇူး ခံစားရမှာပါ။ အခုအချိန်ဟာ ပြည်ဖောက်ထုတ်သင့်တဲ့ အချိန်မို့ အတွင်းလှိုက်စားနေတဲ့ ကိစ္စလေးတွေကို အမှန်အတိုင်း တင်ပြရခြင်းပါ။ မဟုတ်ရင်တော့ အပ်နဲ့ထွင်းရမှာကို ပုဆိန်နဲ့ ပေါက်နေရပါလိမ့်မယ်။

စာမျက်နှာ ၁၅ မှ

ကိုရီးယားကျွန်းဆွယ်အရေးနဲ့ပတ်သက်ပြီး ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံက ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်က အဏုမြူစမ်းသပ်ဖောက်ခွဲခဲ့မှုနဲ့ ဇူလိုင်လ ၉ ရက်က ဒုံးကျည်စမ်းသပ်ပစ်လွှတ်ခဲ့မှုတွေအတွက် စိုးရိမ်ပူပန်ကြောင်း၊ ကိုရီးယားကျွန်းဆွယ်မှာ အဏုမြူလက်နက်ကင်းရှင်းရေးအတွက် ငြိမ်းချမ်းတဲ့နည်းလမ်းတွေနဲ့ ဆောင်ရွက်သွားဖို့ အာဆီယံအဖွဲ့ကြီးက ဆက်လက်ထောက်ခံသွားမှာဖြစ်ကြောင်း အတည်ပြုခဲ့ပါတယ်။

ပင်လယ်ရေကြောင်း သွားလာရေးကဏ္ဍမှာတော့ တောင်တရုတ်ပင်လယ်အတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်မှုတိုးမြှင့်သွားရေးနဲ့ လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်နဲ့ ဖြတ်ကျော်ပျံသန်းခွင့်ရှိရေးဟာ အရေးကြီးကြောင်း ထပ်လောင်းအတည်ပြုခဲ့ကြပါတယ်။ ဒေသတွင်းမှာ အခြေအနေတွေ ပိုမိုဆိုးရွားလာစေမယ့် ဆောင်ရွက်မှုတွေကို ထိန်းချုပ်ကြခြင်းဖြင့် အပြန်အလှန်ယုံကြည်မှုတွေ တိုးမြှင့်လာစေဖို့၊ အငြင်းပွားမှုတွေကို ၁၉၈၂ ခုနှစ် ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းအပါအဝင် နိုင်ငံတကာဥပဒေနဲ့အညီ ငြိမ်းချမ်းစွာဖြေရှင်းသွားကြဖို့ လိုအပ်ကြောင်း ထပ်လောင်းအတည်ပြုခဲ့ကြပါတယ်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးကဏ္ဍမှာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၊ အိန္ဒိယနိုင်ငံ ပထန်ကောက်မြို့၊ အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၊ ပြင်သစ်နိုင်ငံ နီးစ်မြို့နဲ့ ပါရီမြို့၊ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၊ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွေမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တဲ့အပေါ် ရှုတ်ချခဲ့ကြပါတယ်။ ဒါ့အပြင် ကမ္ဘာပေါ်မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ပိုမိုများပြားလာနေခြင်းနဲ့ အကြမ်းဖက်သမားတွေရဲ့ကွန်ရက် ကျယ်ပြန့်လာနေခြင်းအပြင် ပြင်ပနိုင်ငံတွေက အကြမ်းဖက်သမားတွေရဲ့ အန္တရာယ်ကြီးမားလာနေမှုအပေါ် လက်တွဲတိုက်ဖျက်သွားကြဖို့လည်း ဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းနဲ့ အာဆီယံဘက်စုံ လုပ်ငန်းစီမံချက်၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနဲ့ နိုင်ငံတကာဥပဒေပါအခြားပြဋ္ဌာန်းချက်တွေကို အပြည့်အဝအကောင်အထည်ဖော်သွားဖို့ အရေးကြီးကြောင်းနဲ့ အကြမ်းဖက်သမားတွေဆီကို ရန်ပုံငွေ ထောက်ပံ့မှုတွေ မရောက်ရှိစေဖို့ ကြိုးပမ်းသွားကြရန်လည်း အတည်ပြုခဲ့ကြပါတယ်။

ရှာဖွေရေး၊ ကယ်တင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ ARF သဘောတူညီချက် (ARF Agreement on Disaster Management and Emergency Response-DMER) ကို ၂၀၀၅ ခုနှစ် ဇူလိုင်လ ၂၆ ရက်က ဗီယင်ကျန်းမြို့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ (၁၄)ကြိမ်မြောက် ARF ဝန်ကြီးများအဆင့် အစည်းအဝေးမှာ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက် (General Guidelines on Disaster Relief Cooperation) တွေကိုလည်း အတည်ပြုခဲ့ကြပါတယ်။

သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာ ARF ကြားကာလအစည်းအဝေးတွေ (ARF Inter-Sessional Meeting on Disaster Relief- ARF ISM DR) ကိုလည်း ၁၉၉၈ ခုနှစ်က စတင်ပြီး အဖွဲ့ဝင်နိုင်ငံတွေမှာ အလှည့်ကျကျင်းပပြုလုပ်ခဲ့ပါတယ်။ ARF ISM DR ဟာ ဩစတြေးလျ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဥရောပသမဂ္ဂ၊ အင်ဒိုနီးရှား၊ မလေးရှားနဲ့ အမေရိကန်ပြည်ထောင်စုတို့ ဆန္ဒအလျောက်ပါဝင်တဲ့ Shepherd Mechanism ကိုလည်း အကျိုးရှိစွာ အသုံးချလျက်ရှိပါတယ်။

ကျွမ်းကျင်သူတွေပါဝင်တဲ့ အဲဒီ Shepherd Group တွေဟာ Volunteer နိုင်ငံတွေကို ဖိတ်ခေါ်ပြီး သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး ARF အစည်းအဝေးများရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်ရာမှာ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီအုပ်စုဟာ ARF လူသားချင်း စာနာထောက်ထားတဲ့ အကူအညီပေးမှုနဲ့ သဘာဝဘေးအန္တရာယ်ကယ်ဆယ်မှု စီမံခန့်ခွဲရေး လုပ်ထုံးလုပ်နည်း (ARF Humanitarian Assistance and Disaster Relief Standard Operating Procedures-ARF HARDSOP) မူကြမ်းပေါ် ပေါက်လာစေဖို့လည်း ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာ ဩစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံတို့အပါအဝင် မိတ်ဖက်နိုင်ငံအချို့နဲ့ ပူးတွဲပြီး သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာ ပူးတွဲလေ့ကျင့်ရေးလုပ်ငန်းတွေ၊ စားပွဲဝိုင်းမှာထိုင်ပြီး ဆွေးနွေးလေ့ကျင့်တဲ့ လေ့ကျင့်ခန်း (Tabletop Exercise on Disaster Relief) တွေ ပြုလုပ်လျက်ရှိပါတယ်။

အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေး

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အရေးအခင်းဖြစ်ပေါ်အပြီးနောက်ပိုင်းမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးကိစ္စဟာ ကမ္ဘာ့နိုင်ငံတိုင်းအတွက် အရေးကြီးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်လာခဲ့ပါတယ်။ အဓိကအားဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အမှတ်၊ ၁၃၇၃ ကိုလိုက်နာရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနဲ့ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများဆိုင်ရာ ကြားကာလအစည်းအဝေး (၄)ရပ်ကိုလည်း အာဆီယံအဖွဲ့ကြီးဟာ နှစ်စဉ်ကျင်းပခဲ့ပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုကြီးတွေရဲ့ အကျိုးဆက်ကို စီမံခန့်ခွဲမှု၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ငွေကြေးထိန်းချုပ်ရေးနည်းလမ်းများ၊ အကြမ်းဖက်မှုကြိုတင်ကာကွယ်ရေး အစီအမံများ၊ အင်တာနက်အသုံးပြုပြီး အကြမ်းဖက်မှု၊ အကြမ်းဖက်ရန်လှုံ့ဆော်မှုစတဲ့ ဘာသာရပ်တွေနဲ့ ပတ်သက်ပြီးလည်း အလုပ်ရုံဆွေးနွေးပွဲတွေကို ကျင်းပခဲ့ပါတယ်။

ပင်လယ်ရေကြောင်းလုံခြုံရေး

၂၀၀၃ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့မှာ ကျင်းပခဲ့တဲ့ (၁၀)ကြိမ်မြောက် ARF ဝန်ကြီးများအဆင့် အစည်းအဝေးမှာ ပင်လယ်ဓားပြမှုနဲ့ ပင်လယ်ရေကြောင်း လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုများ ဆန့်ကျင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ARF ကြေညာချက် (ARF Statement on Cooperation against Piracy and Other Threats to Maritime Security) ကို ထုတ်ပြန်ခဲ့ပါတယ်။ ARF က ပထမဆုံးတာဝန်ယူတဲ့ လှုပ်ရှားမှုအဖြစ် ပင်လယ်ရေကြောင်းလုံခြုံရေး ကမ်းခြေလေ့ကျင့်ခန်း (ARF Maritime Security Shore Exercise) ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ စင်ကာပူနိုင်ငံမှာ ပြုလုပ်ခဲ့ပါတယ်။

၂၀၀၇ ခုနှစ် ဩဂုတ်လအတွင်း ဘာလီကျွန်းမှာ ပြုလုပ်ခဲ့တဲ့ ပင်လယ်ရေကြောင်း လုံခြုံရေးသုံးသပ်ရေး ARF ဆွေးနွေးပွဲ (ARF Roundtable Discussion on Stocktaking Maritime Security Issues) မှာ အင်ဒိုနီးရှားနိုင်ငံက ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ARF ကြားကာလ အစည်းအဝေး (ARF Inter-Sessional Meeting on Maritime Security- ARF ISM MS) တစ်ရပ်ထူထောင်ဖို့ အဆိုပြုရာကနေ အခုဆိုရင် ကြားကာလ အစည်းအဝေးတွေကို ပုံမှန်ကျင်းပနေပြီ ဖြစ်ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

NM New Motion
NEW MOTION Travels & Tours
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေလှျားသစ်လွင် ခရီးစဉ်
★ တောင်ကြီးဖောင်တော်ဦးခရီးစဉ် Oct; 4
★ မန္တလေး ခရီးစဉ် Oct; 4 ★ ကလော - လွိုင်ကော်ခရီးစဉ် Oct; 4
★ ပုဂံ ခရီးစဉ် Oct; 4 ★ ထားဝယ် - မော်လမြိုင်ခရီးစဉ် Oct; 4
★ ချင်း ခရီးစဉ် Oct; 4 ★ မြဝတီ - မဲဆောက်ခရီးစဉ် Oct; 4
အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 73148922, 09 260792879, 09 260792878, 527 922 , 538 811

GOLDEN LIGHT
တောင်ကြီး၊ အင်းလေး၊ ပင်းတယ–(၄)ရက်ခရီး
ပုဂံ–ညောင်ဦး–ပုပ္ပါး–ပခုက္ကူ (Hotel)75000
မန္တလေး–မေမြို့–စစ်ကိုင်း (Motel)65000
ကျောက်ဆည်–မန္တလေး–ကျောက်စီး(နေ့ချင်းပြန်)
ကျိုက်ထီးရိုး / ချောင်းသာ(သောကြာနေ့တိုင်း)
ခရီးစဉ်အားလုံး Oct(4) ကားမျိုးစုံစီးလုံးငှားသည်။
0943197550, 421099405

တော်ဝင်ပန်း
အဆင့်မြင့်ဘုရားဖူးပို့ဆောင်ရေး
ပုဂံ၊ စွယ်တော်လေးဆူ၊ ညောင်ဦး၊ ပခုက္ကူ၊ ပုပ္ပါး၊ မန္တလေး၊ မြင်ဦးလွင်၊ လပ်ဘုရားစုံဖူး
(၅)ရက် စားပြီး ၅၅၀၀၀/- 4-10-2017
(၇)ဦးဝယ်(၁)ဦးလက်ဆောင် Wednesday
ကားစင်းလုံးငှားစီစဉ်ပေးသည်။
Ph: 09 451301117, 09 250366204

အလင်းရောင်
◆ တောင်ကြီး၊အင်းလေး(ဖောင်တော်ဦးပွဲ)၊ပင်းတယ
◆ ထားဝယ်၊ရှင်ကိုးရှင်၊မောင်းမကန်ကမ်းခြေ
◆ ပုပ္ပါး၊ပုဂံ၊ညောင်ဦး(စွယ်တော်လေးဆူ)၊ပခုက္ကူ
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။ Oct - 3/4 13/20/27
09 4210 61860, 09 4211 29597, 09 774400430

Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည်
License No(661)
သာကီနွယ်
Hot Line - 01-200952
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
တန်ဆောင်မုန်းလပြည့်နှင့်ဓါတ်တော်တိုက်ဖွင့်ပွဲအထူး Promotion ခရီးစဉ်ကြီး
(၁၅)ရက်ခရီး - (၁၃) သိန်းကျပ်အစား (၁၁.၉) သိန်းကျပ်စရိတ်ငြိမ်း
(၈)ရက်ခရီး - (၁၀) သိန်းကျပ်အစား (၉.၉) သိန်းကျပ်စရိတ်ငြိမ်း
ဝန်ဆောင်မှုအပြည့်ဈေးနှုန်းအသက်သာဆုံး၊ မြန်မာကျပ်ငွေဖြင့်သာပေးချေနိုင်ခြင်း၊ တိုတယ်(၃)ညအိပ် ညမောင်းခရီးစဉ်(လုံးဝ)မပါ၊ အပိုငွေကြေးထပ်ကောက်ခြင်းမရှိ၊ အပတ်စဉ်စနေနေ့ တိုင်းထွက်ရှိသည်။
(၁၀)ဦး (၁)ဦးအခမဲ့
(၈)ရက်ခရီး Hotel Package - ၁၅သိန်း
အထူးခရီး ➡ ၁၄.၁၀.၂၀၁၇ ၊ ၂၉.၁၀.၂၀၁၇
ရန်ကုန် - အခန်းနံပါတ်(2Y)၊ ၂ လွှာ၊ ၁၂၃ လမ်းအပေါ်ထပ်၊ Shine Tower (Golden View Condo)ဓမ္မာရာမတောင်ဒဂုံမြို့နယ်၊ ဖုန်း - ၀၉- ၇၇၈၈၂၂၂၆၀
မန္တလေးဖုန်း - ၀၉-၇၇၈၈၂၂၂၅၀ တောင်ကြီးဖုန်း - ၀၉- ၇၇၈၈၂၂၂၄၀

အပေရိကန်၊ အင်္ဂလန်၊ ဥရောပ ကမ္ဘာကျော်အနောက်တိုင်း နက္ခတ္တဗေဒပညာ သင့်ဘဝတစ်သက်တာဟောစာတမ်းများ

ကမ္ဘာကျော် အနောက်တိုင်း နက္ခတ္တဗေဒပညာ
သင့်ဘဝတစ်သက်တာ ဟောစာတမ်းများ
၂၀၀၀/-
ဘုရားလည်းဖူးရင်း
"သင့်ဘဝ အနာဂတ်အရေး တွေ့ဆုံဆွေးနွေးလိုပါက ကြွလှမ်းခဲ့ပါ"
တိုင်း ရင်း ဆေး သ မား တော် (တဆ–၀၂၂၂၀)
ရွှေဘုန်းပွင့်ဆရာကြီး ဦးခန့်ကျော်
စွယ်စုံလက္ခဏာအဘိဓာန်ကျမ်း(THE ENCYCLOPEDIA OF PALMISTRY)
ပါရဂူမြောက်လက္ခဏာဖတ်ကြားခြင်းအတတ်ပညာကျမ်းနှင့်
ကမ္ဘာကျော် အနောက်တိုင်း နက္ခတ္တဗေဒပညာကျမ်း-ပြုသူ
ထုတ်ဝေပြီးစာအုပ် ၅၀–မှဝယ်ယူလိုသည်များကိုလောဝယ်ပါ။ ၂၀% လျှော့ပေးပါမည်။
၂၇၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
နေ့စဉ် - နံနက် ၉ : ၀၀ နာရီ မှ ညနေ ၃ : ၀၀ နာရီအထိ
09-5198240, 09-96-5198240, 09-421075765, 09-769690897

ကျေးဇူးရှင်မိဘနှစ်ပါးအားဦးထိပ်ထားလျက် မဟာဝိဇယဘုရားမှ
ဝိဇ္ဇာဓါတ် (အကြားအမြင်) ပါရမီရှင်
ဆရာမကြီးဒေါ်မြင့်မိုရ်ခင်
စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စအဝဝနှင့်
အချစ်ရေး အိမ်ထောင်ရေးအထူး(သီးသန့်)ဟောပေးသည်။
နံနက်(၉)နာရီမှ ညနေ(၅)နာရီထိ
ဆိုင်အမှတ်(၁)၊ မဟာဝိဇယဘုရား၊ မြောက်ဘက်မုခ်။ Ph-09421097827

ရောင်းမည်
ဝေဇယန္တာလမ်းမဓါတ်ဂုတ်ခြံ
* 48'x60' (ထောင့်ကွက်၊ နှစ်ဖက်မျက်နှာစာ)
* ဂရန်အမည်ပေါက် * CITY MART, ELECTRONIC CITY,
မင်းလမ်းမုန့်တီ(အနီး) *K.6800.L (ညှိနှိုင်း)
မြေသီးသန့် (ရေမီးပါ) (အကျိုးဆောင်လက်ခံသည်)
Tel:09-5072745,09-8619472,09-31465160

သီတင်းကျွတ် Promotion အစီအစဉ်
25.9.2017 မှ 4.10.2017
သီတင်းကျွတ် အခါသမယတွင်...
စွမ်းအားအီလက်ထရောနစ်ကုမ္ပဏီ၏ ထုတ်ကုန်များဖြစ်သော မီးအိမ်သုံးမျိုး Ecolamp Ecolamp Mini နှင့် Solar Lamp တို့ကို Promotion ဈေးနှုန်းဖြင့်ဝယ်ယူရရှိနိုင်ပါသည်။
ကျေးဇူးတုံ့ပြန်မည့်အစီအစဉ်
မိမိဝယ်ယူသော ငွေပမာဏအပေါ် မူတည်၍ 5000 KS မှ 50000 KS Discount Coupon များကို ပြန်လည် ကျေးဇူးတုံ့ပြန် သွားမည်ဖြစ်ပါသည်။
လက်ဆောင်ပြန်ပေးနိုင်သောအစီအစဉ်
မိမိချစ်ခင် မြတ်နိုးရသူများကို ပြန်လည် လက်ဆောင်ပေးနိုင်သော Gift Cards(ဈေးဝယ်ခွင့်ကတ်) များကို လည်း ဝယ်ယူရရှိနိုင်ပါသည်။
စွမ်းအား အီလက်ထရောနစ် SAEW ECOPOWER
Call Centre. +95 9 964235034 www.facebook.com/Swanarrelectronics

ဗလငါးတန်မွဲ့ဖြိုးဖို့ စာ အုပ် စာ ပေ လေ့ လာ စို့

အရုဏ် 09 457778224 09 73121050 09 443121050
ဆုံမြို့သစ် (အရှေ့ပိုင်း)
ဆုံမြို့သစ် (မြောက်ပိုင်း)
ဆုံမြို့သစ် (တောင်ပိုင်း)
ဆုံမြို့သစ် (ဆိပ်ကမ်း)
မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ရောင်ခြည်သစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား များဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

UNOPS

INVITATIONS TO BID (ITB)

The United Nations Office for Project Services (UNOPS) is implementing the IDA Immediate Response Mechanism (IRM) Project to Government of the Republic of the Union of Myanmar in carrying out the recovery program to restore the livelihoods of affected beneficiaries through the supply of equipment, goods, supplies and related services.UNOPS now invites potential suppliers to submit bids for the supply and delivery of the items listed in the table below.

#	ITB Number	Description	Closing Date
1	ITB/2017/1101	Supply & Delivery of Galvanized Corrugated Zinc Roofing Sheet	5-Oct-2017
2	ITB/2017/1172	Supply & Delivery of Tarpaulin Sheet	28-Sept-2017
3	ITB/2017/1190	Supply & Delivery of Drone	04-Oct-2017
4	ITB/2017/1129	Supply & Delivery of Single Side Band	04-Oct-2017
5	ITB/2017/953	Supply & Delivery of Solar Power with Battery Backup	2-Oct-2017
6	ITB/2017/1130	Supply & Delivery of Compound Fertilizer	28-Sept-2017
7	ITB/2017/951	Supply & Delivery of PUF Insulation Panels and Stackable Pallet Racks for Cold Storage	29-Sept-2017
8	ITB/2017/1186	Supply & Delivery of Construction Equipment to Myanmar	11-Oct-2017

For any clarifications, please send to **AR.MMOH.IRM.Procurement@unops.org**
IMPORTANT NOTE: Interested vendors must respond to this tender using the UNOPS eSourcing system, via the UNGM portal (www.ungm.org). In order to access the full UNOPS tender details, request clarifications on the tender, and submit a vendor response to a tender using the system, vendors need to be registered as a UNOPS vendor at the UNGM portal and be logged into UNGM. For guidance on how to register on UNGM and submit responses to UNOPS tenders in the UNOPS eSourcing system, please refer to the user guide and other resources available at:
https://esourcing.unops.org/#/Help/Guides

AUTO EXPO MYANMAR
Myanmar International Auto Parts & Accessories Exhibition
မြန်မာ့အပြည်ပြည်ဆိုင်ရာ ယာဉ်အပိုပစ္စည်းများနှင့်ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာနိုင်ငံတကာစက်မှုကုန်စည်ပြပွဲကြီး

POWER EXPO MYANMAR
Myanmar International Electrical, Electronics & Electric Power Equipment Fair
မြန်မာ့အပြည်ပြည်ဆိုင်ရာ အီလက်ထရောနစ်နည်းပညာနှင့် လျှပ်စစ်စွမ်းအင်ဆိုင်ရာပြပွဲကြီး

www.myanmarfairs.com
Tatmadaw Exhibition Hall
(U Wisara Road Yangon, Myanmar)
ဦးဝိစာရလမ်း ၊ ရန်ကုန်မြို့ ။
SEPT. 28 – OCT. 1, 2017
၂၀၁၇ ၊ စက်တင်ဘာလ ၂၈ ရက်နေ့ မှ အောက်တိုဘာလ ၁ ရက်နေ့ထိ ။
Children 12 years and under are not admitted
အသက် ၁၂ အောက်ကလေးများဝင်ခွင့်မပြု ။

CONTACT
Ms. Myo Kyi Phyu Tun
Tel: 01-9010753 / 01-9010754
E-mail: myokyiphyutun25@gmail.com

ORGANIZERS: Taipei World Trade Center, Yorkers Trade & Marketing Service Co., Ltd.
CO-ORGANIZER: MIA
SUPPORTERS: UMFCCI, MAMDA, AGTI
SPONSORS: TAIWAN EXCELLENCE, DYNA, TAPMA

ဂျပန်နိုင်ငံတွင် သွားရောက်အလုပ်လုပ်နိုင်ရန် သင်တန်းသူ အမြန်အလိုရှိသည်။
(A) ဂျပန်နိုင်ငံ၊ ဝက်အူချောင်း ထုတ်လုပ်သည့် စက်ရုံ Nippon Ham Factory Co.,Ltd တွင်မြန်မာသင်တန်းသူ (၂၅) ဦးအမြန်အလိုရှိသည်။
(၁) အခြေခံလစာ တစ်နာရီ(၈၀၇ ယန်း)၊ပျမ်းမျှဝင်ငွေ တစ်လ (၁၃၅,၉၈၀ ယန်း) ရရှိမည်ဖြစ်ပါသည်။
(B) ဂျပန်နိုင်ငံတွင်ရှိသော အထည်လိပ်စက်ရုံ IK(Ikefuji)Textiles Co.,Ltdတွင်မြန်မာသင်တန်းသူ(၆)ဦးအမြန်အလိုရှိသည်။
(၁) အခြေခံလစာ တစ်နာရီ(၈၈၃ ယန်း)၊ပျမ်းမျှဝင်ငွေ တစ်လ (၁၅၂,၀၄၂ ယန်း) ရရှိမည်ဖြစ်ပါသည်။
အသေးစိတ်သိလိုပါက ကုမ္ပဏီသို့တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။
Shine Hill Co.,Ltd.(License No.59/2015)
အမှတ်(၂၅၆)၊ပထမထပ်၊ ပဟာပန္နလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁)၂၄၁၂၄၈၊ ၀၉ -၇၃၀၅၂၉၉၃၊ ၀၉ - ၇၃၀၅၂၈၀၅၊ ၀၉ - ၇၇၇၃၇၀၉၈၅
Email:shinehill07@gmail.com

ATH Aung Thi Ha Engineering Group
AIR CON, REFRIGRATOR & WASHING MACHINE
SALE & SERVICES
Operation Manager : 09 5089831
Installation Repairing Servicing Maintenance
No.886, Ward(10), Mittar Street, South Okkalapa Township, Yangon, Myanmar.
09 420117532, 09 799593531
aungthiha04@gmail.com

2D စက်ချုပ်သင်တန်း
09 - 97 26 36 730, 09 - 970 49 32 56
ထမီ၊ချိတ်ထမီ၊ပတ်ထမီ၊၃လွှာ၊၄လွှာ၊ သင်တန်းကာလ - ၂ လ
စကပ်၊ဘောင်းဘီ၊Patternဆွဲနည်း၊ သင်တန်းကြေး - 70000
နောက်ကွဲဇစ်၊ရင်စေ့၊ရင်ဖုံး၄မျိုး၊ခါးတို၊ Sat - Sun - 9 : 11:30
လက်ပြတ်၊တရုတ်သိုင်းရင်ဖုံး၊ Sat - Sun - 3 : 5:30
ကော်လာကတုံး၊ရင်ဖြတ်ဆက်၊ Mon-Tue-Wed - 12- 2:30
ခါးဖြတ်ဆက်၊ရှပ်၊ဂါဝန်၊အကျီ အပွ Mon-Tue-Wed - 3 - 5:30
စမည့်ရက် - 30. 9. 2017
အမှတ်(၇၉)၊မြေညီထပ်၊ (၁၃)လမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ရန်ကုန်။

ရွှေဘုံသာ အလယ်လမ်းက
ယူနိုက်တက်ဗွီးရှင်း
မျက်စိအထူးကုဆေးရုံကြီးနှင့် မျက်မှန်၊ မျက်ကပ်မှန်အရောင်းခန်းမ
အတွင်းတိမ်ခွဲစိတ်ရန်
(ECCE) ခေါ် လက်ဖြင့်ခွဲစိတ်ခြင်းအပြင်၊
မျက်စိကိုခွဲစရာမလို၊ချုပ်စရာမလိုပဲ
Phaco-Emulsifier
(Ultra Sound System)
ဖြင့်လည်းကုသပေးနေပါသည်။
ငွေကြေးအခက်အခဲရှိသူများကို အပတ်စဉ် တနင်္ဂနွေနေ့
နေ့လည်(၁း၀၀) နာရီ မှ ည (၇း၃၀)နာရီအထိ
ကြိုတင်စာရင်းပေးသွင်းသူများကို အခမဲ့ စမ်းသပ်ခွဲစိတ်ပေးနေပါသည်။
ဖုန်း - ၀၉ ၄၅၀၆၂၈၄၄
INTERNATIONAL BRANDED အဝစ်များကိုသာ အာမခံဖြင့် ရောင်းချပေးနေပါသည်။
Ray-Ban
OAKLEY
VOGUE eyewear
BURBERRY
BVLGARI
PRADA EYEWEAR
အထူးချွန်ဆုံး မျက်စိအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် စမ်းသပ်ခွဲစိတ်ကုသပေးနေပါသည်။
ခေတ်မီစက်ပစ္စည်းများကို အသုံးပြုပြီးမျက်မှန်များကို နေ့ချင်းပြီးဆောင်ရွက်ပေးနေပါပြီ။

ရန်ကုန်ဆိုင်ခွဲ
- အမှတ်(၆၃)၊ရွှေဘုံသာအလယ်လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၁-၃၈၄၃၁၈၊ ၂၅၂၇၁၈၊ ၃၈၉၉၃၉
- အမှတ်(၆၆/၆၈)၊စံရိပ်ငြိမ်(၆)လမ်းထိပ်၊ရန်ကုန်အင်းစိန်လမ်းမ၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၅၃၂၁၃၇၊၂၁၀၄၂၉၄
- အမှတ်(၁၈/ဃ)၊လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းဈေးရှေ့၊ဇဝန၊ ဖုန်း-၀၁-၈၅၆၅၉၂၂
- အမှတ်(၂၅၇/၂၅၈)၊ဂမုန်းပွင့်ရှော့ပင်းစင်တာ၊ဒုတိယထပ်၊ရန်ကုန် -အင်းစိန်လမ်း၊ကမာရွတ်မြို့နယ်။ ဖုန်း-၀၉ ၇၇၁၃၄၅၀၃၉၉

မန္တလေးဆိုင်ခွဲ
- ၇၈လမ်း(၂၇လမ်းနှင့် ၂၈လမ်းကြား)၊အမှတ်(A-3)၊ဘုတာကြီးမြောက်ဘက်၊မန္တလေးမြို့ ဖုန်း-၀၂-၆၈၇၈၆၊၃၄၄၄၂
- Diamond Plaza ၊စက်လှေကားအနီး(မြေညီထပ်)၇၈လမ်း၊၃၃လမ်းနှင့်၃၄လမ်းကြား။ ဖုန်း-၀၉၉၁၀၂၇၀၁၄
- ၈၄လမ်း(၂၉လမ်းနှင့်၃၀လမ်းကြား)၊အမှတ် (53/54B)၊မန္တလေးမြို့ ဖုန်း-၀၂-၁၁၇၈၁

MPT
ရွှေသို့လှမ်းချီမြန်မာပြည်
ဒေတာ
ကမ်းပိုင်ရီ
2GB
2999Ks
350MB
699 Ks
650MB
999 Ks
*777#
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

ကြော်ငြာ

"မေသူမောင်" ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

*၂၀၁၇-၂၀၁၈ ခုနှစ် - ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်
*(၁၄)ညအိပ်(၁၅)ရက်ခရီးစဉ်ဟိုတယ်(၄)ညအိပ်ပါပြီး-ထွက်ခွာမည့်ရက်များမှာ၊
(30.Oct) (18.Nov)(05.Dec)(24.Dec)(14.Jan)(28.Jan)(18.Feb)
(11.Mar)(24.Mar)*(၇)ညအိပ်(၈)ရက်(06.Oct)(31.Oct.ခါတ်တော်တိုက်ဖွင့်ပွဲ)
(23.Dec)(13.Apr)*လိုက်ပါလိုသည့်ခရီးစဉ်နှင့်နေ့ရက်များကိုရွေးချယ်ပြီး ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။*ဆက်သွယ်ရန်ရုံးချုပ်-အမှတ်၊(8/H)ဆင်မလိုက်အဆင့်မြင့်ဈေးကွန်ဒိုကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ရန်ကုန်ဖုန်း-၀၉. ၅၀၁၂၄၇၀၊၀၉. ၅၀၇၂၉၈၄၊၀၉. ၇၃၂၄၁၆၈၇၊၀၉. ၉၆၄၂၁၁၆၆၈၊၀၁. ၂၃၀၅၉၂၈၊ မန္တလေးဖုန်း-၀၉၄၄၀၁၃၀၂၇၀၊၀၉၇၉၀၉၀၉၉၂၄-ပဲခူးဖုန်း-၀၉. ၇၉၆၉၄၁၇၀၇-တောင်ကြီးဖုန်း-၀၉. ၂၅၉၆၂၆၂၆၉၊၀၈၁. ၂၁၂၄၈၉၉

Modern Myanmar

ကျိုက်ထီးရိုး (နေ့စဉ်) 10000
ချောင်းသာ (နေ့စဉ်) Guest (ခြံ) 33000 / Hotel 43000
ငွေဆောင် (Hotel+ကား) 40000
မြဝတီ၊ မဲဆောက် (Hotel ခြံ) 100000
ကားစီးလုံးငှား Package စီစဉ်ပေးသည်။
09-450047016, 09-253540004

ရွှေအိုးကြီး

သီတင်းကျွတ်အထူးလျှော့ဈေး
မြဝတီ၊ မဲဆောက်၊ ဘားအံ
Hotel တည်း (Visa) စား/ငြိမ်း (70000)
Sep -29,Oct-4,6,13,20,27 ထွက်
ပုဂံ၊ ပုပ္ပါးခရီးစဉ် Hotelတည်း (80000)
09421073634, 777636630

အ.ထ.က (၄) ပုဇွန်တောင်
ကျောင်းသား/ကျောင်းသူဟောင်းများ၏
(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပပါမည်

အ.ထ.က.(၄) ပုဇွန်တောင် ကျောင်းသား/ ကျောင်းသူဟောင်းများက နှစ်စဉ်ကျင်းပခဲ့သော အာစရိယပူဇော်ပွဲကို အစဉ်အနှားကို (၁၂)ကြိမ်မြောက်အဖြစ် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်နိုင်ကြပါရန် ကန်တော့ခံဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများကို လေးစားစွာ အသိပေး နိုးဆော်အပ်ပါသည်။

- ကျင်းပမည့်နေ့ရက် ... (၁-၁၀-၂၀၁၇) တနင်္ဂနွေနေ့
- ကျင်းပမည့်အချိန် ... မနက် (၉ : ၀၀)နာရီမှ နေ့လယ် (၁၂ : ၀၀)အထိ
- ကျင်းပမည့်နေရာ ... ပင်လုံခန်းမ အ.ထ.က(၄) ပုဇွန်တောင်ကျောင်းဝင်း။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ (၂၀၁၇)

သိုးရာသီ ဝမ္မဒါန

တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ-ထန်ခန်း (၁)ဦးထမင်းကျွေး-ကားခ = ၅၀၀၀၀/-
ပုပ္ပါး-ပုဂံ၊ စွယ်တော်လေးဆူ၊ ပြည်ငါးပြည့် ပခုက္ကူ-သီဟိုဠ်ရှင် (၁)ဦးထမင်းကျွေး-၄၀၀၀၀/-
ထားဝယ်ရှင်ကိုးရှင်၊ ကျိုက္ကမီစက်ခဲ - ၇၀၀၀၀
[illegible] 4,6 - 10 - 2017
AirCom: Express [illegible]
420144148, 421153797

ဝမျိုး

380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစဉ်ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

အငြိမ့်ကိုင်းနှင်းဆီ ခရီးသွားလုပ်ငန်း

အောက်တိုဘာလ ခရီးစဉ်များ
ရှမ်းပြည်နယ် သီပေါခရီးစဉ် (၃ ညအိပ် ၄ရက်)
လွိုင်ကော် - အင်းလေး ခရီးစဉ် (၃ ညအိပ် ၄ရက်)
မြိတ်ကျွန်းစု ခရီးစဉ်များ (၄ ညအိပ် ၅ရက်)
လားရှိုး-မူဆယ်-မုန်တံတား ခရီးစဉ် (၇ ညအိပ် ၈ရက်)
အောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်ဝယ်ယူနိုင်ပါသည်။
၀၉-၂၅၄ ၅၀၃ ၂၈၇/ ၀၉-၉၇၆ ၄၂၉၉၄၈/ ၀၉-၄၂၆၀၆၁၁၃၇

ရွှေစံမိ

သီတင်းကျွတ်ပိတ်ရက်အထူးခရီးစဉ်များ Oct 3,4
- မန္တလေး၊ပြင်ဦးလွင်၊ဂုတ်ထိပ်၊သီပေါဟော်နန်း၊ခါလိန်ရေတံခွန်၊ဘော်ကြို 60000
- ထားဝယ်ရှင်ကိုးရှင်၊မျှော်ရစ်၊မောင်းမကန်၊မြိတ်ကျွန်းစု၊ကျိုက္ကမီ၊စက်စဲ 80000
- တောင်ကြီး၊အင်းလေး၊ပင်းတယ၊မိန်းမရဲ၊ကက္ကူ၊ထမ်းစမ်း၊လွိုင်ကော် 65000
- မြဝတီ၊မဲဆောက်၊ဘားအံဂူ(၅)ဂူ၊ဇွဲကပင်၊တစ်ဖွန်းဆရာတော် 60000
- မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မင်းကွန်း၊မုံရွာ၊ကျောက်စိမ်း 50000
- ပုဂံ၊ပုပ္ပါး၊စွယ်တော်လေးဆူ၊ပြည်ငါးပြည့်၊ပခုက္ကူ-သီဟိုဠ်ရှင် 50000
- မော်လမြိုင်၊ကျိုက္ကမီဆွမ်းမျှောပွဲ၊ကျိုက်မရော၊ဘားအံဂူ(၅)ဂူ၊ဇွဲကပင် 25000

09-420420761, 09-420420762,09-420420763 အပတ်စဉ်-သောကြာ

အဆောင် ငှားမည်

(အမျိုးသမီးသာ)
(၅၁)လမ်း၊ ပုဇွန်တောင်။
Ph: 09 443103738
09 5078996

အိမ်ယာကွန်း

အဟောင်းအပျက်များ ဈေးကောင်းပေးဝယ်သည်။
09 5191361

အများသိစေရန်အသိပေးကြေညာချက်

GRET-Myanmar အသေးစားငွေရေးကြေးရေးလုပ်ငန်းသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ လိုင်စင်အမှတ်(၀၀၀၁/၁၂) ဖြင့် ၂၀၁၂ခုနှစ်၊ မတ်လ(၂၆)ရက်တွင် လိုင်စင်ရယူပြီး ချင်းပြည်နယ်အတွင်း ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန်၊ တွန်းဇံမြို့နယ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ ဘုတလင်နှင့် ယင်းမာပင်မြို့နယ်များတွင် လုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။ ယခုအခါ GRET-Myanmarမှ သစ္စာဥယျာဉ်ကုမ္ပဏီလီမိတက် အမည်ဖြင့် လုပ်ငန်းလိုင်စင်ရယူ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း၏ ရပိုင်ခွင့်နှင့် ပိုင်ဆိုင်ပစ္စည်းများအားလုံးကို လွှဲပြောင်းပြီး လုပ်ငန်းကို မူလအတိုင်း ဝန်ထမ်းရေးရာနှင့် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အပြောင်းအလဲတစ်စုံတစ်ရာမရှိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငွေရေးကြေးရေးအဖွဲ့ဝင်များမှ ရရန်၊ ပေးရန်နှင့်ပတ်သက်၍ GRET-Myanmar အဖွဲ့အစည်းကို ဆက်သွယ်ဆောင်ရွက်ရန်ရှိပါက အောက်ဖော်ပြပါ ရုံးလိပ်စာများအတိုင်း ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်အထိ လွှဲပြောင်းမှုကာလအတွင်း နောက်ဆုံးထား ဆက်သွယ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

မြင့်စု(ဌာနေကိုယ်စားလှယ် GRET-Myanmar)
အမှတ်(၁/၇၂)၊ မြိုင်သဇင်လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ မုံရွာမြို့။
ရုံးဖုန်း-၀၉-၉၇၄၉၃၆၁၂၇
အမှတ် (၁၀၀-A)၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph. ၀၉-၄၂၀၀၂၆၈၅၈

သစ် ပင် စိုက် ပါ ဒို့ က မ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

ဦးသန်းလွင်+ဒေါ်သန်းသန်းမြင့်
မူလပထမ **တီဗွီ (1)** ကြိုတင်စာရင်းသွင်းပါရန်။
ကားမောင်း၊ စက်ပြင်သင်တန်း
* မ/ဒရိုင်ဘာ်မောင်းသင်ကွင်း။
☎:01-706862,09-73047755,09-73322177,09-73235757,
* သိမ်ဖြူကားကက်ဆက်တန်း။
☎:01-201188, 09-73047744, 09-73047766
* (218)၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင်။
☎:01-549764, 01-545155
* အမှတ်(3-F)၊ ကန်တော်မွန်အိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီး၊ မေခအိမ်ရာရှေ့၊သဃ်ံန်းကျွန်း။ ☎:01-573986, 01-573988

ဦးမောင်မောင်အုန်းမြင့် (ဆရာအုန်း)
၁။ အင်္ဂလိပ် ↔ မြန်မာ ဘာသာပြန် လုပ်ငန်းဌာန
၂။ အင်္ဂလိပ် ↔ မြန်မာ ဘာသာပြန်ဆိုနည်း သီးသန့်သင်တန်း
အမှတ်(၉၉)၊အနော်ရထာလမ်းမကြီး(ဆိပ်ကမ်းသာလမ်းနှင့်၃၀လမ်းကြား)
09-43074815 , 01-389339

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းနေရာချထားခြင်းခံရသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အကြောင်းအရာ	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးဇော်ဝင်း ဦးခင်မောင်ဝင်း(ကစ) ဗိုလ်မှူးကျော်သူ [၁၁/စတန(နိုင်)၀၀၅၂၁၃]	အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုရန်	တိုက်အမှတ်(A-9)၊ အခန်းအမှတ်(၃၀၅)၊ ရှခင်းသာအိမ်ရာ၊ သာကေတမြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ၈-လမ်း၊ တိုက်အမှတ်(၂၄)၊ မြေညီ+ထပ်ခိုး(မှန်ခန်း)၊ ခြေရင်းခြမ်း၊ အကျယ်အဝန်း (၁၂.၅' x ၅၀')ခန့် အကျယ်ရှိ ရေမီးစုံလင်စွာပါရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝါဝါမော်(၁၂/ဒဂန(နိုင်)၀၂၁၈၄၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေများ	
ဦးသန်းထွန်း LL.B, D.B.L (စဉ်-၄၅၉၉)	ဦးဝင်းအောင် LL.B, D.M.L, D.B.L (စဉ်-၈၁၅၆)	ဒေါ်ဟန်သီရိ LL.B, WIPO(Switzerland) (စဉ်-၃၉၄၄၇)	ဒေါ်ဝတ်ရည်ဌေး LL.B,LL.M (စဉ်-၃၆၉၁၇)

ရုံးချုပ် ➤ အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ ➤ 01 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ ➤ အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ ➤ 01 - 552742, 01- 559320, 09 5060940, 09 5060938,09 73500535
Email - soesanrealestate@gmail.com

ကန့်ကွက်လိုက သိုလှုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ။ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးတင်လှ	၁၂/ဗတထ(နိုင်)၀၄၀၆၉၁	ဒဂုံတောင်	၁၄၅	၁၉၀၁	ဦးတင်လှ	မြေကွက်အမှတ်-၁၉၀၁၊(၁၄၅)ရပ်ကွက်၊ဒဂုံတောင်	ဂရန်သစ်
၂။	ဒေါ်ခင်ခင်ဌေး	၁၀/မလမ(နိုင်)၁၅၁၇၅၅	ဒဂုံဆိပ်ကမ်း	၆၀	၅၉၄	ဦးကျော်ရှိန်(ခ)ကပ္ပလီ	၅၉၄၊(၆၀)ရပ်ကွက်၊ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၃။	ဦးဟိန်းမင်းလတ်	၁၂/ဒပန(နိုင်)၀၄၈၆၆၅	ဒဂုံတောင်	၁၄၄/အသံအနှံစက်မှုဇုန်	၆၇၁	ဒေါ်ထုဂျာ	မြေကွက်အမှတ်-၆၇၁၊မိုးမရိပ်သာလမ်း၊(၁၄၄/အသံအနှံစက်မှုဇုန်)ရပ်ကွက်	ဂရန်သစ်
၄။	ဦးဟိန်းမင်းလတ်	၁၂/ဒပန(နိုင်)၀၄၈၆၆၅	ဒဂုံတောင်	၁၄၄/အသံအနှံစက်မှုဇုန်	၆၇၂	ဦးစံဌေး	၆၇၂၊မိုးမရိပ်သာလမ်း၊(၁၄၄/အသံအနှံစက်မှုဇုန်)	ဂရန်သစ်
၅။	ဦးထွန်းမြင့်	၁၂/သကတ(နိုင်)၀၁၅၇၉၀	ဒဂုံတောင်	၁၅၄	၄၅၁	ဦးလှခိုင်	မြေကွက်အမှတ်-၄၅၁၊(၁၅၄)ရပ်ကွက်၊ဒဂုံတောင်	ဂရန်သစ်
၆။	ဦးမြင့်အေး	၁၂/ကမတ(နိုင်)၀၅၇၄၅၄	ဒဂုံအရှေ့	၁၃၅	၁၄၆	ဦးအောင်သွင်	၁၄၆၊(၁၃၅)ရပ်ကွက်၊ဒဂုံအရှေ့	ဂရန်သစ်
၇။	ဦးပြည့်စုံအောင်	၁၂/ဒဂတ(နိုင်)၀၉၄၃၄၃	ဒဂုံတောင်	၁၀၄	၁၇၃၇/ခ	ဦးအုန်းငွေ	၁၇၃၇/ခ၊ရွှေပြည်စိုးလမ်း၊(၁၀၄)ရပ်ကွက်	ဂရန်သစ်
၈။	ဒေါ်သီတာရှိန်	၁၀/မလမ(နိုင်)၀၅၉၄၃၃	ဒဂုံအရှေ့	၁.တိုးချဲ့	၂/၉၈၂	ဒုတပ်ကြပ်ခိုင်ဇော်ဦး	၂/၉၈၂၊(၁)တိုးချဲ့ရပ်ကွက်၊ဒဂုံအရှေ့	ဂရန်သစ်
၉။	ဒေါ်သိန်းသိန်း	၁၂/သကတ(နိုင်)၀၀၄၃၆၀	သာကေတ	၄မြောက်	၂၉(က)	ဒေါ်သန်းမြင့်	၂၉(က)၊အောင်မင်္ဂလာလမ်း၊(၄)မြောက်ရပ်ကွက်	အမည်ပြောင်း
၁၀။	ဒေါ်ခင်ပြည့်စုံ	၁၂/လမန(နိုင်)၁၃၀၁၈၄	ဒဂုံမြောက်	၃၂	၁၄၀၀/ခ	ဦးမောင်မောင်လွင်	၁၄၀၀/ခ၊မြခင်းသာလမ်း၊(၃၂)ရပ်ကွက်၊ဒဂုံမြောက်	ဂရန်ခွဲ
၁၁။	ဒေါ်ခင်စိန်ဝင်း	၁၃/တယန(နိုင်)၀၁၅၂၈၅	ဒဂုံတောင်	၁၄၇	၁၀၂၄	ဦးအိမ်ကြီးမောင်	မြေကွက်အမှတ်-၁၀၂၄၊(၁၄၇)ရပ်ကွက်	ဂရန်သစ်
၁၂။	ဒေါ်ခင်စိန်ဝင်း	၁၃/တယန(နိုင်)၀၁၅၂၈၅	ဒဂုံတောင်	၁၄၀	၉၇၉	ဦးဝင်းကျော်	မြေကွက်အမှတ်-၉၇၉၊(၁၄၀)ရပ်ကွက်	ဂရန်သစ်
၁၃။	ဒေါ်ခင်စိန်ဝင်း	၁၃/တယန(နိုင်)၀၁၅၂၈၅	ဒဂုံတောင်	၁၄၇	၉၂၉	ဒေါ်ခင်အောင်	မြေကွက်အမှတ်-၉၂၉၊(၁၄၇)ရပ်ကွက်	ဂရန်သစ်
၁၄။	ဒေါ်ခင်စိန်ဝင်း	၁၃/တယန(နိုင်)၀၁၅၂၈၅	ဒဂုံတောင်	၁၄၇	၁၄၂၇	ဒေါ်လှသိန်းဦး	မြေကွက်အမှတ်-၁၄၂၇၊(၁၄၇)ရပ်ကွက်	ဂရန်သစ်
၁၅။	ဒေါ်ခင်စိန်ဝင်း	၁၃/တယန(နိုင်)၀၁၅၂၈၅	ဒဂုံတောင်	၁၄၀	၉၈၀	ဒေါ်သန်းသန်းဌေး	မြေကွက်အမှတ်-၉၈၀၊(၁၄၀)ရပ်ကွက်	ဂရန်သစ်
၁၆။	ဒေါ်အေးအေးနိုင်	၁၂/ဒဂတ(နိုင်)၀၄၀၀၆၄	ဒဂုံတောင်	၅၃	၈၂၅	ဦးအေးမြင့်	မြေကွက်အမှတ်-၈၂၅၊နှင်းဆီမြိုင်လမ်း၊(၅၃)ရပ်ကွက်	ဂရန်သစ်
၁၇။	ဒေါ်ဌေးကြည်	၁၂/ကတန(နိုင်)၀၆၂၄၄၇	ဒဂုံတောင်	၇၀	၇၁(က+ခ)	ဒေါ်ကျင်ထွေး	၇၁(က+ခ)၊လှော်ကားလမ်း၊(၇၀)ရပ်ကွက်၊ဒဂုံတောင်	အမည်ပြောင်း
၁၈။	ဦးကျော်ညွန့်	၁၂/ဥကမ(နိုင်)၁၀၇၄၇၄	မြောက်ဥက္ကလာ	၈	၂၉၂.က	ဒေါ်ခင်မေ	၂၉၂(က)၊ဥဋ္ဌနာ(၄)လမ်း၊(၈)ရပ်ကွက်၊မြောက်ဥက္ကလာ	အမည်ပြောင်း
၁၉။	ဦးမြသန်း	၁၂/ရကန(နိုင်)၀၆၀၀၆၈	ဒဂုံတောင်	၁၀၇	၁၀၀၈/ခ	ဦးသန်းထိုက်	၁၀၀၈/ခ၊ဂရုဏာလမ်း၊(၁၀၇)ရပ်ကွက်	ဂရန်သစ်
၂၀။	ဦးမြသန်း	၁၂/ရကန(နိုင်)၀၆၀၀၆၈	ဒဂုံတောင်	၁၀၇	၁၀၀၈/က	ဦးထွန်းဝေ	၁၀၀၈/က၊ဂရုဏာလမ်း၊(၁၀၇)ရပ်ကွက်	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက သိုလှုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ။ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဒေါ်တင်လှ	၁၂/ရကန(နိုင်)၀၆၇၄၃၁	ဒဂုံတောင်	၂၃/စက်မှုဇုန်	၁၄၉	ဦးစိန်သောင်း+၁	၁၄၉၊(၂၃/စက်မှုဇုန်)ရပ်ကွက်၊ဒဂုံတောင်	အမည်ပြောင်း
၂။	ဒေါ်ခင်မွန်ရည်	၁၁/တကန(နိုင်)၀၁၈၇၆၉	ဒဂုံအရှေ့	၅	၃၃/A	ဒေါ်သီတာအောင်	၃၃/A၊ဗိုလ်မှူးဗထူးလမ်း၊(၅)ရပ်ကွက်၊ဒဂုံအရှေ့	အမည်ပြောင်း
၃။	ဦးခင်မောင်မြင့်	၁၂/လသန(နိုင်)၀၀၃၄၉၈	ဒလ	၅	၅၈၃	ဦးတင့်ဝေ	၅၈၃၊မင်းတုန်းလမ်း၊ရာဇသင်္ကြန်ရပ်ကွက်	အမည်ပြောင်း
၄။	ဒေါ်မေလွဲဝင်း+၁	၁၂/မဘန(နိုင်)၀၇၄၃၅၈	ဒဂုံတောင်	၁၄၇	၁၁၇၃	ဦးမြင့်ဦး(ခ)ငွေမန်း	မြေကွက်အမှတ်(၁၁၇၃)၊(၁၄၇)ရပ်ကွက်	ဂရန်သစ်
၅။	ဒေါ်တင်ဝါဝါ	၁၂/တမန(နိုင်)၀၃၃၇၃၇	တောင်ဥက္ကလာ	၇	၁၄၁/က	ဒေါ်နေသရေစာ(ခ)ဒေါ်လှလှ	၁၄၁/က၊မင်းရဲကျော်စွာ(၆)လမ်း၊(၇)ရပ်ကွက်	အမည်ပြောင်း
၆။	ဦးဌေးအောင်	၁၂/လကန(နိုင်)၀၅၇၁၄၂	ဒဂုံအရှေ့	၁၁၈	၂၅၇	ဒေါ်အေးအေးသွင်	၂၅၇(၁၁၈)ရပ်ကွက်၊ဒဂုံအရှေ့	ဂရန်သစ်
၇။	ဦးမြသောင်း+၁	၁၂/မဂတ(နိုင်)၀၃၂၇၅၄	ဒဂုံမြောက်	၁၆/A	၄၉	ဒေါ်သိင်္ဂီတင်	၄၉၊အနော်ရထာလမ်း၊(၁၆/A)ရပ်ကွက်၊ဒဂုံမြောက်	ဂရန်သစ်
၈။	ဦးရာဂျူး	၁၂/မဂတ(နိုင်)၀၆၆၅၅၂	ဒဂုံတောင်	၆၄(စီး/မြို့)ဇုန်	၁၇၆+၁၇၇	ဦးတင်အေး၊ဦးသာရင်	၃၂+၃၃၊လောဝိလမ်း၊၆၄(စီး/မြို့)ဇုန်	ဂရန်သစ်
၉။	ဦးကိုကိုအေးမင်း+၁	၁/မကန(နိုင်)၀၈၁၃၆၃	ဒဂုံတောင်	၂၈	၂၁၄	ဦးသန်းဦး	၂၁၄၊လှော်ကားလမ်း၊(၂၀)ရပ်ကွက်	ဂရန်သစ်
၁၀။	ဦးရေတွန်ကိုပါ(လ်)	၁၂/မဂတ(နိုင်)၀၇၅၆၈၆	ဒဂုံတောင်	၆၄(စီး/မြို့)ဇုန်	၂၂၀/၂၂၁	ဦးအေးသိန်း	၆၆+၆၇၊ကျောက်ပုထိုးလမ်း၊(၆၄/စီးမြို့)ဇုန်	ဂရန်သစ်
၁၁။	ဦးကျော်ထူးလင်း	၉/မနမ(နိုင်)၁၁၀၆၀၆	ဒဂုံဆိပ်ကမ်း	၈၃	၁၅၀	ဦးသိန်းအောင်(ခ)ဝင်းကင်းလျှန်	၁၅၀၊(၈၃)ရပ်ကွက်၊ဒဂုံဆိပ်ကမ်း	အမည်ပြောင်း
၁၂။	ဒေါ်အေးအေးထွေး	၉/မဟမ(နိုင်)၀၀၀၇၇၃	ဒဂုံဆိပ်ကမ်း	၁၅၁	၂၃၁၆	ဦးစိန်သောင်း	၂၃၁၆၊(၁၅၁)ရပ်ကွက်၊ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၃။	ဦးသန်းထွေး	၁၂/ဥကမ(နိုင်)၀၃၉၄၀၆	မြောက်ဥက္ကလာ	၆.ဝေဘာဂီ	၁၆၁	ဒေါ်ကျင်ဝါ	၁၆၁၊ပိတောက်လမ်း၊(၆/ဝေဘာဂီ)၊မြောက်ဥက္ကလာ	အမည်ပြောင်း
၁၄။	ဦးတင်မောင်လင်း	၁၂/ဗဟန(နိုင်)၀၇၈၉၂၃	ဒဂုံတောင်	၆၃/စက်မှုဇုန်	၁၃၀၂	ဦးခင်အောင်	၁၃၀၂၊စစ်တောင်းလမ်း၊(၆၃)ရပ်ကွက်(စက်မှုဇုန်)၊ဒဂုံတောင်	အမည်ပြောင်း
၁၅။	ဦးတင်မောင်လင်း	၁၂/ဗဟန(နိုင်)၀၇၈၉၂၃	ဒဂုံတောင်	၆၃/စက်မှုဇုန်	၁၃၀၁	ဦးထွန်းအောင်	၁၃၀၁၊စစ်တောင်းလမ်း၊(၆၃/စက်မှုဇုန်)၊ဒဂုံတောင်	အမည်ပြောင်း
၁၆။	ဒေါ်လိုင်ဝါး(ခ)မရ	၁၂/ရကန(ဧည့်)၀၀၀၀၄၃	သာကေတ	၃.မာန်ပြေ	၇၆၃(က)	ဦးထိန်ဝင်း+၁	၇၆၃(က)၊မာန်ပြေ(၁၅)လမ်း၊(၃.မာန်ပြေ)၊သာကေတ	အမည်ပြောင်း
၁၇။	ဦးသက်စိုးလင်း+၃	၁၄/ရကန(နိုင်)၁၁၄၃၀၃	ဒဂုံတောင်	၁၅၃	၁၈၉၀	ဦးလှဒီ	မြေကွက်အမှတ်-၁၈၉၀၊ရတနာလမ်း၊(၁၅၃)ရပ်ကွက်	ဂရန်သစ်
၁၈။	ဒေါ်ခင်လင်းဦး	၁၂/အလန(နိုင်)၀၁၈၁၈၃	သန့်လျင်ကျွန်းတန်း	သီလဝါစက်မှုဇုန်	၁၅၃	ဒေါ်ခင်လင်းဦး	၁၅၃၊မြတောင်ဝန်ကြီးဦးမှိုလမ်း	ဂရန်သစ်
၁၉။	ဦးသက်နိုင်(SPဒေါ်မလှညို)	၁၁/မတန(နိုင်)၀၀၈၀၀၄	ဒဂုံမြောက်	၂၈	၃၇	ဦးသက်နိုင်	၃၇၊အောင်ရတနာလမ်း၊(၂၈)ရပ်ကွက်၊ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၂၀။	ဒေါ်မြင့်မြင့်သွယ်	၆/မအရ(နိုင်)၀၉၈၁၂၅	ဒဂုံမြောက်	၁၆.A	၁၀၄	ဦးနေအေး	၁၀၄၊ကုန်းဘောင်အိမ်ရာလမ်း၊(၁၆.A)ရပ်ကွက်	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက သိုလှုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ။ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဒေါ်စိန်စိန်	စီဂျီ-၀၀၇၅၀၈	တာမွေ	၄စီ၂(အက်စ်-၇၁)	V.၂၃	ဒေါ်စိန်စိန်	၃၉၊သုခလမ်း	ဂရန်သက်တမ်းတိုး
၂။	ဦးညီညီလတ်၊ဒေါ်ကေသီမြင့်	၁၂/တမန(နိုင်)၀၄၄၈၂၂ ၁၂/တမန(နိုင်)၁၀၂၉၈၀ ၁၂/ပဇတ(နိုင်)၀၂၉၇၄၅	ဒဂုံတောင်	၆၄/စီးမြို့	၁၉၈+၁၉၉	ဒေါ်သွန့်သွန့်ဦးဘိုကေ	မြေကွက်အမှတ်-၁၉၈+၁၉၉၊လောပိတလမ်း၊(၆၄/စီးမြို့)စက်မှုဇုန်	ဂရန်သစ်
၃။	ဒေါ်သန်းသန်းအေး+၁	၁၂/သဃက(နိုင်)၁၂၁၈၈၇	သဃ်ံန်းကျွန်း	၂၉/က+၂၇/ခ	၁၀/ဟ+၆/သ	ကိုယုရှိန်	၅၅/၅၇၊ရတနာသုခလမ်း၊သဃ်ံန်းကျွန်း	ဂရန်သက်တမ်းတိုး
၄။	ဦးအောင်ဇင်မင်း	၁၂/စခန(နိုင်)၁၅၄၅၅၇	ဒဂုံမြောက်	၄၁	၁၁၄၉/၁၅၂၉	ဗိုလ်ချုပ်ဇော်ဝင်း	၁၁၄၉/၁၅၂၉၊ဓာတ္တညီလမ်း၊(၄၁)ရပ်ကွက်၊ဒဂုံမြောက်	အမည်ပြောင်း
၅။	ဒေါ်စန်းစန်းနု	၇/ရတရ(နိုင်)၀၇၂၈၁၈	စမ်းချောင်း	၂၉.B^3	၆၁	ဦးအောင်ထိုက်	၄၄၊မဗိုလမ်း၊မြေနီကုန်းမြောက်ရပ်ကွက်	အမည်ပြောင်း
၆။	ဒေါ်စန်းစန်းနု	၇/ရတန(နိုင်)၀၇၂၈၁၈	ဗဟန်း	၃၆-အိုင်	၁၁၂.အေ/၁၆.ဒီ၂	ဦးအောင်ထိုက်	၁၇-E၊ကမ္ဘာ့အေးရိပ်သာလမ်း၊ရွှေတောင်ကြား(၁)ရပ်ကွက်	အမည်ပြောင်း
၇။	ဒေါ်စန်းစန်းနု	၇/ရတရ(နိုင်)၀၇၂၈၁၈	တောင်ဥက္ကလာ	၁၄စီမံကိန်း၂	၁၃/က	ဦးအောင်ထိုက်	၁၃/က၊သံသုမာလမ်း၊၁၄.စီမံကိန်း(၂)ရပ်ကွက်	အမည်ပြောင်း
၈။	ဦးမောရစ်မျိုးဝင်း	၁၂/ပဇတ(နိုင်)၀၁၈၂၃၂	ဒဂုံဆိပ်ကမ်း	၆၉	၉၇၁	ဗိုလ်မှူးသန်းမင်း	၉၇၁၊(၆၉)ရပ်ကွက်၊ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၉။	ဦးကျော်ဦးလွင်+၃	၁၂/မဂတ(နိုင်)၀၇၄၇၇၁	မင်္ဂလာတောင်ညွန့်	၁၂F	V.၁၀	ဦးကိုလွင်+၆	၈၀/၈၂၊အထက်ပန်းဆိုးတန်းလမ်း၊ကန်/နောက်ရပ်ကွက်	ဂရန်သက်တမ်းတိုး
၁၀။	ဒေါ်ခင်ဝင်းမြင့်	၅/မရန(နိုင်)၀၃၂၉၁၈	ဒလ	၅	၅၂၁/ခ	ဦးကျော်မြင့်သူ	၅၂၁/ခ၊ဗိုလ်မင်းရောင်လမ်း၊ရာဇသင်္ကြန်ရပ်ကွက်	ဂရန်သစ်
၁၁။	ဒေါ်နှင်းသီရိနိုင်	၁၁/မပတ(နိုင်)၀၂၆၆၈၈	တောင်ဥက္ကလာ	၅	၄၃၉/က	ဒေါ်ဝင်းဝင်းတင်	၄၃၉/က၊တကောင်းလမ်း၊(၅)ရပ်ကွက်၊တောင်ဥက္ကလာ	အမည်ပြောင်း
၁၂။	ဒေါ်ယမင်းသန္တာ	၁၂/ဒလန(နိုင်)၀၃၇၂၉၃	ဒလ	၆	၁၇၆၅	ဦးသာဒင်	၁၇၆၅၊ယုဇနမြိုင်လမ်း၊မြို့မ(၂)ရပ်ကွက်	ဂရန်သစ်
၁၃။	ဦးစိုးသီဟ+၂	၁၂/တမန(နိုင်)၁၁၃၈၂၁	ရန်ကင်း	၁/ကံဘဲ့	၁၀၉/ခ	ဒေါ်ခင်မကြီး+၅	၁၉/က၊မင်းရဲကျော်စွာလမ်း၊(၁၄)ရပ်ကွက်	အမည်ပြောင်း
၁၄။	ဟုန်ရှင်းကုမ္ပဏီလီမိတက်	ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၁၄၄/၁၉၉၃-၁၉၉၄	သဃ်ံန်းကျွန်း	၄၆	၁၄	ဒေါ်ကြင်မြိုင်	၈၊လွတ်လပ်ရေးလမ်း၊(င/က)ရပ်ကွက်၊သဃ်ံန်းကျွန်း	အမည်ပြောင်း
၁၅။	ဦးကျော်ဇေယျာ	၁၂/တမန(နိုင်)၀၇၈၁၉၈	ဒဂုံတောင်	၁၉	၆၁၅	ဒေါ်အမာကြည်	၆၁၅၊စည်ပင်လမ်း၊(၁၉)ရပ်ကွက်၊ဒဂုံတောင်	အမည်ပြောင်း
၁၆။	ဦးဆွေဟိန်း	၁/မကတ(နိုင်)၀၂၈၃၆၉	ဒဂုံဆိပ်ကမ်း	၇၉	၃၀	ဒေါ်အေးသန်း	၃၀၊(၇၉)ရပ်ကွက်၊ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၇။	ဒေါ်စိုးစိုး	၁၂/ဗတန(နိုင်)၀၃၃၉၉၉	ဒဂုံတောင်	၂၀	၂၇/က	ဦးမောင်ဝင်း	၂၇/က၊ရေနံ့သာ(၁)လမ်း	ဂရန်ခွဲ

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ဇလွန်မြို့နယ်၊ အထက သပြုကွင်း ဒသမတန်းတွင် ပညာသင်ကြားနေသော မောင်းသန်းဝင်းလှိုင်၊ မမိုးမိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးစန်းညွန့်ဝင်း(ခ)ဦးဆန်းညွန့်ဝင်း[၁၄/ဇလန(နိုင်)၀၈၂၈၇၄] သည် တစ်ဦးတည်းဖြစ်ပါသည်။ **ဆန်းညွန့်ဝင်း**

ဖခင်အမည်မှန်

မြောင်မြို့နယ်၊ တွင်းကြီး၊ အထက၊ ဒသမတန်းမှ မောင်ချမ်းငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးဖိုးထူး[၅/မမန(နိုင်)၀၄၃၉၆၇] ဖြစ်ပါကြောင်း။ **ဦးဖိုးထူး**

ဖခင်အမည်မှန်

မြောင်မြို့နယ်၊ အထက၊ ဒသမတန်း(C)မှ မောင်ပြည့်ဖြိုးကျော် (က-၁၃၀၀)၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးလွင် [၅/မမန(နိုင်)၀၀၆၉၄၄] ဖြစ်ပါကြောင်း။ **ဦးကျော်စိုးလွင်**

ဖခင်အမည်မှန်

မြောင်မြို့နယ်၊ တွင်းကြီး၊ အထက၊ ဒသမတန်းမှ မရွှေရည်မျိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်မျိုး[၅/မမန(နိုင်)၀၇၄၁၇၈] ဖြစ်ပါကြောင်း။ **ဦးမောင်မျိုး**

အမည်မှန်

ဇလွန်မြို့နယ်၊ ပကွဲကျေးရွာနေ ဦးအောင်ကိုနှင့် ဦးအောင်ကိုဝင်း [၁၄/ဇလန(နိုင်)၁၀၂၇၂၀] သည် တစ်ဦးတည်းဖြစ်ပါသည်။ **အောင်ကိုဝင်း**

အမည်မှန်

ဇလွန်မြို့နယ်၊ ပကွဲရေလဲကျေးရွာနေ ဦးဟန်စိန်နှင့် ဦးဟံစိန်[၁၄/ဇလန(နိုင်)၀၉၂၉၉၁]သည် တစ်ဦးတည်းဖြစ်ပါသည်။ **ဟံစိန်**

အမည်မှန်

ဇလွန်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ ဦးဇော်ဦးနှင့် ဦးမင်းဇော်ဦး [၁၄/ဇလန(နိုင်)၀၉၂၉၉၉]သည် တစ်ဦးတည်းဖြစ်ပါသည်။ **မင်းဇော်ဦး**

အမြန်ရောင်းမည်
၄၆ လမ်း(အထက်)၊ ၁၅' × ၆၀' (2F)၊ ရောင်း – (၅၉၀) သိန်း
ဆက်သွယ်ရန်- ၀၉-၅၀၄၁၁၇၈
၀၉-၉၆၅၀၁၄၄၆၇

စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

ယင်းမာပင်မြို့၊ (ခ)ရပ်ကွက်နေ ဦးမြင့်လှိုင်-ဒေါ်ဥမ္မာရွှေတို့၏သား မောင်ဟိန်းထက်ဇော်နှင့် ရန်ကုန်မြို့၊ သုဝဏ္ဏနေ ဦးသီဟ-ဒေါ်ဂျယ်နီတင်တို့၏သမီး မဝင်းသီရိလှိုင်တို့သည် ၇-၂-၂၀၁၇ရက်က စေ့စပ်ကြောင်းလမ်းခဲ့ရာ၊ ယခုအခါ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ကျွန်မ မဝင်းသီရိလှိုင်မှ စေ့စပ်ကြောင်းလမ်းမှုကို ဖျက်သိမ်းလိုက်ပါသည်။

မဝင်းသီရိလှိုင်
[၁၂/သဃက(နိုင်)၁၇၁၀၈၁]

သွေးသည် အသက်

ငြိမ်းချမ်းရေးချိုးငှက်ရုပ်ကိုထုဆစ်သူ ပီကာဆိုနှင့် ကျွန်တော်

ဝင်းပ

၁၉၇၂ ခုနှစ်က ကမ္ဘာကျော်ပန်းချီဆရာကြီး ပီကာဆိုနေထိုင်ရာ ပြင်သစ်နိုင်ငံသို့ ပန်းချီပညာတော်သင်သွားခဲ့စဉ်က တစ်နေ့နေ့တော့ ဆရာကြီး ပီကာဆိုနှင့် တွေ့ဆုံခွင့်ရလိမ့်မည်ဟု ကျွန်တော်ယူဆထားမိပါသည်။ သို့သော် အထင်နှင့်အမြင် တလွဲစီဖြစ်ခဲ့ပါသည်။ ပီကာဆိုသည် ကျွန်တော်ပညာသင်ရာ ပါရီမြို့တွင်မနေပါ။ ပြင်သစ်တောင်ပိုင်း မြေထဲပင်လယ်ကမ်းခြေအနီးက မူဂျန်မြို့ကလေးရှိ သူပိုင်ရဲတိုက်ကြီးတွင်နေထိုင်ပါသည်။ ကျွန်တော် ပါရီရောက်ပြီးနောက် တစ်နှစ်ကြာသည်အထိ ပါရီမှာကျင်းပသော ပန်းချီပြပွဲ၊ ပန်းချီပြတိုက်များသို့ ဆရာကြီးပီကာဆိုမလာဖူးပါ။ ရုပ်မြင်သံကြားမှာပဲ ရံဖန်ရံခါ တွေ့တွေ့နေရပါသည်။

၁၉၇၃ ခုနှစ် ဧပြီလ ၈ ရက်နေ့(တနင်္ဂနွေနေ့)။ ထိုနေ့က ကျောင်းပိတ်ရက်ဖြစ်သော်လည်း အပြင်မထွက်ဖြစ်ပါ။ အစိုးမရသော ပြင်သစ်မိုးသည် နွေဦးရာသီကိုမှအားမနာ တမျှင်းမျှင်းရွာနေလေသည်။ တစ်မနက်လုံး တစိမ့်စိမ့်နှင့် မိုးစွေနေသည်မှာ ပျင်းစရာကောင်းသေးတော့သည်။ ထို့ကြောင့် ထိုနေ့က အခန်းအောင်းပြီးရေဒီယိုနားထောင်လိုက်၊ LeMONDE သတင်းစာဖတ်လိုက်၊ FIGURERO သတင်းစာဖတ်လိုက်နှင့် လှိမ့်ပိမ့်ပြီး အချိန်ဖြုန်းနေရလေသည်။

ထိုနေ့ကဖတ်ရသော LeMONDE သတင်းစာမျက်နှာဖုံးတွင် ဘောင်ကလေးခတ်၍ တသီးတသန့်ဖော်ပြထားသော ဆရာကြီးပီကာဆို၏ ပြပွဲအကြောင်းကို ကျွန်တော်အထူးစိတ်ဝင်စားသွားသည်။ သို့သော်ပါရီမှာမဟုတ်၊ ပြင်သစ်တောင်ပိုင်း အာဗီညွန်ဒေသရှိ ပုပ်ရဟန်းမင်းနန်းတော်မှာ ကျင်းပမည်ဟုဆိုသည်။ ဆရာကြီး၏ပန်းချီကား ၂၀၁ ကားပြသမည်ဟုဆိုသည်။ ပြပွဲဖွင့်ပွဲနေ့ကိုသွားလျှင် ဆရာကြီးပီကာဆိုကိုတွေ့ရမည်ဖြစ်၍ ကျွန်တော့်သူငယ်ချင်း ဘွန်ဒရေးကိုအကူအညီတောင်းပြီး သူ့ကားဖြင့်ပို့ခိုင်းမည်ဟု စိတ်ကူးလိုက်မိသည်။

တိုက်ပဲတိုက်ဆိုင်လွန်းပါ၏။ ဆရာကြီး၏ပြပွဲသတင်းအသေးစိတ်ကို ဖတ်လို့မှမဆုံးသေးမီ အသက်(၉၁)နှစ်အရွယ် ပန်းချီကျော်ကြီး ပီကာဆို ကွယ်လွန်ရှာပြီဆိုသောသတင်းကို ရေဒီယိုမှ ဆိုင်းမဆင့်ဗုံမဆင့် ကြေညာလိုက်ရာ ကိုယ့်နားကို ကိုယ်မယုံနိုင်အောင် ထိတ်ထိတ်ပျာပျာဖြစ်သွားရပါသည်။ ကျွန်တော်အကြားမမှားပါ။ တစ်ကမ္ဘာလုံးကသိနိုင်ရန် အကြိမ်ကြိမ်ကြေညာနေပါသည်။ အဆောင်အောက်ထပ်က ရုပ်မြင်သံကြားအခန်းကိုပြေးကြည့်တော့ လက်မြန်ခြေမြန်နိုင်လှသော ပြင်သစ်ရုပ်မြင်သံကြားဌာနကလည်း ပြင်သစ်တောင်ပိုင်းတွင်ပြသမည့် ဆရာကြီးပီကာဆို၏ အကျိုးဆောင်တစ်ဦးနှင့် ဆွေးနွေးခန်းတောင်ထုတ်လွှင့်နေပါသည်။ ပြပွဲတင်မည့်လက်ရာတွေပါ ပြနေပါသည်။

သေချာသွားပါပြီ။ ရာစုနှစ်တစ်ခုနီးပါး နေထိုင်သွားခဲ့ပြီး အနှစ်(၈၀)လုံးလုံး စုတ်တံကိုင်သွားခဲ့သော သက်တော်ရှည်ပန်းချီကျော်ကြီး ကွယ်လွန်သွားပါပြီ။ ဧပြီလ ၇ ရက်နေ့ညပိုင်းက ကျန်းကျန်းမာမာပင်ဖြစ်သည်။ ညပိုင်းတွင် သူ့မိတ်ဆွေအချို့ကို ညစာဖိတ်ကျွေးသွားသေးသည်။ သူ့နောက်ဆုံးညစာစားပွဲတွင် မိတ်ဆွေများ၏ ဖန်ခွက်ထဲသို့ အရက်များငှဲ့ထည့်ပေးပြီး "ကျွန်တော်အရက်ဖြတ်ထားတာ ခင်ဗျားတို့အသိပဲ။ ကျွန်တော့်ကျန်းမာရေးအတွက် ပျော်ပျော်ပါးပါးသောက်ကြပါ"ဟု ရယ်ရယ်မောမောပြောသွားခဲ့သေးသည်ဟု ဆိုပါသည်။

၁၉၇၃ ခုနှစ် ဧပြီလ ၉ ရက်နေ့ထုတ် ပြင်သစ်သတင်းစာမျက်နှာဖုံးများကား ပီကာဆိုကွယ်လွန်သည့်သတင်းက မျက်နှာပြည့်နေရာယူသွားပါသည်။ အတွင်းမျက်နှာပြည့်ဆောင်းပါးများရေးကြရုံနှင့် အားမရနိုင်သေးဘဲ "ပီကာဆိုဟူသောအဓိပ္ပာယ်" ဟူသောခေါင်းစဉ်ဖြင့် "ခေါင်းကြီး"ပင်ရေးကြပါသေးသည်။ ခေါင်းကြီးပိုင်းတစ်နေရာတွင် "ကမ္ဘာ့အနုပညာလောကအတွက် တစ်မိပေါက်တစ်ယောက်ထွန်းသောပါရမီရှင်ကြီး ပီကာဆို ကွယ်လွန်ရှာပြီ"ဟု ရေးသားဂုဏ်ပြုပါသည်။ လန်ဒန်မြို့ ဗြိတိသျှပန်းပုကျော်ကြီး ဟွန်ရီမူး(Henry Moore)ကလည်း(ထိုစဉ်က ထိုဆရာကြီးမကွယ်လွန်သေးပါ)"ပီကာဆိုသည် အီတာလျံပန်းချီကျော်ကြီး ရာဖေးလ်မရှိသည့်နောက် ဗီဇပါရမီအရင့်သန်ဆုံး အနုပညာရှင်ကြီးတစ်ဦးဖြစ်သည်"ဟု ပြောဆိုသည်။ လန်ဒန် "တိတ်"ဂလာရီ ညွှန်ကြားရေးမှူး "ဆာဂျွန်ရိုဘိန်စတိန်း"ကလည်း "ပီကာဆိုသည် ၂၀ ရာစု အနုပညာလောကတွင် နှိုင်းတုကင်းသော ပင်မှည့်ပါရမီရှင်ကြီးတစ်ဦးဖြစ်သည်"ဟု ချီးကျူးသည်။ စပိန်နိုင်ငံ "ပရာဒို"ပြတိုက်ညွှန်ကြားရေးမှူးကလည်း "၂၀ ရာစု ပန်းချီစနစ်ကိုတော်လှန်ပြောင်းလဲပစ်နိုင်သော ထူးမြတ်သည့်ပါရမီရှင် ပီကာဆို ဘဝနိဂုံးချုပ်ရှာပြီ"ဟု ဝမ်းနည်းသဝဏ်လွှာပါးပြီး "ပရာဒို"ပြတိုက်တွင် အလံနက်တစ်ဝက်လွှင့်ထူသည်။

စပိန်အစိုးရကလည်း ဝမ်းနည်းကြေကွဲကြောင်း တရားဝင်ထုတ်ပြန်၍ စပိန်ပညာရေးဝန်ကြီး "ဂျီလူဝီဗီလာမလာစီ"ကလည်း မြင့်မြတ်ထူးကဲသော သားချင်းပန်းချီကျော်ကြီး ကွယ်လွန်၍ တစ်ကမ္ဘာလုံးနည်းတူ ကြေကွဲဝမ်းနည်းကြောင်း ကြေညာသည်။ ယင်းကြေညာချက်သည် သာမန်ဝမ်းနည်းကြောင်းကြေညာချက်ဖြစ်ရုံမျှမက စပိန်အစိုးရ၏ ပထမဆုံးသောတရားဝင်ကြေညာချက်ဖြစ်သည်။ ယခင်ကပီကာဆိုရေးဆွဲသော စစ်၏အနိဋ္ဌာရုံကို သရုပ်ဖော်သည့် စစ်ဆန့်ကျင်ရေးပန်းချီကားကြီး "ဂါနီကာ"နှင့်ပတ်သက်၍ ပီကာဆိုအပေါ် စပိန်အစိုးရက အမြင်မကြည်ဖြစ်ခဲ့ဖူးသည်။

ပီကာဆိုသည် နှလုံးသွေးရပ်ရောဂါဖြင့်ကွယ်လွန်ချိန်တွင် ဇနီးသည် "ဂျကလင်း"(၄၆)နှစ်နှင့် သားကြီး "ပေါ်လို"(၅၂) နှစ်(ပထမဇနီး ရုရှားကချေသည် "အိုလ်ဂါ"နှင့်ရသူ)တို့နှစ်ဦးသာရှိခဲ့သည်။

ဧပြီလ ၉ ရက်နေ့ထုတ် သတင်းစာ၊ ဂျာနယ်မျိုးစုံ ကျွန်တော်ဝယ်ယူစုဆောင်းခဲ့သည်။ ပီကာဆိုစာအုပ်တစ်အုပ်ရေးသားမည်ဟုလည်း စိတ်ကူးခဲ့သည်။ ကျွန်တော့်စိတ်ကူးကို မြန်မာနိုင်ငံပြန်ရောက်ပြီး ၂၀၀၄ ခုနှစ်က အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ် ဩဂုတ်လကမှ ပီကာဆိုစာအုပ်ကြီးကို ပန်အောင်စာပေမှ ထုတ်ဝေပေးခဲ့ပါသည်။

ဆရာကြီးပီကာဆိုဘဝနှင့် သူ့လက်ရာ၊ သူ့ပန်းချီခေတ်ဖြတ်သန်းမှုများကို လေ့လာရေးသားရာတွင် ပီကာဆို၏ "ငြိမ်းချမ်းရေးချိုးငှက်ကဏ္ဍ"ကို ကျွန်တော်အထူးစိတ်ဝင်စားသည်။ သို့ပါ၍ ငြိမ်းချမ်းရေးချိုးငှက်ကိုမွေးဖွားသူ ပီကာဆိုနှင့် ပတ်သက်၍ ဖောက်သည်ချလိုပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးသင်္ကေတအဖြစ် ကျော်ကြားသောပီကာဆို၏ ငြိမ်းချမ်းရေးချိုးငှက် ဖြစ်ပေါ်လာပုံမှာ ဤသို့ဖြစ်ပါသည်။ ၁၉၄၈ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့က "ပေါလ်ဝေယာ"နှင့်အင်တာဗျူးတွင် ဖြေကြားခဲ့ရာ၌ ပီကာဆိုသည် ကွန်မြူနစ်ဝါဒကိုသက်ဝင်ယုံကြည်ခဲ့ကြောင်း သူ့သူငယ်ချင်းများဖြစ်ကြသည့် အေလူဝါ(Eluard)၊ အရာဂွန်(Aragon)၊ ကာဆူ(Cassou) ကဲ့သို့သော ကွန်မြူနစ်ဝါဒနှစ်သက်သူများနှင့်အတူ ကွန်မြူနစ်ပါတီသို့ဝင်ခဲ့ကြောင်း ပြောပြသည်။



၁၉၄၈ ခုနှစ်ဝန်းကျင်

ထိုအချိန်က ကွန်မြူနစ်ပါတီဝင် ပန်းချီဆရာကြီး ပီကာဆိုသည် ကြွေထည်အနုပညာများနှင့် အလုပ်ရှုပ်နေချိန် ပိုလန်နိုင်ငံတွင်ကျင်းပမည့် ငြိမ်းချမ်းရေးကွန်ဂရက်သို့ ပါဝင်တက်ရောက်ရန် ကမ်းလှမ်းလာသည်။ ဆန္ဒရှိသော်လည်း ပီကာဆိုတွင် နိုင်ငံကူးလက်မှတ်ရရန် အခက်အခဲဖြစ်နေသည်။ စပိန်နိုင်ငံမှ ထွက်လာပြီး ပြင်သစ်နိုင်ငံတွင်နေထိုင်ရန် နေထိုင်ခွင့်လက်မှတ်သာရှိသည်။ နိုင်ငံကူးလက်မှတ်မရှိ။ ဤအခက်အခဲကို ပိုလန်သံရုံးကဖြေရှင်းလိုက်သည်။ ပါရီမှ ဝါဆောသို့တိုက်ရိုက်ပျံသန်းမည့်လေယာဉ်နှင့် တင်ပေးလိုက်ခြင်းဖြစ်သည်။ ၁၉၄၈ ခုနှစ် ဩဂုတ်လလယ်လောက်က သူ့မိတ်ဆွေ အေလူဝါနှင့် အတူသွားခဲ့ခြင်းဖြစ်ပြီး ပီကာဆိုဘဝတွင် ပထမဆုံးလေယာဉ်စီးဖူးခြင်းဖြစ်၍ "လေယာဉ်စီးရတာကြောက်စရာကောင်းလိုက်တာ"ဟု ပြောခဲ့သည်ဟုဆိုသည်။

ဒုတိယအကြိမ် ငြိမ်းချမ်းရေးညီလာခံကွန်ဂရက်ကို ၁၉၄၉ ခုနှစ်။ ထိုနှစ်ဆောင်းဦးပေါက်က ပါရီတွင်ကျင်းပရန်စီစဉ်ကြပြန်သည်။ စီစဉ်သူမှာ ပြင်သစ်ကွန်မြူနစ်ခေါင်းဆောင် "လူဝီအာရဂွန်"ပင်ဖြစ်သည်။ လူဝီက ပီကာဆိုကို ထိုငြိမ်းချမ်းရေးကွန်ဂရက်အတွက် ပိုစတာတစ်ခုရေးဆွဲပေးရန် အလုပ်အပ်နှံလေသည်။ ပီကာဆိုက အလုပ်လက်ခံခဲ့သော်လည်း ကတိပေးထားသည့်ရက်အထိ ဘာဆွဲရမှန်းမသိသေး၊ အကြောင်းအရာရှာနေဆဲပင်ရှိသေးသည်။ လူဝီသည် သူအပ်နှံထားသော ပိုစတာပြီးမပြီးသိလို၍ ပီကာဆို၏စတူဒီယိုသို့ လာရောက်မေးမြန်းသည်။ ပီကာဆိုဘာမှမလုပ်ရသေးကြောင်းတွေ့ရပြီး သိပြီးနောက် ချက်ချင်းမပြန်သေးဘဲ စတူဒီယိုအတွင်းက ပီကာဆို၏ ပန်းချီကားများကို ကြည့်ရှုလေ့လာသည်။ ပီကာဆို၏လုပ်လက်စ ပုံနှိပ်ပန်းချီများကို တွေ့ရပြီး ထိုလက်ရာများထဲမှ ချိုးငှက်ပုံတစ်ပုံကို သဘောကျသွားသည်။ ထိုချိုးငှက်ပုံမှာ ပီကာဆို၏ ရင်းနှီးသောမိတ်ဆွေပန်းချီကျော်ကြီး မာတိစ်က မကြာသေးမီက လက်ဆောင်ပေးထားသော ငှက်ပုံကိုကြည့်၍ဆွဲထားသောပုံဖြစ်နေလေသည်။ လူဝီအာရဂွန်သည် ထိုချိုးငှက်ပုံပိုစတာကိုပင် ငြိမ်းချမ်းရေးကွန်ဂရက်ပိုစတာအဖြစ်အသုံးပြုရန်ဆုံးဖြတ်ပြီး ယူသွားသည်။ နေ့လယ်ပိုင်းက လူဝီယူသွားသော ချိုးငှက်ပုံသည် ညနေ ၅ နာရီလောက်တွင် ပါရီတစ်မြို့လုံးအနှံ့ ငြိမ်းချမ်းရေးကွန်ဂရက်ပိုစတာအဖြစ် ကြော်ငြာပြီးသား ဖြစ်သွားလေသည်။ ထိုအချိန်မှစ၍ ပန်းချီကျော်ကြီးပီကာဆို၏ ချိုးငှက်ပိုစတာသည် ကမ္ဘာကျော်သွားရုံမျှမက ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေးသင်္ကေတအဖြစ် အသိအမှတ်ပြုခြင်းခံရပါသည်။

ပါရီမြို့တွင် ဒုတိယအကြိမ်ငြိမ်းချမ်းရေးကွန်ဂရက်ကျင်းပသည့်နေ့က ပီကာဆို၏ဇနီး ပန်းချီဆရာမ "ဖရွန်ဆွာဂျီလို"သည် ပီကာဆိုအတွက် စတုတ္ထမြောက်သမီးလေးမွေးဖွားကြောင်း တယ်လီဖုန်းလာသည်။ ထိုအခါ ဆရာကြီးပီကာဆိုသည် တိုက်တိုက်ဆိုင်ဆိုင် ငြိမ်းချမ်းရေးကွန်ဂရက်ကျင်းပနေသည့်ရက်တွင် မွေးဖွားသော သူ့သမီးလေးကို ကောက်ကာငင်ကာ "ပါလိုမာ"ဟု အမည်ပေးလိုက်ပါဟု လှမ်းပြောလိုက်သည်။ စပိန်ဘာသာဖြင့် "ပါလိုမာ"၏ အဓိပ္ပာယ်မှာ "ချိုးငှက်"ဖြစ်လေသည်။

သစ်တောများ ထာဝစဉ်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံတွင် သစ်တောဌာနကို ၁၈၅၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး သစ်တောများ ရေရှည်တည်တံ့၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးတို့ကို အဓိကလုပ်ငန်းတာဝန်များအဖြစ် ဆောင်ရွက်လျက်ရှိသည့်အပြင် အခါအားလျော်စွာ ပေါ်ပေါက်လာသည့် လုပ်ငန်းတာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်ခဲ့သည့် သမိုင်းအစဉ်အလာ ကောင်းမွန်ခဲ့သော ဌာနတစ်ခုဖြစ်ပါသည်။

စတင်ဖွဲ့စည်းချိန်ကာလတွင် သစ်တောဌာနအမည်ဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခဲ့သော်လည်း ခေတ်ကာလပြောင်းလဲလာခဲ့ပြီး ယခုအချိန်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် သစ်တောဦးစီးဌာနအမည်ဖြင့် နိုင်ငံတော်၏ လုပ်ငန်းတာဝန်များကို အခြားဆက်စပ်ဌာနများနှင့်သော်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ဆက်သွယ်လျက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကို စည်းရုံးရယူ၍ လုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရန်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေးအတွက် ရေရှည်တည်တံ့စေသောနည်းလမ်းများဖြင့် နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ဟန်ချက်ညီညီ သဟဇာတရှိရှိဖြစ်စေရန် အနာဂတ်မျှော်မှန်းချက်ထားရှိ၍ လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများ ထာဝစဉ်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၁၉၉၅ ခုနှစ်တွင် သစ်တောမူဝါဒချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသား သစ်တောကဏ္ဍ နှစ်(၃၀)ပင်မစီမံကိန်းတွင် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ ဘေးမဲ့တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းထိ ဖွဲ့စည်းနိုင်ရေး ရည်မှန်းထားရှိဆောင်ရွက်နေပါသည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ အဆင့်မြင့်နည်းပညာများ၊ ခေတ်မီကိရိယာများကို အသုံးပြုလျက် မှန်ကန်မြန်ဆန်သည့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကလိုအပ်ချက်ဖြစ်ပါ၍ ဝန်ထမ်းများအား ဌာနတွင်းသင်တန်းများပို့ချခြင်း၊ တက္ကသိုလ်/သင်တန်းကျောင်းများဖွင့်လှစ်၍ သင်ကြားစေခြင်း၊ နိုင်ငံခြားပညာသင်များစေလွှတ်ခြင်း၊ နည်းပညာများ ဖြန့်ဝေခြင်းနှင့် အသိပညာများဖလှယ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများက စွမ်းဆောင်ရည်မြင့်မားစွာဖြင့် လုပ်ငန်းတာဝန်များကို မှန်ကန်မြန်ဆန်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုရရှိရေးသည် မဖြစ်မနေလိုအပ်လျက်ရှိသဖြင့် စီမံကိန်းလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူတို့အား အသိပညာပေးခြင်း၊ စည်းရုံးခြင်း၊ နည်းပညာများဖြန့်ဝေခြင်း၊ သင်တန်းများ ပို့ချခြင်း၊ ဟောပြောပွဲများကျင်းပဆောင်ရွက်ခြင်းများအပြင် ပြည်သူတို့၏ စားဝတ်နေရေးလိုအပ်ချက်များကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတွင်းမှ အကူအညီပေးခြင်းဖြင့် စီမံကိန်းလုပ်ငန်းများ ထိရောက်အောင်မြင်စေရေး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ယခင်က သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်များကို ဌာနအနေဖြင့်သာ ဆောင်ရွက်ခဲ့သော်လည်း ပုဂ္ဂလိကအခန်းကဏ္ဍသည် အရေးပါလှသဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် Pravate Public Partnership(PPP) နည်းလမ်းဖြင့် စိုက်ပျိုးတည်ထောင်စေခြင်း၊ ဒေသခံပြည်သူများအား သစ်တောထွက်ပစ္စည်းလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောများပြန်လည်တည်ထောင်ရန် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူများအဖွဲ့ ဖွဲ့စည်းစေလျက် သဘာဝတောများ ထိန်းသိမ်းစေခြင်း၊ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းတို့ကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လကုန်အထိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်မှု ၄၀၀၈၃၁ ဧကဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ ပုဂ္ဂလိကစိုက်ခင်းများတည်ထောင်မှုတွင် ကျွန်း ၁၃၉၆၇၈ ဧက၊ သစ်မာ ၉၂၇၅၁ ဧက၊ ရော်ဘာ ၁၇၄၄၈၇ ဧက စုစုပေါင်း ၄၀၆၉၁၆ ဧက စိုက်ပျိုးတည်ထောင်ပြီးဖြစ်ပါသည်။



ယနေ့အချိန်တွင် လူဦးရေတိုးတက်များပြားလာပြီး အဆင့်မြင့် ခေတ်မီနည်းပညာများ ထွန်းကားလာခြင်းနှင့်အတူ လူသားတို့၏ လိုအပ်ချက်များဖြည့်ဆည်းနိုင်ရေးအတွက် သဘာဝသယံဇာတများအား ပေးစွမ်းနိုင်သည်ထက်ပိုမို၍ မဆင်မခြင်ထုတ်ယူအသုံးပြုခြင်း၊ သစ်တောများကို ခုတ်ထွင်၍ စိုက်ပျိုးမြေနှင့် မွေးမြူရေးလုပ်ငန်းများတိုးချဲ့ခြင်း၊ စီမံကိန်းလုပ်ငန်းများနှင့် မြို့ပြများတည်ထောင်ခြင်း၊ တရားမဝင်သစ်ခိုးထုတ် ကုန်သွယ်ခြင်း အစရှိသည့် ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် သဘာဝသယံဇာတများ ပြုန်းတီး၍ သဘာဝဂေဟစနစ်များ ပျက်စီးကာ နောက်ဆက်တွဲ ဆိုးကျိုးများအဖြစ် ရာသီဥတုပြောင်းလဲမှုများနှင့် သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာခဲ့ပြီး လူသားများအနေဖြင့် ကောင်းမွန်စွာ ဆက်လက်အသက်ရှင် ရပ်တည်ရေးအတွက် ကြီးစွာသောအဟန့်အတားတစ်ခုအဖြစ် ဖြစ်ပေါ်လျက်ရှိပါသည်။

အဆိုပါဆိုးကျိုးများ၏ အဓိကအကြောင်းအရင်းများမှာ သစ်တောပြုန်းတီးမှုအပါအဝင် အရင်းအမြစ်အမျိုးမျိုး၊ လုပ်ငန်းနယ်ပယ်အမျိုးမျိုးက ထုတ်လွှတ်လိုက်သည့် ဖန်လုံအိမ်ဓာတ်ငွေ့များ ကမ္ဘာ့လေထုအတွင်း တစ်နေ့တခြား များပြားလာခြင်းကြောင့်ဖြစ်ပြီး ယနေ့အချိန်တွင် သစ်တောများမှ အထောက်အပံ့ပြုသည့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ၊ သစ်တောများ၏ အစစ်အမှန် တန်ဖိုးများကို လူသားများက အသိအမှတ်ပြုအလေးထားလာကြပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။

လူသားတို့၏ စားဝတ်နေရေးအတွက် သစ်တောသယံဇာတများအား ထုတ်ယူသုံးစွဲခြင်းနှင့်အတူ သစ်တောသယံဇာတများထာဝစဉ်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ဟန်ချက်ညီအောင် ဆောင်ရွက်နိုင်မှသာ ဂေဟစနစ်များ ရေရှည်တည်တံ့ကောင်းမွန်စေနိုင်မည်ဖြစ်သဖြင့် သစ်တောဦးစီးဌာန၏ လုပ်ငန်းတာဝန်များသည် လူသားတို့အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့ပါသည်။ သဘာဝဂေဟစနစ်များ ရေရှည်တည်တံ့စေရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို ပိုမိုထောက်ပံ့ပေးနိုင်ရန် သမားရိုးကျ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် လုံလောက်မှုမရှိနိုင်ပါသဖြင့် သစ်တောဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး(၁၀)နှစ်စီမံကိန်းကို ရေးဆွဲ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ စတင်အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီများ ရယူဆောင်ရွက်လျက်ရှိပါသည်။

တစ်ဖက်မှလည်း တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ထုတ်ယူမှုလျော့နည်းပပျောက်စေရေးအတွက် ပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ သစ်တောနယ်မြေများနှင့် တရားမဝင်သစ်သယ်ယူရာ လမ်းကြောင်းများတွင် ကင်းလှည့်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးဖမ်းဆီးခြင်း၊ ဒေသခံများထံမှ သတင်းရယူ၍ ဖမ်းဆီးဆောင်ရွက်ခြင်း၊ အထူးသဖြင့်နယ်စပ်ဒေသများတွင် တရားမဝင်သစ်ထုတ်ယူခြင်းနှင့် ကုန်သွယ်ခြင်းများအား ပပျောက်စေရေးအတွက် ဌာနဝန်ထမ်းများသာမက ဆက်စပ်ဌာနအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်း၍ ဖမ်းဆီးဖော်ထုတ်ဆောင်ရွက်လျက်ရှိပြီး ပြစ်မှုကျူးလွန်သူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ကြိုးပမ်းလျက်ရှိရာတွင် ဝန်ထမ်းများသည် တရားမဝင်သစ်ကုန်သွယ်သူများ၏ ရန်ပြုတိုက်ခိုက်ခြင်း၊ ခုခံခြင်း၊ အသက်အန္တရာယ်ပြုခြင်းများကို မကြာခဏကြုံတွေ့လျက်ရှိသော်လည်း ကျရာတာဝန်များအား သစ်တောဝန်ထမ်းများသည် ဖွဲ့သတ္တိရှိစွာဖြင့် ညီညွတ်စွာ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း၏ မျှော်မှန်းရလဒ်များ

၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇ ထိ

စဉ်	လုပ်ငန်းအမျိုးအမည်	ဧရိယာ	မှတ်ချက်
၁။	နိုင်ငံပိုင်သစ်တောစိုက်ခင်း တည်ထောင်ခြင်း	၃၅၂၄၃၈ ဧက	
၂။	ပုဂ္ဂလိသစ်တာစိုက်ခင်း တည်ထောင်ခြင်း	၂၈၅၁၀၄ ဧက	
၃။	သဘာဝတောများတွင် ဓမ္မတာမျိုးဆက်ခြင်း	၈၁၈၅၃၈ ဧက	
၄။	အပူပိုင်းဒေသရှိ သဘာဝတောထိန်းသိမ်းကာကွယ်ခြင်း	၅၀၀၀၀၀ ဧက	
၅။	ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း	၇၇၀၃၃၂ ဧက	
၆။	သစ်တောနယ်မြေတိုးချဲ့ဖွဲ့စည်းခြင်း	၁၆၁၆၀ စတုရန်းမိုင်	နိုင်ငံဧရိယာ၏ ၆. ၁၉%
၇။	သစ်တောစိုက်ခင်းမူဝါဒ ချမှတ်ပြဋ္ဌာန်းခြင်း		

တိုင်းဒေသကြီး/ပြည်နယ်သစ်တောဦးစီးဌာနများအလိုက် တရားမဝင်သစ်ခိုးထုတ်သယ်ယူခြင်းနှင့် ရောင်းဝယ်ဖောက်ကားမှုများကို ဒေသခံများနှင့် ပြည်သူလူထုဗဟိုပြုသည့် သတင်းပေးပို့မှု (Community Monitoring and Reporting System-CMRS) စနစ်များကျင့်သုံး၍ သတင်းရယူခြင်းဖြင့် ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတော်မှ ပေးအပ်သည့်တာဝန်များအား အထက်အဆင့်ဆင့် တာဝန်ရှိသူများက စနစ်တကျကြီးကြပ်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများကလည်း စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းတာဝန်များအား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်းများ ထွက်ပေါ်ရရှိမှုများအတွက် အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၅ ခုနှစ်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအား နိုင်ငံတော်၏ တန်ဖိုးကြီးမားသော ဘဏ္ဍာဖြစ်သည့် သစ်တောသယံဇာတများ မဆုံးရှုံးစေရန် တားဆီးကြိုးပမ်းဆောင်ရွက်ခဲ့သည့် နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်ဆုကို ပေးအပ်ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

သစ်တောဦးစီးဌာနတွင် လက်ရှိ(အရာထမ်းနှင့် အမှုထမ်း) ဝန်ထမ်းအင်အား ၇၉၈၈ ဦးဖြင့် ဌာန၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းများအလိုက် တာဝန်ယူဆောင်ရွက်ရမှုနှင့် ဝန်ထမ်းအင်အားမှာ လုံလောက်မှုမရှိသော်လည်း လုပ်ငန်းတာဝန်များအား အထက်အဆင့်ဆင့်၏ လမ်းညွှန်မှုကိုခံယူ၍ တာဝန်သိမှု၊ တာဝန်ယူမှုများဖြင့် အစဉ်အလာကောင်းမွန်ခဲ့သည့် သစ်တောဌာန၏ ဂုဏ်ရှိန်အား မြှင့်တင်နိုင်ရေးအတွက် ဝန်ထမ်းအားလုံးမှ မိမိဌာန၏ လုပ်ငန်းတာဝန်များအပြင် အခါအားလျော်စွာ ပေါ်ပေါက်လာသည့် နိုင်ငံတော်၏ တာဝန်များကိုပါ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။

မေတ္တာတရား ခေါင်းပါးလာကြပြီလား

မောင်သောင်းဝင်း(တမန်ဟောင်း)

ပွင့်လင်းမြင်သာလာသောခေတ်ကြီးတွင် သတင်းစီးဆင်းမှုသည် မြန်ဆန်လွန်းလှသည်။ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရက်ကွက်၌ ကားလမ်းဘေးတွင် ပစ်ခံထားရသည့် လူတစ်ဦးအကြောင်းကို စက်တင်ဘာ ၂၁ ရက်တွင် လူမှုကွန်ရက်စာမျက်နှာ၌ ဓာတ်ပုံများနှင့်တကွ ဖတ်လိုက်ရသည်။ လေဖြတ်ဝေဒနာခံစားနေရသော လူနာတစ်ဦးဖြစ်သည်။ သားသမီးများက လာရောက်ပစ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။ ပရဟိတအဖွဲ့တစ်ဖွဲ့က ဆေးရုံသို့ပို့လိုက်ရသည်ဟု ဖော်ပြထားသည်။ ထိုသတင်းကိုဖတ်ပြီး များစွာစိတ်မကောင်းဖြစ်ရသည်။ သားသမီးများသည် ကျေးဇူးရှင် ဖခင်တစ်ဦးကိုပင် လမ်းဘေးသို့ပစ်ထားရစ်ခဲ့ကြသည်။ ရက်စက်လွန်းလှသည်။ မေတ္တာမဲ့လွန်းလှပါသည်။

မေတ္တာခေါင်းပါးလာ

မျက်မှောက်ခေတ်လူသားတို့သည် မေတ္တာတရားခေါင်းပါးလာသည်မှာ ငြင်းဆို၍မရပေ။ လုပ်ငန်းခွင်တွင် တစ်ဦးနှင့်တစ်ဦး ဝေဖန်တိုက်ခိုက် အပြစ်ဖို့နေကြသည်မှာ မမြင်ချင်အဆုံးပင်ဖြစ်သည်။ မိမိနေရာရရှိရေးအတွက် အခြားသူကိုနင်း၍တက်လေ့ရှိကြသည်။ လုပ်ဖော်ကိုင်ဖက်၏အောင်မြင်မှုကို မုဒိတာမပွားနိုင်ကြပေ။ မေးငေါ့ကြသည်။ မွေးချင်းညီအစ်ကို မောင်နှမအရင်းများအကြား၌ပင်လျှင် မေတ္တာခေါင်းပါးလာကြသည်။ ပို၍ဆိုးသည်မှာ ကျေးဇူးရှင်မိဘများကိုပင် မကြည်ဖြူနိုင်ကြတော့ပေ။ လမ်းဘေးသို့ပစ်ထားသည့်အခြေအနေအထိ ရောက်ရှိလာပြီဖြစ်သည်။ ကြောက်မက်ဖွယ်ရာကောင်းလှပါသည်။ မိဘများကို အလုပ်အကျွေးမပြုနိုင်လျှင် သက်ကြီးဘိုးဘွားများစောင့်ရှောက်သည့် ဂေဟာများနှင့် ပရဟိတအဖွဲ့အစည်းများသို့ အကူအညီတောင်းလျှင် ရကောင်းရနိုင်ပါသည်။

ရခဲလှသောလူ့ဘဝ

၃၁ ဘုံတွင် လူ့ဘုံသည်သာအမြတ်ဆုံးဖြစ်သည်ကို မြတ်စွာဘုရားက ဒေသနာတော်များစွာတွင် အကြိမ်ကြိမ်ဟောကြားထားခဲ့ပါသည်။ သုံးလောကထွတ်ထား မြတ်စွာဘုရားအဖြစ်ကို လူ့ဘုံ၌သာ ဖြစ်ခွင့်ရရှိပါသည်။ သုဂတိဘုံများဖြစ်ကြသည့် နတ်ပြည်ခြောက်ထပ်နှင့် ပြဟ္မာ့ဘုံ ၂၀ ၌ပင်လျှင် ဘုရားဖြစ်အောင် ကြိုးစားနိုင်ခွင့်မရှိပေ။ အပယ်လေးဘုံဆိုလျှင် ပြောစရာပင်မရှိချေ။ ကျွန်ုပ်တို့ သည် ကျေးဇူးရှင်မိဘများ၏ ကြီးမားသော မေတ္တာတရားများကြောင့်သာ ထိုသို့ မြင့်မြတ်လှသောလူအဖြစ် အသက်ရှင်ခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာပေါ်တွင် လူဖြစ်ခွင့်မရရှိခဲ့သော သန္ဓေလောင်းများ များစွာရှိနေပါသည်။

မိဘကျေးဇူးသိစေချင်

ထို့ကြောင့် သားသမီးများသည် မိဘများကို တတ်နိုင်သမျှ အလုပ်အကျွေးပြုခြင်းဖြင့် ကျေးဇူးဆပ်နိုင်ပါသည်။ လူ့ဘဝတွင် မိဘကျေးဇူးသိတတ်သူများသည်သာလျှင် စိတ်ချမ်းမြေ့မှုရရှိကြပါသည်။ တချို့သောသူများသည် အောင်မြင်ကြီးပွားနေကြသော်လည်း မိဘကျေးဇူးကိုမသိခဲ့ကြသဖြင့် ဆပ်ခွင့်မရခဲ့ကြပေ။ ထိုသူများသည် အောင်မြင်မှုများပိုင်ဆိုင်ထားသော်လည်း စိတ်ချမ်းမြေ့မှု အပြည့်အဝမရရှိကြပေ။

မြန်မာလူမျိုးတို့၏ မျှော်မှန်းနိုင်သည့် သက်တမ်းသည် ပျမ်းမျှ (၆၆) နှစ်သာရှိသည်။ အသက် (၇၀)ကျော် (၈၀) အထိ နေရသည့် အရေအတွက်သည် တဖြည်းဖြည်းနည်းပါးလာပြီဖြစ်သည်။ အဆွေ စာရှုသူသည် အသက်(၄၀)ကျော်အရွယ်ရောက်နေပြီဆိုလျှင် မိဘများသည် အသက် (၆၀) ကျော်နေလောက်ပြီဖြစ်သည်။ ထို့ကြောင့် သားသမီးများအနေဖြင့် မိဘများကို ကျေးဇူးပြုဖို့ရန် အချိန်သိပ်မရနိုင်တော့ပေ။ ထိုသို့ တိုတောင်းသော အချိန်ကာလအတွင်း ကျေးဇူးပြုခွင့် အခွင့်အလမ်းကိုလက်မလွတ်အောင် တတ်နိုင်သမျှ ကျေးဇူးပြုသွားသင့်ပါသည်။

စိတ်စေတနာသည်လျှင် ပဓာနကျ

တချို့သော သားသမီးများသည် မိဘများကို ကျေးဇူးပြုလိုစိတ်ရှိသော်လည်း ငွေကြေးအဆင်မပြေသဖြင့် အပြည့်အဝပေးဆပ်နိုင်စွမ်းမရှိပေ။ အဆင်ပြေသောအချိန်တွင် မိဘနှစ်ပါးသည် ကွယ်လွန်သွားကြပြီဖြစ်သည်။ ထို့ကြောင့် ငယ်စဉ်ကတည်းက တတ်နိုင်သမျှ ကျေးဇူးဆပ်သွားသင့်ပါသည်။ သာဓကအနေဖြင့် အားဆေးတစ်ခွက်၊ ဟင်းတစ်ခွက်၊ မုန့်တစ်ထုပ်ဖြင့် ကန်တော့ခြင်းသည်လည်း ကျေးဇူးဆပ်ခြင်းပင်ဖြစ်သည်။ ထိုသို့ ငွေကြေးမတတ်နိုင်လျှင်လည်း မိဘများ၏ အဝတ်အထည်များကို လျှော်ဖွပ် မီးပူတိုက်ပေးခြင်းဖြင့် ကျေးဇူးဆပ်နိုင်ပါသည်။ မိဘများအား ကျန်းမာပါစေကြောင်း ဖုန်းဆက်၍ ဆုတောင်းမေတ္တာပို့ပေးခြင်းသည်လည်း ကျေးဇူးဆပ်ခြင်းပင်ဖြစ်သည်။ မိဘအပေါ် သိတတ်သည့် ဖြူစင်သော စိတ်စေတနာသည်သာလျှင် အရင်းခံမည်ထင်ပါသည်။

သားသမီးတိုင်းသည် မိဘများကို အနီးကပ်ပြုစုစောင့်ရှောက်၍ ကျေးဇူးဆပ်ခွင့်ရရှိနိုင်မည် မဟုတ်ချေ။ အနီးကပ်စောင့်ရှောက်ခွင့်ရရှိသည့် သားသမီးများသည် ကံထူးသူများဖြစ်ကြသည်။ သို့သော် အနီးကပ်စောင့်ရှောက်ခွင့်မရရှိသူများသည်လည်း စိတ်ဓာတ်ကျနေရန်မလိုပေ။ အဝေးမှနေ၍ တတ်နိုင်သမျှ ထောက်ပံ့ပေးခြင်းဖြင့် ကျေးဇူးဆပ်သွားနိုင်ပါသည်။ မိဘနှစ်ပါး ကွယ်လွန်သွားသူများသည် မိဘများကိုရည်စူး၍ အလှူဒါန ပြုလုပ်ခြင်း၊ ကောင်းမှုကုသိုလ်များကို အမျှအတန်းပေးဝေခြင်းဖြင့် မိဘကျေးဇူးကို ဆပ်နိုင်ပါသည်။ လက်တွေ့အကျိုးရှိပါသည်။ ဆိုလိုသည်မှာ ဒါနအကျိုးကို မိမိကိုယ်တိုင်လည်း ခံစားရသောကြောင့်ပင်ဖြစ်သည်။

ကျေးဇူးမသိတတ်သူများ

သားသမီးတိုင်းသည် မိဘကျေးဇူးကို ပြန်လည်တုံ့ပြန်လေ့မရှိပေ။ ကျေးဇူးဆပ်ဖို့ရန်လည်း သတိပင်မရတတ်ကြပေ။ တချို့သော သားသမီးများသည် မိဘများမသေမီကပင် ပိုင်ဆိုင်မှုကိုခွဲဝေပေးဖို့ရန် အမွေတောင်းလေ့ရှိကြသည်။ တချို့သော သားသမီးများသည် ရပိုင်ခွင့်ကိုမျှော်လင့်လျက် မိဘများကို အတင်းအကျပ်ခေါ်ထားကြသည်။ အမွေဆိုသည်မှာ ထိုက်တန်မှသာရရှိမည်ဖြစ်သည်။ မိဘများက မိမိတို့အား လူဖြစ်ခွင့်ပေးရုံမျှဖြင့်ပင် ကျေးဇူးကြီးမားလွန်းနေပြီဖြစ်သည်။ သားသမီးများသည် မိဘများ၏ ကြီးမားသော မေတ္တာကြောင့်သာ လူဖြစ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ထိုမွေးကျေးဇူး၊ ကျွေးကျေးဇူးကို ပြန်လည်မပေးဆပ်နိုင်သည့်တိုင်အောင် ကျေးဇူးတော့မကန်းသင့်ပေ။ ကျေးဇူးကန်းသူများသည် ကျရှုံးမှုနှင့်သာ ရင်ဆိုင်ကြရမည်ဖြစ်သည်။

ကျေးဇူးကိုမေ့လျော့နေကြသူများ

တချို့သော သားသမီးများသည် မိဘများ၏ကျေးဇူးတရားများကြောင့်သာ ပညာတတ်ကြီးများ ဖြစ်လာရသည်။ ရာထူး၊ ရာခံကြီးမားပြီး အခြွေအရံများဖြင့် ပြည့်စုံနေကြသည်။ ခနဥစ္စာပေါကြွယ်ဝနေကြသည်။ ထိုသူများသည် ရာထူး၊ အခြွေအရံနှင့် ငွေကြေးတို့အပေါ် သာယာနေပြီး မိဘများကို မေ့လျော့နေတတ်ကြသည်။ ကျေးဇူးပြန်ဆပ်ဖို့ရန် သတိပြန်လည်ရရှိသည့်အချိန်တွင် မိဘများသည် ကွယ်လွန်သွားကြပြီဖြစ်သည်။ ငွေကြေးပြည့်စုံသော်လည်း မိဘကျေးဇူးဆပ်ခွင့်မရလိုက်ကြပေ။ ကြီးမားသောအခွင့်အလမ်းကို လက်လွှတ်ဆုံးရှုံးလိုက်ရခြင်းဖြစ်သည်။ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။

အချိန်မီသုံးသပ်ရန်လို

ကျွန်ုပ်တို့သည် မိဘများ၏ ကျေးဇူးတရားကြောင့်သာ တန်ဖိုးမဖြတ်နိုင်သော လူ့ဘဝကိုရရှိလာကြခြင်းဖြစ်သည်။ လူ့ဘဝသည် တိုတောင်းလွန်းလှသည်။ ထိုသို့ တိုတောင်းလွန်းလှသောလူ့ဘဝတွင် အမြတ်မရသည့်တိုင်အောင် အရှုံးမပေါ်အောင်ပြုမူကျင့်ကြံနေထိုင်သွားရန် လိုအပ်မည်ထင်ပါသည်။ အထူးသဖြင့် လူပီသအောင် နေထိုင်သွားဖို့လိုမည်ထင်ပါသည်။ တခြားသူအပေါ် အနိုင်ကျင့်၊ ကောက်ကျစ် ယုတ်မာသူများသည် အရှုံးနှင့်သာ ပြန်သွားကြရမည်ဖြစ်သည်။ ကိုယ်ချင်းစာတရားကိုစွဲကိုင်ထားသူများသည် အမြတ်ရသွားကြမည်ဖြစ်သည်။

အထူးသဖြင့် သားသမီးများသည် ကိုယ်တိုင်မိဘနေရာမရောက်မီကတည်းကပင် မိဘကျေးဇူးကို သိတတ်ဖို့လိုမည်ထင်ပါသည်။ မိဘကျေးဇူးကို သားသမီးရရှိတော့မှသာ သိတတ်သူများသည် အဇာတသတ်မင်းသားကဲ့သို့ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်များနှင့် ကြုံတွေ့ကြရမည်ဖြစ်သည်။ ထိုဖြစ်ရပ်မျိုးကို ရှောင်ရှားနိုင်ရန်သည် မိဘကျေးဇူးကို တတ်နိုင်သမျှ ဆပ်သွားသင့်ပါသည်။ ကျေးဇူးဆပ်ဖို့ရန်အတွက် အချိန်မီသုံးသပ်သွားဖို့ရန်လည်း လိုအပ်ပါသည်။

ခြုံ၍တင်ပြရလျှင် ကျွန်ုပ်တို့အားလုံးသည် မိဘများ၏ကျေးဇူးတရားများကြောင့်သာ တန်ဖိုးမဖြတ်နိုင်သော လူ့ဘဝကိုရရှိလာခဲ့ခြင်းဖြစ်သည်။ ထိုသို့ရရှိလာသော လူ့ဘဝတွင် လူပီသအောင်နေထိုင်သွားနိုင်ရေးသည် အခြေခံအကျဆုံးသော လိုအပ်ချက်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများလုပ်ကိုင်ရာတွင် ကိုယ်ချင်းစာတရားလက်ကိုင်ထားရန် လိုအပ်ပါသည်။ သို့မှသာလျှင် အခြားသူကို တွန်းတိုက်နင်းချေပြီး အခွင့်အလမ်းရယူသည့်အပြုအမူများကို ရှောင်ကြဉ်နိုင်မည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး မေတ္တာအပြန်အလှန်ထားရှိနိုင်အောင် ကျင့်ကြံပြုမူသင့်ပါသည်။ သားသမီးများသည် မိဘများကို အလုပ်အကျွေးမပြုနိုင်သည့်တိုင်အောင် လမ်းဘေးကို ပစ်ထားသည့်လုပ်ရပ်မျိုးကိုမူ မလုပ်သင့်ကြပေ။ သက်ကြီးဘိုးဘွားစောင့်ရှောက်ရေးဂေဟာများနှင့် ပရဟိတအဖွဲ့အစည်းများသို့ အကူအညီတောင်းသင့်ပါသည်။ မည်သို့ပင်ဆိုစေကာမူ သားသမီးများသည် မိဘများကို အလုပ်အကျွေးမပြုနိုင်သည့်တိုင်အောင် လမ်းဘေးတွင်ပစ်ထားသည်အထိ မေတ္တာမခေါင်းပါးသင့်ပါကြောင်း အကြံပြုတိုက်တွန်းရေးသားပါရစေ။

အပြည်ပြည်ဆိုင်ရာ နျူကလီးယားလက်နက် အပြီးတိုင်ဖျက်သိမ်းရေးနေ့

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၆ ရက်သည် အပြည်ပြည်ဆိုင်ရာ နျူကလီးယားလက်နက် အပြီးတိုင်ဖျက်သိမ်းရေးနေ့ (International Day for Total Elimination of Nuclear Weapons) ဖြစ်လေသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်သတ်မှတ်၍ ၂၀၁၄ ခုနှစ်၌ ပထမဦးဆုံးအကြိမ် စတင်ကျင်းပခဲ့ပါသည်။

ရည်ရွယ်ချက်

နျူကလီးယားလက်နက်များ၏ အန္တရာယ်သည် လွန်စွာကြီးမားလှသဖြင့် နျူကလီးယားလက်နက်များနှင့် စပ်လျဉ်း၍ နည်းပညာဖွံ့ဖြိုးတိုးတက်အောင်လုပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ကုန်ကြမ်းရယူစုဆောင်းသိုမှီးခြင်း၊ စမ်းသပ်ခြင်း၊ လက်နက်များစုပုံခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ခြင်း၊ အသုံးပြုခြင်း သို့မဟုတ် အသုံးပြုမည်ဟု ခြိမ်းခြောက်ခြင်းများကို ပိတ်ပင်တားဆီးရန် ရည်ရွယ်သည်။ ထို့ပြင် နျူကလီးယားလက်နက်ရှိသမျှကို ဖျက်ဆီး၍ ကမ္ဘာပေါ်တွင် နျူကလီးယားလက်နက် လုံးဝမရှိတော့အောင် ရည်ရွယ်ပါသည်။

အမှား၏အစ

၁၉၄၅ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် နယူးမက်ဆီကိုသဲကန္တာရတွင် အမေရိကန်သိပ္ပံပညာရှင်များက ကမ္ဘာ့ပထမဦးဆုံး နျူကလီးယားဗုံးကို စမ်းသပ်ဖောက်ခွဲခြင်းဖြင့် အဏုမြူခေတ်(Atomic age)ကို စတင်ခဲ့သည်။

ကမ္ဘာ့ကြေကွဲဖွယ်ရာအကောင်းဆုံးဖြစ်ရပ်ကြီး

ဒုတိယကမ္ဘာစစ်တွင် ၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် အမေရိကန်က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့ လစ်တဲဘွိုင်း (The Little boy)အမည်တွင်သည့် အဏုမြူဗုံးကို ကြဲခဲ့သည်။ အဆောက်အအုံပေါင်း ၅၀၀၀၀၊ လူပေါင်း ၇၅၀၀၀ ပျက်စီးဆုံးရှုံးခဲ့သည်။ တစ်ဖန် သုံးရက်အကြာ ဩဂုတ် ၉ ရက်တွင် လူဝကြီး (Fat Man)

ခေါ်သည့် အဏုမြူဗုံးကို နာဂါစကီမြို့ပေါ်သို့ ကြဲချခဲ့ရာ မြို့၏ ၆၀ ရာခိုင်နှုန်းပျက်စီး၍ လူပေါင်း ၃၅၀၀၀ သေဆုံးခဲ့သည်။

နောက်ဆက်တွဲဆိုးကျိုးများ

ဟီရိုရှီးမားနှင့် နာဂါစကီ အဏုမြူဗုံးကြောင့် သေဘေးမှလွတ်ခဲ့သော်လည်း နှစ်ပေါင်းများစွာ ရေဒီယိုသတ္တိကြွအဆိပ်သင့်မှုဖြင့် လူအမြောက်အမြား သွေးကင်ဆာအပါအဝင် ရောဂါများခံစားခဲ့ကြရသည်။ ၁၉၅၄ ခုနှစ်တွင် ပစိဖိတ်သမုဒ္ဒရာအတွင်း နျူကလီးယားစမ်းသပ် ဖောက်ခွဲမှုများကြောင့် “ကံကောင်းသောနဂါး”(Lucky Dragon) ဂျပန်ငါးဖမ်းသင်္ဘောမှ သင်္ဘောသားတစ်ယောက်သည် ရေဒီယိုသတ္တိကြွမှုကြောင့် ရောဂါခံစား၍ ခုနစ်ရက်အကြာတွင် သေဆုံးခဲ့သည်။

တစ်ကမ္ဘာလုံးဆန့်ကျင်ကြပြီ

၁၉၈၂ ခုနှစ် ဇွန် ၁၂ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကမ္ဘာ့အကြီးဆုံး နျူကလီးယားဆန့်ကျင်ဆန္ဒပြပွဲကြီးပြုလုပ်ခဲ့သည်။ လူတစ်သန်းကျော်ပါဝင်ခဲ့သဖြင့် အထင်ကရဖြစ်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ယူနိုဒါ (UNODA-United Nations Office of Disarmament) ကိုဖွဲ့စည်း၍ ကမ္ဘာတစ်ဝန်း နျူကလီးယားစမ်းသပ်မှုများ၊ လက်နက်ထုတ်လုပ်မှုများကို ဆန့်ကျင်ခဲ့သည်။

ကမ္ဘာကြီးငြိမ်းချမ်းဖို့ အားလုံးကြိုးပမ်းစို့

နျူကလီးယားလက်နက် အပြီးတိုင်ဖျက်သိမ်းရေးသည် ကမ္ဘာငြိမ်းချမ်းရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ပေသည်။ ထိုလုပ်ငန်း ပြီးမြောက်အောင်မြင်ရေးအတွက် နည်းလမ်းတစ်ခုတည်းနှင့် ဆောင်ရွက်နိုင်မည်မဟုတ်သဖြင့် တတ်စွမ်းသမျှ နည်းလမ်းပေါင်းစုံဖြင့် အစွမ်းကုန် ကြိုးပမ်းအားထုတ်ကြရမည်သာဖြစ်ပါသည်။ ဆွေးနွေးပွဲများ၊ ညီလာခံများ၊ ပြပွဲပြိုင်ပွဲ အထိမ်းအမှတ်ပွဲများ၊ စာအုပ်စာစောင်များထုတ်ဝေခြင်း၊ တက္ကသိုလ်ကောလိပ်များတွင် လမ်းညွှန်ခြင်း၊ ပို့ချခြင်း၊ စာနယ်ဇင်းမီဒီယာ၊ အသံလွှင့်ခြင်းနှင့် အခြားဖြစ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့်နှင့် နျူကလီးယားလက်နက်များ ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းကြရမည်သာဖြစ်သည်။

ထို့ပြင် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကုလသမဂ္ဂက နှစ်စဉ် ဩဂုတ် ၂၉ ရက်ကို အပြည်ပြည်ဆိုင်ရာနျူကလီးယား စမ်းသပ်မှုဆန့်ကျင်ရေးနေ့ (International Day Against Nuclear Test) သတ်မှတ်ကာ နျူကလီးယားလက်နက် အပြီးတိုင်ပပျောက်ချုပ်ငြိမ်းရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။

သို့ပါ၍ ကမ္ဘာငြိမ်းချမ်းရေးအတွက် ဘက်စုံထောင့်စုံက တစ်ကမ္ဘာလုံး အစွမ်းကုန်ကြိုးစားရင်း နျူကလီးယားလက်နက်များ ကမ္ဘာပေါ်က အပြီးတိုင်ချုပ်ငြိမ်းရေးအတွက် လူသားအားလုံး ဝိုင်းဝန်းပါဝင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

သပြေစမ်း(မင်းလှ)